# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**လွတ်မြောက်အောင်အားထုတ်**

စိတ်ဟူသည် အဝေးသို့သွား၍ ကြံစည်တတ်သောကြောင့် ထိုစိတ်ကို အဝေးသို့မသွားအောင် ချုပ်တည်းထားအပ်၏။ ချုပ်တည်းနိုင်သူအား မာရ်၏ အနှောင်အဖွဲ့မှ လွတ်မြောက်စေ၏။ ထို့ကြောင့် အဝေးသို့တိုင် ပြေးလွှားတတ်သောစိတ်ကို ထိန်း၍ ရာဂ၊ ဒေါသ စသည်တို့မှ လွတ်မြောက်အောင် အားထုတ်ရာ၏။

**စိတ္တဝဂ်(ဓမ္မပဒ-၃၇)**


၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၃ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၇)၊ အမှတ် (၀၀၃)


# မူလခန့်မှန်းခြေနှင့် ပြုပြင်ပြီးခန့်မှန်းခြေတို့မှာ များစွာမကွာသင့်သည်ကိုလည်း ဂရုပြု တင်ပြတောင်းခံမှုများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် ရှင်းလင်းတင်ပြကြရန်လို

**နေပြည်တော် အောက်တိုဘာ ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် (၃/၂၀၁၇)အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေ နှင့် ဦးဟင်နရီဗန်ထီးယူ၊ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ယနေ့ကျင်းပသည့် ဘဏ္ဍာရေးကော်မရှင် (၃/၂၀၁၇)ကြိမ်မြောက် အစည်းအဝေးတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို အတည်ပြုပေးရန်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို အတည်ပြုထောက်ခံ၍ ပြည်ထောင်စုလွှတ်တော်သို့ပေးပို့နိုင်ရေး ဆွေးနွေးဆုံးဖြတ်ကြရန်ဖြစ်ပါကြောင်း။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

**မျှော်မှန်းထားသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ရရှိနိုင်ရန် နိုင်ငံတော်ဘတ်ဂျက်အပါအဝင် နိုင်ငံတော်အတွင်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာအောင် ဆောင်ရွက်ရမည်ဖြစ်**



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် (၃/၂၀၁၇) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ်၏ ဖိတ်ကြားချက်အရ ဘရူနိုင်းဒါရုဆလမ်နိုင်ငံသို့ မကြာမီသွားရောက်မည်

**နေပြည်တော် အောက်တိုဘာ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနယ်လ် ဘိုကီးယား မူအစ်ဇာဒင် ဝါဒူလာ၏ ဖိတ်ကြားချက်အရ ဘရူနိုင်းဘုရင်၏ နန်းမွေဆက်ခံသည့် နှစ် (၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆာရီဘီဂါဝန်မြို့သို့ မကြာမီကာလအတွင်း သွားရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဟောင်ကောင်တက္ကသိုလ်၏ အုပ်ချုပ်ရေးဆိုင်ရာအကြီးအကဲနှင့် ဧည့်သည်အား လက်ခံတွေ့ဆုံ

(စာ » ၅)

## နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများ မောင်တောဒေသသို့ သွားရောက်ကြည့်ရှုလေ့လာ

**စစ်တွေ အောက်တိုဘာ ၂**

ရခိုင်ပြည်နယ် မောင်တောဒေသသို့ သွားရောက်ကြည့်ရှုလေ့လာရန် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးဝင်းခိုင်၊ ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် ဦးစိုးအောင်၊ ပြည်နယ်ဝန်ကြီးများ၊ ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ပြည်တွင်း/ပြည်ပ သတင်းမီဒီယာသမားများသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့မှ စစ်တွေမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

ထို့နောက် အဖွဲ့သုံးဖွဲ့ခွဲကာ စစ်တွေလေဆိပ်မှ ရသေ့တောင်မြို့နယ်ရှိ အစ္စလာမ်ဘာသာဝင်များနေထိုင်သည့် အနောက်ပြင်ကျေးရွာနှင့် ရခိုင်တိုင်းရင်းသားများနေထိုင်သည့် ရွှေလောင်းတင်ကျေးရွာတို့သို့ သွားရောက်ပြီး အစ္စလာမ်ဘာသာဝင်များ၊ ရခိုင်တိုင်းရင်းသားများနှင့် တွေ့ဆုံ၍ လတ်တလောစားဝတ်နေရေးအခက်အခဲများ၊ ပညာရေးနှင့် ကျန်းမာရေးအခြေအနေများကို လွတ်လပ်ပွင့်လင်းစွာ မေးမြန်းကြသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ❁




မြန်မာ့အလင်း

# ကျိုးကြောင်းဆီလျော်သော အဖြေနှင့် ကျိုးကြောင်းဆီလျော်သော ချဉ်းကပ်မှု


ကုလသမဂ္ဂဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ် မာဆွတ်ဘင်မိုမန်းက ၎င်း၏ အဆိုအရ ကျိုးကြောင်းဆီလျော်သော အဖြေရရှိသည်အထိ ရခိုင်ပြည်နယ်အရေးကိစ္စအပေါ် အာရုံစိုက်မှု မပြောင်းလဲရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအား တောင်းဆိုကြောင်း ကြားသိရပါသည်။ ဤစကားကို မြန်မာနိုင်ငံအပေါ် စဉ်ဆက်မပြတ် ဖိအားပေးရန်ဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် နယ်စပ်မျဉ်း၏ တစ်ဖက်တစ်ချက်၌ တည်ရှိနေသော အိမ်နီးချင်းနိုင်ငံများ ဖြစ်ပါသည်။ ဖြစ်သင့်ဖြစ်ထိုက်သည်မှာ အဆိုပါ ပုဂ္ဂိုလ်၏တင်ပြပုံနည်းများအတိုင်း တင်ပြရပါက ကျိုးကြောင်းဆီလျော်သော အဖြေမရမချင်း အိမ်နီးချင်းနိုင်ငံတို့အကြား အဆက်မပြတ်ထိတွေ့ညှိနှိုင်း ဆွေးနွေးသွားမည်ဆိုသည် မျိုးသာ ဖြစ်သင့်ပါသည်။ ဤချဉ်းကပ်ပုံက မိတ်ဆွေသဘောဆောင်သော၊ အပြုသဘောဆောင်သော ချဉ်းကပ်ပုံမျိုးဖြစ်မည်ဖြစ်ပါသည်။ ကုလသမဂ္ဂဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ် မာဆွတ်ဘင်မိုမန်း တင်ပြသော စဉ်ဆက်မပြတ် ဖိအားပေးပါဟူသည့် ချဉ်းကပ်ပုံသည် အနိမ့်ဆုံးအဆင့် ယုံကြည်မှုကင်းမဲ့သော (တစ်နည်း) အနုတ်လက္ခဏာဆောင်သော ချဉ်းကပ်မှုမျိုးဖြစ်သည်။

အပြစ်မဲ့ပြည်သူတို့၏ အသက်ကို ညှာတာမှုကင်းမဲ့စွာ စတေးရဲသော အကြမ်းဖက်သမားတို့၏ အန္တရာယ်ကို အပြည့်အဝကာကွယ်ပေးနိုင်သော အစိုးရဟူသည် ကမ္ဘာပေါ်၌ မရှိပါ။ အဘယ်ကြောင့်ဆိုသော် အကြမ်းဖက်သမားတို့သည် လူသားတို့၏ တည်ရှိမှုကို လုံးဝတန်ဖိုးထားခြင်း မရှိသကဲ့သို့ လူသားတို့၏ ကျင့်ဝတ်ဂုဏ်သိက္ခာဆိုသည်ကိုလည်း လုံးဝလျစ်လျူရှုထားသူများဖြစ်သောကြောင့် ဖြစ်ပါသည်။ အကြမ်းဖက်သမားတို့ မလုပ်ရဲသော ကိစ္စဟူ၍မရှိ၊ တခြားဘာသာဝင်တို့၏ ကိုးကွယ်ယုံကြည်ရာကိုလည်း စော်ကားမော်ကား ပြုနိုင်ပါသည်။ သမိုင်းဝင်အမွေအနှစ်တို့ကိုလည်း ဖျက်ဆီးနိုင်ပါသည်။ အကြမ်းဖက်သမားတို့၏ အန္တရာယ်သည် ဤမျှထင်ရှားပါလျက် ကုလသမဂ္ဂဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်က "မွတ်စလင်ဘာသာဝင်တို့က မွတ်စလင်ဘာသာဝင်တို့ကို သတ်ဖြတ်ခြင်း သို့မဟုတ် မွတ်စလင်ဘာသာဝင်တို့က ဟိန္ဒူဘာသာဝင်တို့ကို သတ်ဖြတ်ခြင်း"တို့အတွက် အကြမ်းဖက်သမားတို့ကို အပြစ်မဆို၊ မြန်မာနိုင်ငံအစိုးရ၌ တာဝန်ရှိသည်ဟု ပြောဆိုလိုက်ခြင်းသည် ၎င်း၏ အဆိုအတိုင်းပြောရပါက ကျိုးကြောင်းဆီလျော်သော အဖြေရရှိရေးကို လုံးဝလမ်းချော်သွားစေသည့် စကားတို့သာဖြစ်ပါသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရသည် ရခိုင်ပြည်နယ်မှ ထွက်ပြေးလာသည်ဆိုသော ဘင်္ဂါလီမျိုးနွယ်တို့အား နေထိုင်ခွင့်ပြုထားသည့် နေရာမှအပ သွားလာခွင့်မပြုသကဲ့သို့ အကြမ်းဖက်သမားတို့နှင့်ဆက်စပ်မှုကို ကာကွယ်ရန် တယ်လီဖုန်း SIM Card ကိုပင် ရောင်းချခွင့်မပြုဟုကြားသိရပါသည်။ ဒုက္ခသည်ဆိုသော ဤဘင်္ဂါလီမျိုးနွယ်တို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတို့နှင့် မျိုးရိုးဗီဇတူညီသကဲ့သို့ ကိုးကွယ်ယုံကြည်ရာဘာသာလည်း တူညီကြပါသည်။ တစ်နည်းအားဖြင့်ဆိုသော် နယ်ခြားမျဉ်း၏ တစ်ဖက်တစ်ချက်သို့ ရောက်ရှိနေသော သွေးသားရင်းချာများဖြစ်ပါသည်။ သွေးသားရင်းချာတို့ကြား၌ပင် အကြမ်းဖက်သမားတို့၏ အန္တရာယ်ကို စိုးရိမ်ရသည်ဆိုပါက ရခိုင်ပြည်နယ်ရှိ မတူကွဲပြားသော လူ့အသိုင်းအဝိုင်းတို့အကြား အကြမ်းဖက်သမားတို့၏ အန္တရာယ်ကို စိုးရိမ်ခြင်းသည် ကျိုးကြောင်းဆီလျော်သော ဖြစ်ရပ်သာဖြစ်ပါသည်။မတူကွဲပြားသော လူ့အသိုင်းအဝိုင်းတို့အကြား အတိမ်းအစောင်းမခံသော သိပ်မွေ့သည့်အနေအထားအား ဘင်္ဂလားဒေ့ရှ်နိုင်ငံက အသိအမှတ်ပြုရန် ပျက်ကွက်နေခြင်းကို ထောက်ပြလိုရင်းဖြစ်ပါသည်။ ကျိုးကြောင်းဆီလျော်သော အဖြေတို့အား ရရှိလိုပါက ကျိုးကြောင်းဆီလျော်သော ချဉ်းကပ်ပုံတို့ကို ဆုပ်ကိုင်ရမည်ဖြစ်ကြောင်း လေးနက်စွာ တင်ပြအပ်ပါသည်။ ။



ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် သမဝါယမ အသင်းစု၏ မြို့နယ်အတွင်းရှိ သမဝါယမအသင်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂ ရက်က မြို့နယ်သမဝါယမ အသင်းစု အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဝါယမအသင်းဉက္ကဋ္ဌ ဦးလှိုင်စိုး အမှာစကားပြောကြားစဉ် (ဝ၅၆)




# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂**

မနက်ဖြန်အထိ ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် နေရာကွက်ကျား၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(မိုး/ဇလ)

# မော်ကျွန်းတာဝတိံသာ ဘုရားဆင်းပွဲတော် စည်ကားသိုက်မြိုက်ရေးကြိုတင်ပြင်ဆင်

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၂**

(၈၅)ကြိမ်မြောက် မော်လမြိုင်ကျွန်းမြို့ တာဝတိံသာမြတ်စွာဘုရား ဝါကျွတ် တာဝတိံသာဘုရား ဆင်းပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၃ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်အထိ ဧရာဝတီတိုင်းဒေသကြီးတွင် အစည်ကားဆုံးပွဲတော်အဖြစ် တာဝတိံသာ ဘုရားဆင်းပွဲတော် ကျင်းပရေး ဂေါပကအဖွဲ့က ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည်။

ယင်းတာဝတိံသာဘုရားဆင်းပွဲတော်ဖွင့်ပွဲကို သီတင်းကျွတ်လဆန်း ၁၄ ရက်တွင်လည်းကောင်း၊ သီတင်းကျွတ်လပြည့်နေ့တွင် ဆီမီးတစ်ထောင်၊ သစ်သီးတစ်ထောင်၊ ပန်းတစ်ထောင် ကပ်လှူပူဇော်ပွဲ၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်တွင် မြတ်စွာဘုရားအား မီးမောင်းစုံတို့ဖြင့် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းများမှ ဆင်းသက်ကြွမြန်း အပူဇော်ခံရာ ယိမ်းအကများဖြင့် ပူဇော်ကြသည်။

ထို့နောက် သီတင်းကျွတ်လပြည့်ကျော် ၂ ရက်တွင် မြတ်စွာဘုရားသည် မြို့ပေါ်ရှိ ကျောင်းပေါင်း ၄၅ ကျောင်း၊ သံဃာတော်အပါး ၈၀၀ ကျော်လိုက်ပါပြီး မော်လမြိုင်ကျွန်း မြို့ပေါ်ရပ်ကွက်များသို့ ဒေသစာရီ ကြွချီ အပူဇော်ခံမည်ဖြစ်သည်။

မော်ကျွန်း-မြင့်အောင်

# သီးနှံများ အောင်မြင်စွာစိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆည်ရေစုဆောင်းထားရှိမှု အသိပေးနှိုးဆော်ထား

**နေပြည်တော် အောက်တိုဘာ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် သီးနှံများ အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ရေရရှိရေး နည်းလမ်းမျိုးစုံဖြင့် ဆောင် ရွက်လျက်ရှိပြီး တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် စိုက်ပျိုးရေ ပေးဝေနိုင်ရေး ရည်ရွယ်တည်ဆောက် ထိန်းသိမ်းထားသည့် ရေလှောင်တမံများတွင် ယခင်နှစ် က ရေလှောင်တမံ ၁၄၇ ခု၌ သိုလှောင် ရေ ဧကပေပေါင်း ၁၀ ဒသမ ၉ သန်းခန့် သိုလှောင်နိုင်ခဲ့ပြီး ယခုနှစ်တွင် ရေလှောင်တမံ ၁၆၇ ခု၌ စက်တင်ဘာ ၂၀ ရက်အထိ သိုလှောင်ရေ ဧကပေပေါင်း ၁၂ ဒသမ ၅ သန်းကျော်ခန့် သိုလှောင် ထားနိုင်သည့်အတွက် ယခင်နှစ်ထက် ဧကပေ ၁ ဒသမ ၆ သန်းကျော်ပိုမို သိုလှောင်ထားရှိနိုင်ခဲ့သည်။

ယခုနှစ်တွင် ဆည်ရေသောက်ဧရိယာများအတွင်း ဆည်ရေပေးဝေ၍ စိုက်ပျိုးထားသော မိုးစပါးဧက ၁၂ သိန်းခန့် အောင်မြင်ဖြစ်ထွန်းသည်အထိ စိုက်ပျိုးရေ ပေးဝေလျက်ရှိနေသည့်အပြင် ယခုနှစ်တမံများအတွင်း လက်ရှိသိုလှောင်ထားသည့်ရေဖြင့် ယခင်နှစ်က ရေပေးဝေစိုက်ပျိုးခဲ့သည့် နွေစပါးစိုက်ဧက ကိုးသိန်းကျော်ထက် စိုက်ဧက သုံးသိန်းခန့် ပိုမိုတိုးချဲ့လျာထားပြီး ဧက ၁၂ သိန်း စိုက်ပျိုးရန် ရေပေးဝေသွားနိုင်မည်ဖြစ်သည်။

သီးနှံများ စိုက်ပျိုးရာတွင် စိုက်ပျိုးရေကို ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် လည်းကောင်း၊ ဈေးကွက်ဝင်သီးနှံများ ရွေးချယ်စိုက်ပျိုး ထုတ်လုပ်နိုင်ရန်အတွက် လည်းကောင်း၊ ဒေသအလိုက်၊ ကွင်းအလိုက် ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီပြီး စိုက်ပျိုးရန် သင့်လျော်သော သီးနှံပုံစံအတွဲများကို တောင်သူလယ်သမား အစုအဖွဲ့များ၊ သက်ဆိုင်ရာ စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ ညှိနှိုင်းဆွေးနွေး၍ စိုက်ပျိုးထုတ်လုပ်သွားနိုင်ရန် လိုအပ်သည်။

နွေစပါးသီးနှံအပါအဝင် အခြားသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် စိုက်ပျိုးရေရယူ သုံးစွဲနိုင်ရေးနှင့် သီးနှံမျိုးစေ့နှင့် စိုက်ပျိုးနည်းပညာ အကူအညီများ ရယူလိုပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီး ဌာနရုံးများသို့ ဆက်သွယ်၍ လိုအပ်သလို ညှိနှိုင်းစီစဉ်ဆောင်ရွက်နိုင်ကြောင်း အသိပေးနှိုးဆော်ထားကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

(သတင်းစဉ်)

# ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂-၁၀-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၆၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၂၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၀၀/၇၃၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၀၀/၇၅၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၅၀/၇၉၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၃၀/၇၆၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ | ・၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၄ | ・၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၃ | ・၅ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ・၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ | ・၇ |
| တရုတ် | တစ်ယွမ် | ၂၀၄ | ・၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၃ | ・၃ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် (၃/၂၀၁၇)အစည်းအဝေးကျင်းပစဉ် (သတင်းစဉ်)

*✻ ရှေ့ဖုံးမှ*

၂၀၁၇ ခုနှစ် မတ် ၂၄ ရက်တွင် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယခုအခါ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပထမခြောက်လ ကျော်လွန်လာခဲ့ပြီ ဖြစ်ပါကြောင်း၊ ပထမခြောက်လတာကာလအတွင်း ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များက ၎င်းတို့၏ အရအသုံးအခြေအနေပေါ်မူတည်၍ ဖြည့်စွက်ခွင့်ပြုငွေများ တင်ပြတောင်းခံလာခြင်းကြောင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရ



ဒုတိယသမ္မတ ဦးမြင့်ဆွေ

အဖွဲ့က ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်ဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၃ နှင့်အညီ တင်သွင်းရမည် ဖြစ်ပါကြောင်း။

**လျာထားဆောင်ရွက်**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးများကို အောက်တိုဘာလအတွင်း ကျင်းပရန်ရှိသည့်အတွက် ယခုဥပဒေကြမ်းကို အောက်တိုဘာ ဒုတိယပတ်အတွင်းတွင် လွှတ်တော်သို့ပေးပို့ရန် လျာထားဆောင်ရွက်မည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများက တင်ပြလာသည့် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဦးစွာစိစစ်ခဲ့ပြီး ဒုတိယသမ္မတက ထပ်ဆင့်စိစစ်ထားပြီးဖြစ်ပါကြောင်း၊ အလားတူ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကိုလည်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဒုတိယသမ္မတက စိစစ်ထားပြီးဖြစ်ပါကြောင်း။

ဒုတိယသမ္မတများ စိစစ်ပြီးသည့် ဘဏ္ဍာငွေအရအသုံးစာရင်းများအရ ပြုပြင်ပြီး ခန့်မှန်းခြေအရအသုံးစာရင်းတွင် လိုငွေကျပ် ၃၉၉၅ ဒသမ ၇၉၅ ဘီလီယံ ဖြစ်ပေါ်သည်ကို တွေ့ရပါကြောင်း၊ မူလခန့်မှန်းခြေအရအသုံးစာရင်း လိုငွေမှာ ငွေကျပ် ၃၉၈၉ ဒသမ ၅၆၈ ဘီလီယံဖြစ်သည့်အတွက် လိုငွေကျပ် ၆ ဒသမ ၂၂၇ ဘီလီယံ ပိုမိုလာခဲ့ပါကြောင်း၊ လိုငွေနှင့် ဂျီဒီပီအချိုးမှာ မူလခန့်မှန်းခြေတွင် ၄ ဒသမ ၃၇ ရာခိုင်နှုန်းဖြစ်ပြီး ပြုပြင်ပြီး ခန့်မှန်းခြေတွင် ၄ ဒသမ ၃၈ ရာခိုင်နှုန်း ဖြစ်ပါကြောင်း။

**မဖြစ်မနေခွင့်ပြုပေးခဲ့**

ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို စိစစ်ရာတွင် လိုငွေအနည်းငယ် ပိုမိုသွားရခြင်းမှာ တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုအချို့ကို အဆင့်ဆင့်စိစစ်ပြီးမှ ခွင့်ပြုသင့်သော အသုံးစရိတ်များကို ခွင့်ပြုပေးခဲ့ခြင်းကြောင့် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်နှင့် ရခိုင်ပြည်နယ် ခြံစည်းရိုးကိစ္စ၊ မေယုတောင်တန်း ဆက်သွယ်ရေးလမ်းကြောင်းများ ဖောက်လုပ်ရေးကိစ္စ စသည့် အသုံးစရိတ်များကဲ့သို့ မဖြစ်မနေခွင့်ပြုပေးခဲ့သည့် အသုံးစရိတ်များလည်း ပါဝင်ပါကြောင်း။

နိုင်ငံခြားငွေလဲလှယ်နှုန်းကွာခြားမှုတွင် လိုငွေကို တောင်းခံကြခြင်း၊ ထပ်မံခန့်အပ်မည့် ဝန်ထမ်းအသစ်များအတွက် လစာငွေ၊ မြေယာလျော်ကြေး၊ နိုင်ငံတော်သို့ပေးဆောင်ရမည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေ စသည်တို့ကို အဓိကထား တောင်းခံကြသည်ကို တွေ့ရပါကြောင်း၊ ထပ်မံရရှိလာမည့် ပြည်ပအကူအညီရငွေ၊ ပြည်ပချေးယူရငွေများ အတွက်ကိုလည်း ထပ်မံလျာထားခွင့်ပြုထားပါကြောင်း။

**ပြည်ထောင်စုကထောက်ပံ့**

တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း ဘက်ညီဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြီး ပြည်ထောင်စုက ထပ်မံခွဲဝေပေးသည့် အခွန်ဝေစုများအပါအဝင် မူလခန့်မှန်းခြေတွင် ပြည်ထောင်စုက ထောက်ပံ့ပေးထားသည့်ငွေထက် ငွေကျပ် ၁၅ ဒသမ ၃၄၄ ဘီလီယံ ပိုမိုထောက်ပံ့ပေးရန် လျာထားသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

လိုငွေပမာဏများပြားသည်နှင့်အမျှ နိုင်ငံတော်၏ ပြည်တွင်းကြွေးမြီဝန်ထုပ်ဝန်ပိုး တစ်နှစ်ထက်တစ်နှစ် ပိုမိုလာမည်ကို ရှောင်ရှားနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့က မူလခန့်မှန်းခြေအတိုင်း လိုငွေနှင့် ဂျီဒီပီအချိုးကို ၅ ရာခိုင်နှုန်းထက် ကျော်လွန်မှုမရှိစေရန် ထိန်းသိမ်းဆောင်ရွက်မည် ဖြစ်ပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း (GDP growth rate) ကို ၇ ရာခိုင်နှုန်း ရရှိစေရန် မျှော်မှန်းထားပါကြောင်း၊ ကမ္ဘာ့ဘဏ်က ၇ ရာခိုင်နှုန်း ခန့်မှန်းထားပြီး အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က ၇ ဒသမ ၅ ရာခိုင်နှုန်း၊ အာရှဖွံ့ဖြိုးရေးဘဏ်က ၈ ဒသမ ၃ ရာခိုင်နှုန်း ခန့်မှန်းထားကြောင်း သိရပါကြောင်း၊ မျှော်မှန်းထားသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ရရှိနိုင်ရန် နိုင်ငံတော်ဘတ်ဂျက်အပါအဝင် နိုင်ငံတော်အတွင်း ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**အလေအလွင့်မရှိအောင်သုံးစွဲ**

ပြည်ထောင်စုအစိုးရအဖွဲ့၏ တစ်နှစ်ခွဲတာကာလအတွင်း ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများအားလုံး၏ ပြည်သူ့ဘဏ္ဍာငွေ သုံးစွဲမှုများကို ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အလေအလွင့်မရှိအောင် သုံးစွဲရေးကို အလေးထားကြပ်မတ်ဆောင်ရွက်ခဲ့ပါကြောင်း။

လွှတ်တော်အသီးသီး၏ ဝိုင်းဝန်းထိန်းသိမ်းစောင့်ကြည့်ကြပ်မတ်မှုများကိုလည်း ပူးပေါင်းဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း။

**ဝိုင်းဝန်းဆွေးနွေး**

နိဂုံးချုပ်အနေဖြင့် ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုနှင့် စိစစ်မှု၊ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ထပ်မံထောက်ပံ့ရမည့် ထောက်ပံ့ငွေ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့အပေါ် ဝိုင်းဝန်းဆွေးနွေးပြီး အတည်ပြုပေးနိုင်ရန် ပြောကြားလိုပါကြောင်း ပြောကြားသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ

**ဖြည့်စွက်ခွင့်ပြု**

ထို့နောက် ဘဏ္ဍာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို စိစစ်ရာတွင် သာမန်အသုံးစရိတ်တွင် ငွေကျပ် ၁၀၀၈ ဒသမ ၃၃၅ ဘီလီယံ၊ ငွေလုံးငွေရင်း အသုံးစရိတ်တွင် ငွေကျပ် ၇၂၇ ဒသမ ၂၀၉ ဘီလီယံ၊ ကြွေးမြီအသုံးစရိတ်တွင် ငွေကျပ် ၂၀၁ ဒသမ ၇၃၉ ဘီလီယံ၊ လုပ်ငန်းသုံးရင်းနှီး ငွေတွင် ငွေကျပ် ၅၅၂ ဒသမ ၃၄၂ ဘီလီယံနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပတွင်ဆောင်ရွက်သောဌာန၊ အဖွဲ့အစည်းများ၏တိုးမြှင့်သုံးစွဲငွေတွင် ငွေကျပ် ၅၅ ဒသမ ၁၁၂ ဘီလီယံ၊ စုစုပေါင်း ဖြည့်စွက်ခွင့်ပြုတောင်းခံမှုငွေကျပ် ၂၅၄၄ ဒသမ ၇၃၇ ဘီလီယံဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများမှ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခဲ့မှုများကို စိစစ်ခဲ့ရာ သာမန်အသုံးစရိတ်ပိုင်းတွင် ဝင်ငွေခွန်၊ နိုင်ငံတော်သို့ထည့်ဝင်ငွေ၊ ကုန်သွယ်လုပ်ငန်းခွန်များနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲမှုကြောင့် လိုအပ်လာသည့် အသုံးစရိတ်များ၊ အမှန်လိုအပ်သောလစာ၊ ပင်စင်၊ ခရီးစရိတ်၊ အတိုးပေးငွေများ၊ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေတွင် ပါဝင်ပြီးရန်ပုံငွေ မလုံလောက်သည့်ကိစ္စများနှင့် ယခုဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးနိုင်မည့်ကိစ္စများကိုသာ စိစစ်ခွင့်ပြုခဲ့ပါကြောင်း။

ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများ၏ မူလခန့်မှန်းခြေ အသုံးစရိတ် ငွေကျပ် ၂၀၅၉၄ ဒသမ ၁၆၅ ဘီလီယံဖြစ်ပြီး ဖြည့်စွက်ခွင့်ပြုငွေကျပ် ၂၅၄၄ ဒသမ ၇၃၇ ဘီလီယံအပါအဝင် ပြုပြင်ပြီး ခန့်မှန်းခြေအသုံးစရိတ်မှာ ငွေကျပ် ၂၂၈၃၀ ဒသမ ၇၂၇ ဘီလီယံဖြစ်ပါကြောင်း၊ ရငွေဘက်တွင် မူလခန့်မှန်းခြေရငွေသည် ငွေကျပ် ၁၆၆၀၄ ဒသမ ၅၉၇ ဘီလီယံဖြစ်ပြီး ပြုပြင်ပြီး ခန့်မှန်းခြေရငွေသည် ၁၈၈၃၄ ဒသမ ၉၃၂ ဘီလီယံ ဖြစ်ပါကြောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းအရ လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၄ ဒသမ ၃၈ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ မူလခန့်မှန်းခြေ လိုငွေနှင့် ဂျီဒီပီအချိုး ၄ ဒသမ ၃၇ ရာခိုင်နှုန်းထက် အနည်းငယ်သာ ပိုမိုမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက တိုင်းဒေသကြီး၊ ပြည်နယ်များ၏ မူလခန့်မှန်းခြေလိုငွေကျပ် ၁၇၀၇ ဒသမ ၅၈၀ ဘီလီယံကို ပြည်ထောင်စုမှ ထောက်ပံ့ငွေအဖြစ် ခွင့်ပြုပေးခဲ့ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေအဖြစ် စုစုပေါင်းငွေကျပ် ၃၂ ဒသမ ၂၀၀ ဘီလီယံကိုလည်း ဥပဒေနှင့်အညီ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးခဲ့ပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှု၊ စိစစ်လျှော့ချမှုနှင့် ခွင့်ပြုထားရှိမှုအခြေအနေများမှာ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုငွေကျပ် ၃၁၆ ဒသမ ၄၄၇ ဘီလီယံ၊ စိစစ်လျှော့ချမှုငွေကျပ် ၅၄ ဒသမ ၆၆၂ ဘီလီယံဖြစ်ပြီး ဖြည့်စွက်ခွင့်ပြုငွေခွင့်ပြုမှုမှာ ငွေကျပ် ၂၆၁ ဒသမ ၇၈၅ ဘီလီယံ ဖြစ်ပါကြောင်း။

**သတိချပ်စေလို**

တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများအနေဖြင့် မိမိတို့၏ ဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြရာတွင် နိုင်ငံတော်၏ဘဏ္ဍာငွေ အရအသုံးအခြေအနေအရ လိုငွေပြဘတ်ဂျက်ပုံစံဖြင့်သွားနေရသည်ကို နားလည်သိရှိပြီး နိုင်ငံတော်၏ ဘဏ္ဍာငွေရရှိနိုင်မှုအရင်းအမြစ်များအပေါ်တွင် မူတည်၍သာ သုံးစွဲရမည်ကို သတိချပ်စေလိုကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်များ၏ လိုငွေဖြစ်ပေါ်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၀ ပုဒ်မခွဲ(ဂ)ပါ ပြဋ္ဌာန်းထားချက်နှင့်အညီ ပြည်ထောင်စုက ဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း။

**ဆွေးနွေးသုံးသပ်**

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများအပေါ် စိစစ်ခွင့်ပြုထားသော ဖြည့်စွက်ခွင့်ပြုငွေ ငွေကျပ် ၂၆၁ ဒသမ ၇၈၅ ဘီလီယံနှင့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းအရ ပြည်ထောင်စုက ထပ်မံထောက်ပံ့ပေးရမည့် ငွေကျပ် ၁၅ ဒသမ ၃၄၄ ဘီလီယံတို့ကို ဘဏ္ဍာရေးကော်မရှင်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင်အတွင်းရေးမှူး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများအနက် မဖြစ်မနေ ပေးချေရမည့် အသုံးစရိတ်များ၊ နိုင်ငံတော်အတွက် ဝင်ငွေရရှိမည့်

*စာမျက်နှာ ၄ သို့*

# နှစ်နိုင်ငံအကြား ဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး ထူထောင်ရေးဆွေးနွေး


**နေပြည်တော် အောက်တိုဘာ ၂**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ပေါလစ်ဗျူရို ကော်မတီအဖွဲ့ဝင်နှင့် အမျိုးသား ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. General Ngo Xuan Lich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ညှိ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ဖော်ဆောင်ရေး၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား ဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး ထူထောင်ရေးနှင့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ပေါလစ်ဗျူရို ကော်မတီအဖွဲ့ဝင်နှင့် အမျိုးသားကာကွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E.Dr. Luan Thuy Duong လည်း တက်ရောက်သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပေါလစ်ဗျူရို ကော်မတီအဖွဲ့ဝင်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. General Ngo Xuan Lich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

---

*စာမျက်နှာ ၃ မှ*

အသုံးစရိတ်များဖြစ်သော ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေ စသည့်အသုံးစရိတ်များကို ဖြတ်တောက်မှုမပြုဘဲ ခွင့်ပြုခဲ့ပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှု အခြေအနေမှာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံရာတွင် သာမန်အသုံးစရိတ် ငွေကျပ် ၁၀၄၁ ဒသမ ၆၇၇ ဘီလီယံ၊ ငွေလုံးငွေရင်းအသုံးစရိတ် ငွေကျပ် ၇၄၇ ဒသမ ၇၂၅ ဘီလီယံ၊ ကြွေးမြီအသုံးစရိတ် ငွေကျပ် ၂၀၂ ဒသမ ၉၉၃ ဘီလီယံနှင့် လုပ်ငန်းသုံးရင်းနှီးငွေ ငွေကျပ် ၅၅၂ ဒသမ ၃၄၂ ဘီလီယံ၊ စုစုပေါင်း ငွေကျပ် ၂၅၄၄ ဒသမ ၇၃၇ ဘီလီယံဖြစ်ပါကြောင်း။

ဖြည့်စွက်ခွင့်ပြုငွေတောင်းခံသည့် အကြောင်းအရာနှင့် လုပ်ငန်းအမျိုးအစားများမှာ လစာ၊ စရိတ်ချီးမြှင့်ငွေ၊ ပင်စင်၊ အတိုးပေးငွေ၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေထပ်မံရရှိသည့် ပြည်ပအကူအညီရငွေ၊ ချေးငွေရယူခြင်းအတွက် တောင်းခံခြင်း၊ အခြားမဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း ကွာခြားမှုအရ တောင်းခံငွေတို့ ဖြစ်ပါကြောင်း။

ဒုတိယသမ္မတများ စိစစ်ပြီးသော ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို အခြေခံ၍ရေးဆွဲရရှိသည့် ပြည်ထောင်စု၏ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းမှာ စုစုပေါင်းရငွေ ငွေကျပ် ၁၈၈၃၄ ဒသမ ၉၃၂ ဘီလီယံ၊ စုစုပေါင်းသုံးငွေ ငွေကျပ် ၂၂၈၃၀ ဒသမ ၇၂၇ ဘီလီယံ၊ လိုငွေ ငွေကျပ် ၃၉၉၅ ဒသမ ၇၉၅ ဘီလီယံ ဖြစ်ပါကြောင်း၊ လိုငွေနှင့် ဂျီဒီပီအချိုး ၄ ဒသမ ၃၈ရာခိုင်နှုန်း ဖြစ်ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများအား ဒုတိယသမ္မတက စိစစ်ပြီးသည့်အခါ ငွေကျပ် ၂၆၁ ဒသမ ၇၈၅ ဘီလီယံဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ရငွေအပိုင်းတွင် မူလခန့်မှန်းခြေတွင် ငွေကျပ် ၂၄၇၄ ဒသမ ၉၄၂ ဘီလီယံ၊ ပြုပြင်ပြီးခန့်မှန်းခြေတွင် ငွေကျပ် ၂၇၁၀ ဒသမ ၈၄၅ ဘီလီယံ ဖြစ်သည့်အတွက် ငွေကျပ် ၂၃၅ ဒသမ ၉၀၃ ဘီလီယံ တိုးတက်ရရှိပါကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်သုံးငွေအပိုင်းတွင် မူလခန့်မှန်းခြေတွင် ငွေကျပ် ၂၄၇၄ ဒသမ ၉၄၂ ဘီလီယံ၊ ပြုပြင်ပြီးခန့်မှန်းခြေတွင် ငွေကျပ် ၂၇၁၀ ဒသမ ၈၄၅ ဘီလီယံ ဖြစ်သဖြင့် ငွေကျပ် ၂၃၅ ဒသမ ၉၀၃ ဘီလီယံ ပိုမိုလာပါကြောင်း၊ လိုငွေ ငွေကျပ် ၁၇၂၂ ဒသမ ၉၂၄ ဘီလီယံဖြစ်သဖြင့် မူလခန့်မှန်းခြေတွင် ပြည်ထောင်စုမှ ထောက်ပံ့ထားသည့် ငွေကျပ် ၁၇၀၇ ဒသမ ၅၈၀ ဘီလီယံအပြင် ငွေကျပ် ၁၅ ဒသမ ၃၄၄ ဘီလီယံ ထပ်မံ ထောက်ပံ့ရမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘဏ္ဍာရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရငွေ၊ အခွန်ငွေ၊ အသုံးစရိတ်၊ ငွေလုံးငွေရင်းတောင်းခံမှု၊ ဖြည့်စွက်ရန်ပုံငွေတောင်းခံမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုက နောက်ထပ်ဘဏ္ဍာငွေများ ခွဲဝေပေးမှုမှာ အဓိကအားဖြင့် မူလခွင့်ပြုချက်ရရှိပြီး မဖြစ်မနေသုံးစွဲရန် ထပ်မံလိုအပ်သည့် အသုံးစရိတ်များ၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် အချိန်မီပြီးစီးနိုင်ရန်အလို့ငှာ သုံးစွဲရသည့် အသုံးစရိတ်များ၊ နိုင်ငံတော်တွင် ရငွေတိုးတက်ရရှိရန် သုံးစွဲရသည့် အသုံးစရိတ်များအတွက် ဖြစ်ပါကြောင်း၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံလာတိုင်း ခွင့်ပြုနိုင်မည်မဟုတ်ဘဲ ဘတ်ဂျက်လိုငွေကို ဂျီဒီပီ၏ ၅ ရာခိုင်နှုန်းထက် မကျော်လွန်စေရေး၊ မူလခန့်မှန်းငွေက လိုငွေနှင့် ဂျီဒီပီအချိုးထက် များစွာကွာဟမသွားစေရေးကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ဖြည့်စွက်ခွင့်ပြုငွေများ တောင်းခံကြရာတွင် မူလခန့်မှန်းခြေမှာ တစ်နှစ်စာခွင့်ပြု ခွဲဝေထားပြီးဖြစ်သည့်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံရန်မရှိလေ ကောင်းလေဖြစ်ပါကြောင်း၊ စီမံကိန်းအပြီးသတ်နိုင်ရန်ဖြစ်စေ၊ လုံခြုံရေးရှုထောင့်အရ အရေးကြီး၍ဖြစ်စေ၊ နိုင်ငံတော်၏ ရငွေထပ်မံတိုးတက်စေရန်အတွက်ဖြစ်စေ အသုံးစရိတ်ထပ်မံလိုအပ်သည့်အခါမှသာ တောင်းခံသင့်ပါကြောင်း၊ မူလခန့်မှန်းခြေနှင့် ပြုပြင်ပြီးခန့်မှန်းခြေတို့မှာ များစွာမကွာသင့်သည်ကိုလည်း ဂရုပြုရန်လိုအပ်ပါကြောင်း။

ဘဏ္ဍာရေးကော်မရှင်က စိစစ်ထောက်ခံပြီး ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့သည့် ဖြည့်စွက်ခွင့်ပြုငွေတင်ပြမှုစာရင်းနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို လွှတ်တော်၌ ဆွေးနွေးစဉ်မှာလည်း လွှတ်တော်၏စိစစ်ဆောင်ရွက်မှုများကို ဌာနအဖွဲ့အစည်းများက ဝိုင်းဝန်းပူးပေါင်းကူညီပေးကြရန်လိုကြောင်း၊ မိမိတို့ တင်ပြတောင်းခံမှုများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် ရှင်းလင်းတင်ပြကြရန်လိုကြောင်း၊ မူလခွင့်ပြုငွေ၊ ဖြည့်စွက်ခွင့်ပြုငွေတို့နှင့် မိမိတို့၏ စီမံကိန်း ရည်မှန်းချက်များကို အောင်မြင်ပေါက်မြောက်အောင် ကျန်ရှိနေသည့်ကာလအတွင်း နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ဦးထိပ်ထားပြီး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

**(သတင်းစဉ်)**

---

# WFP နှင့် ICRC တို့မှ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂**

ကုလသမဂ္ဂ စားနပ်ရိက္ခာအစီအစဉ် (WFP) စစ်တွေမှ ထောက်ပံ့ရိက္ခာ ပဲထောပတ်အိတ် ၂၁၆၀၊ ၁၀၈ တန် တင်ဆောင်လာသည့် မော်တော်ယာဉ် ၁၀ စီးသည် စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီ ၂၅ မိနစ်က ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့သို့ ရောက်ရှိခဲ့ပြီး နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် စစ်တွေမြို့ ရွာကြီးတောင်ရပ်ကွက်ရှိ WFP ဂိုဒေါင်သို့ ပို့ဆောင်ပေးခဲ့သည်။

အလားတူ မွန်းလွဲ ၂ နာရီခွဲတွင် WFP ထောက်ပံ့ရေး ရိက္ခာပစ္စည်းများအား IDP Camp များသို့ ပို့ဆောင်ရန် စစ်တွေမြို့ ရေကြောင်းညွှန်ကြားမှုဦးစီးဌာန ဆိပ်ကမ်းမှ စက်လှေဖြင့် တင်ဆောင်၍ မင်းပြားနှင့် မြောက်ဦးသို့ထွက်ခွာလာခဲ့ရာ အောက်တိုဘာ ၁ ရက် နံနက် ၇ နာရီခွဲတွင် မင်းပြားမြို့နယ်ရှိ အောင်တိုင်ဘင်္ဂါလီကျေးရွာသို့ ရောက်ရှိခဲ့ပြီး ဆန် ၁၃၆ အိတ်၊ ပဲခြမ်း ရှစ်အိတ်၊ ဆီ ၃၅ ဗူး၊ ဆားတစ်အိတ်နှင့် အာဟာရမှုန့် ၃၆ ဗူးတို့အား ရာအိမ်မှူး ဂျာကေထံသို့ လည်းကောင်း၊ နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် မြောက်ဦးမြို့နယ် ပုရိန်ကျေးရွာသို့ ရောက်ရှိကာ ဆန် ၃၅၄ အိတ်၊ ပဲခြမ်း ၂၃ အိတ်၊ ဆီ ၅၄ ဗူး၊ ဆား ၃ အိတ်၊ အာဟာရမှုန့် ပါကင် ၂၀ တို့အား ရာအိမ်မှူး မောင်မောင်ဇော်(ခ) ပါဒူရှားထံသို့ လည်းကောင်း၊ ညနေ ၄ နာရီ ၁၀ မိနစ်တွင် သရက်အုပ် ဘင်္ဂါလီကျေးရွာသို့ ရောက်ရှိပြီး ဆန် ၂၈၄ အိတ်၊ ပဲခြမ်း ၁၉ အိတ်၊ ဆီ ၄၄ ဗူး၊ ဆား သုံးအိတ်၊ အာရဟာမှုန့် ၆၇ ဗူးတို့အား ရာအိမ်မှူး နူမာထံသို့ လည်းကောင်း အသီးသီး ပေးအပ်ခဲ့သည်။

အလားတူ စစ်တွေမြို့ ရွှေမင်းဂံလမ်းကျေးတောကျေးရွာအနီး ICRC ဂိုဒေါင်မှ ထောက်ပံ့ပစ္စည်းများအား မောင်တောဒေသရှိ နေရပ်စွန့်ခွာ တိုင်းရင်းသားများကို ထောက်ပံ့ပေးရန် ညနေ ၄ နာရီတွင် မော်တော်ယာဉ်ခြောက်စီးဖြင့် ထွက်ခွာခဲ့ရာ ညနေ ၄ နာရီ မိနစ် ၂၀ တွင် ရွှေမင်းဂံဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပြီး မော်တော်ယာဉ် ခြောက်စီးအနက် လေးစီးပေါ်မှပစ္စည်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ လိုက်ပါလျက် ရေယာဉ်ဖြင့် ဘူးသီးတောင်ဆိပ်ကမ်းသို့ ထွက်ခွာသွားခဲ့ကြောင်း သိရှိရသည်။

ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို Red Cross Movement ဖြင့် ဆောင်ရွက်လျက်ရှိပြီး ထွက်ပြေးတိမ်းရှောင်ခဲ့ရသည့် ဒေသခံရခိုင်တိုင်းရင်းသားများ၊ ဘင်္ဂါလီလူမျိုးများ၊ ဟိန္ဒူဘာသာဝင်များ၊ မြိုနှင့် ဒိုင်းနက်ကဲ့သို့သော ဌာနေတိုင်းရင်းသားများအားလုံးကို ထောက်ပံ့ကူညီလျက်ရှိကြောင်း သိရှိရသည်။ ဩဂုတ် ၂၅ ရက်တွင် အကြမ်းဖက်တိုက်ခိုက်ခံရမှု ဖြစ်ပွားပြီးနောက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီမှုများကို ဩဂုတ် ၂၇ ရက်မှစတင်၍ ပေးအပ်ခဲ့ခြင်းဖြစ်သည်။

**(သတင်းစဉ်)**

---

# ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှ ရာထူးတိုးမြှင့်ခံရသည့် တပ်ဖွဲ့ဝင်များအား ရာထူးအဆင့်တံဆိပ်တပ်ဆင်

**စစ်တွေ အောက်တိုဘာ ၂**

ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှ ရာထူးတိုးမြှင့်ခြင်းခံရသည့် တပ်ဖွဲ့ဝင်များအား ရာထူးအဆင့်တံဆိပ် တပ်ဆင်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုး၊ ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လင်းထွဋ်နှင့် တပ်ဖွဲ့ဝင်များ၊ ရာထူးအဆင့်တိုးမြှင့်ခံရသည့် တပ်ဖွဲ့ဝင်အရာရှိများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုးက နိုင်ငံတော်ကိုယ်စား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ယုံကြည်၍ တိုးမြှင့်ပေးလိုက်သည့် ရာထူးတာဝန်အဆင့်နှင့် လျော်ညီသော အရည်အချင်း၊ အရည်အသွေး၊ တာဝန်ခံမှု၊ တာဝန်ယူမှုများ တိုးတက်အောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုးနှင့် ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လင်းထွဋ်တို့က ရာထူးတိုးမြှင့်ခြင်းခံရသည့် တပ်ဖွဲ့ဝင်များအား ရာထူးအဆင့် တံဆိပ်တပ်ဆင်ပေးကြပြီး ဒုတိယရဲမှူးကြီး မြင့်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့အခမ်းအနား၌ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး နှစ်ဦး၊ ဒုတိယရဲမှူး ငါးဦးနှင့် ရဲအုပ် ငါးဦးတို့အား ရာထူးအဆင့်တိုးမြှင့်ပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိသော သတ်မှတ်ကာလပြည့်မြောက်ပြီး အရည်အချင်းရှိသော ပေးသင့်ပေးထိုက်သည့် တပ်ဖွဲ့ဝင်များအား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တို့၏ အတည်ပြုချက်အရ တစ်ဆင့်မြင့်ရာထူး တိုးပေးလျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်မှ ရာထူးတိုးမြှင့်ခြင်းခံရသည့် တပ်ဖွဲ့ဝင်များ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်လာစေရေး၊ စံနမူနာပြဖြစ်စေရေး၊ အရာရှိငယ်များက လေးစားအားကျအတုယူစေရေးတို့အတွက် ယခုအခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း ရဲမှူးကြီး အောင်မြတ်မိုးက ပြောကြားသည်။

**တင်ထွန်း(ပြန်/ဆက်)**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဟောင်ကောင်တက္ကသိုလ်၏ အုပ်ချုပ်ရေးဆိုင်ရာ အကြီးအကဲနှင့်ဇနီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဟောင်ကောင်တက္ကသိုလ်၏ အုပ်ချုပ်ရေးဆိုင်ရာအကြီးအကဲ President and Vice Chancellor , Prof. Peter Mathieson၊ ၎င်း၏ဇနီး Dr. Christina Mathieson နှင့် ဒုတိယအုပ်ချုပ်ရေးအကြီးအကဲ Prof. Ian Holliday တို့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဟောင်ကောင်တက္ကသိုလ်နှင့် ပညာရေးဝန်ကြီးဌာနတို့အကြား ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် လုပ်ဆောင်လျက်ရှိသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများနှင့် အခြားပညာရေးဆိုင်ရာကဏ္ဍများတွင် ဟောင်ကောင်တက္ကသိုလ်အနေဖြင့် ပံ့ပိုးလုပ်ဆောင်ပေးနိုင်မည့်ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ပညာရေးစနစ် တိုးတက်ကောင်းမွန်စေရန် အထူးသဖြင့် အခြေခံပညာရေးဆိုင်ရာ သင်ကြားမှုစနစ်နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဟောင်ကောင်တက္ကသိုလ်၏ အုပ်ချုပ်ရေးဆိုင်ရာအကြီးအကဲ President and Vice Chancellor , Prof. Peter Mathieson နှင့် ဇနီးအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်** (သတင်းစဉ်)

# မောင်တောဒေသရှိ နေရပ်မစွန့်ခွာဘဲ နေထိုင်လျက်ရှိသော ကျေးရွာများသို့ ဆန်အိတ်များနှင့်အလှူငွေများ ပေးအပ်လှူဒါန်း



**မောင်တော အောက်တိုဘာ ၂**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် မိတ်ဆွေစေတနာရှင်များနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ယနေ့တွင် မောင်တောဒေသရှိ နေရပ်မစွန့်ခွာဘဲ မိမိရပ်ရွာများတွင် နေထိုင်လျက်ရှိကြသော တိုင်းရင်းသားမျိုးနွယ်စုများနှင့် ဟိန္ဒူဘာသာဝင်များအား ကျေးရွာများအရောက် ဆန်အိတ်များနှင့် အလှူငွေများကို ပေးအပ်ထောက်ပံ့ခဲ့ကြသည်။ **(အပေါ်ပုံ)**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် မိတ်ဆွေစေတနာရှင်များက လောင်းဒုံကျေးရွာအုပ်စု၊ ကြိမ်ချောင်းကျေးရွာအုပ်စု၊ ရန်အောင်မြင်(နတလ) ကျေးရွာအုပ်စု၊ သက်ကိုင်ညာကျေးရွာအုပ်စု၊ ရေနောက်ငါးသားကျေးရွာအုပ်စု၊ တမန်းသားကျေးရွာအုပ်စု၊ မင်းခမောင်းကျေးရွာအုပ်စု၊ အောင်သပြေကျေးရွာအုပ်စု၊ အင်ဒူလာ(ဗန္ဓုလ)ကျေးရွာအုပ်စုများသို့ သွားရောက်ကာ ဆန် ၁၂၀၈ အိတ်နှင့် ကျေးရွာတစ်ရွာလျှင် ငွေကျပ် တစ်သိန်းနှုန်း ထောက်ပံ့လှူဒါန်းခဲ့သည်။

ထို့အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်ဦးစီးမှူး ဦးကျော်မင်းနှင့် တာဝန်ရှိသူများကလည်း တိုင်းရင်းသားများအတွက် အလှူရှင်များက ယင်းဝန်ကြီးဌာနသို့ လှူဒါန်းရရှိထားသော အလှူငွေများထဲမှ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် တစ်သောင်းနှုန်းဖြင့် ကျေးရွာ ၄၇ ရွာမှ အိမ်ထောင်စု ၁၉၇၂ စုအတွက် ငွေကျပ် ၁၉၇၂၀၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းသို့ သွားရောက်လှူဒါန်းရာတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က နေရပ်မစွန့်ခွာဘဲ နေထိုင်လျက်ရှိသည့် ဒေသခံများအား လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများကို မေးမြန်းပြီး အားပေးစကားပြောကြားကာ မောင်တောခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထူးက ကျေးရွာများ ပြန်လည်နေရာချထားရေးနှင့်ပတ်သက်၍ လုံခြုံရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးဆိုင်ရာ ရေရှည်စီမံချက် ချဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က တိုင်းရင်းသားများ လုံခြုံစွာဖြင့် စနစ်တကျနေနိုင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လယ်ယာကိုင်းကျွန်းနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်နိုင်အောင် စီစဉ်ပေးမည်ဖြစ်ကြောင်းနှင့် တိုင်းရင်းသားများအချင်းချင်းလည်း စည်းလုံးညီညွတ်စွာ အတူတကွနေစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် ဒုတိယပြည်နယ်ပညာရေးမှူး ဦးမောင်ထွန်းဝင်းက မိဘများအနေဖြင့် သားသမီးများအား ပညာသင်ကြားရေးကို အားပေးကြစေလိုကြောင်း၊ နယ်မြေတည်ငြိမ်လာသည်နှင့်အမျှ စာသင်ကျောင်းများကို ဆက်လက်ဖွင့်လှစ်ပေးသွားရန် သင်ကြားရေး ဆရာ ဆရာမများကိုလည်း ခေါ်ယူထားပြီးဖြစ်ကြောင်း ပြောကြားသည်။

ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုခံခဲ့ရသော်လည်း နေရပ်မစွန့်ခွာဘဲ မိမိရပ်ရွာတွင် နေထိုင်လျက်ရှိသော ဒေသခံပြည်သူများအား အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် မိတ်ဆွေစေတနာရှင်များက ဆန်အိတ်များနှင့် အလှူငွေများ ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ပြီး အောက်တိုဘာ ၃ ရက်တွင်လည်း ကျန်ရှိကျေးရွာများကို သွားရောက်ထောက်ပံ့လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကြည်၊ သန့်ဇင်ဝင်း**

*※ ကျောဖုံးမှ*

ဤအကြမ်းဖက်ဖြစ်စဉ်ကို မျက်ကွယ်ပြုကာ ရေးသားပြောဆိုနေကြသော နိုင်ငံတကာအဖွဲ့အစည်းအချို့နှင့် နိုင်ငံခြားသတင်းမီဒီယာအချို့ကိုလည်း ပြတ်ပြတ်သားသားဝေဖန်ရှုတ်ချကြောင်း။

ထို့အပြင် နိုင်ငံခြားမီဒီယာအချို့သည် ဟိန္ဒူလူမျိုးများကို“ရိုဟင်ဂျာဟိန္ဒူ”ဟူသော ဝေါဟာရအသစ်အဖြစ် ခေါ်ဆိုနေကြသည်ကို သတိထားမိပါကြောင်း။

ထိုဝေါဟာရသည် မြန်မာနိုင်ငံရောက် ဟိန္ဒူဘာသာဝင်များ၏ သမိုင်းကြောင်းနှင့် ဟိန္ဒူဗဟိုကောင်စီစည်းမျဉ်းပါ လူမျိုး(၁၀)မျိုးတွင် ပါဝင်ခြင်းလည်း မရှိကြောင်း။

လူတချို့က ပြည်ပနိုင်ငံများကို လှည့်ဖြားရန်အတွက် လုပ်ကြံဖန်တီးထားသော စကားဖြစ်သဖြင့် ထိုသို့ ခေါ်ဝေါ်သုံးစွဲခြင်းမပြုရန် တိုက်တွန်းအပ်ပါကြောင်း။

မြန်မာနိုင်ငံရှိ ဘာသာပေါင်းစုံနှင့် အမြဲအေးချမ်းစွာ အတူယှဉ်တွဲနေထိုင်လေ့ရှိသော ဟိန္ဒူလူမျိုးများသည် ယခုဖြစ်စဉ်များကို ဘာသာတစ်ခုမှ နောက်ဘာသာတစ်ခုသို့ ပြုလုပ်သည်ဟု မမြင်ဘဲ အကြမ်းဖက်ဝါဒကြောင့် အပြစ်မဲ့ပြည်သူများ သေကျေဒုက္ခရောက်ရသည်ဟု ရှုမြင်ပြီး ဘာသာပေါင်းစုံမှ ညီအစ်ကိုမောင်နှမများနှင့် အမုန်းမပွား မေတ္တာမပျက် ဆက်လက်နေထိုင်ရန် တိုက်တွန်းအပ်ပါကြောင်း။

မြန်မာနိုင်ငံတစ်ဝန်းလုံးက ဟိန္ဒူဘာသာဝင်များသည် မိမိတို့နေထိုင်ရာ မြို့ရွာများရှိ ဘုရားကျောင်းများ၊ အသင်းအဖွဲ့များတွင် ယခုလို ဆုတောင်းပွဲနည်းတူ ဆုတောင်းပွဲများကို ပြုလုပ်ကြပါရန်နှင့် မိမိတို့ မှီတင်းနေထိုင်ရာ တိုင်းပြည်အပေါ် သစ္စာစောင့်သိကာ နိုင်ငံတကာသတင်းဌာနများက မေးမြန်းလာသည့်အခါ အမှန်တရားကိုသာ ရဲရဲဝံ့ဝံ့ပြောဆိုအသိပေးကြရန် တိုက်တွန်းအပ်ပါကြောင်း။

သို့ဖြစ်ပါ၍ ယခုနှစ်တွင် ကျင်းပမြဲဖြစ်သော ဟိန္ဒူဘာသာဝင်တို့၏ ဒီပါဝလီပွဲတော်ကို ယခင်နှစ်များကဲ့သို့ ပျော်ပွဲရွှင်ပွဲများနှင့် တခမ်းတနားမဆောင်ရွက်ဘဲ မိမိတို့၏ ဓလေ့ထုံးစံနှင့်အညီသာ ဘုရားရှိခိုးပူဇော်ကြရန် တိုက်တွန်းအပ်ပါကြောင်းဟု ဖော်ပြပါရှိသည်။

**(သတင်းစဉ်)**

# သီတင်းကျွတ်လပြည့်နေ့အကြို စစ်တွေမြို့ပေါ်၌ ရခိုင်ရိုးရာအရုပ်ကြီးများ စတင်လှည့်လည်

**စစ်တွေ အောက်တိုဘာ ၂**

ရခိုင်ရိုးရာအစဉ်အလာမပျက် သီတင်းကျွတ်လပြည့်နေ့၌ ဆွမ်းတော်ကြီးလောင်းလှူပွဲနှင့် ဆီမီးထွန်းပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပရန်အတွက် မြို့ပေါ်ရပ်ကွက်အသီးသီးတွင် ယနေ့နံနက်ပိုင်းမှစတင်ကာ ရခိုင်ရိုးရာအရုပ်ကြီးများဖြင့် လှည့်လည်၍ အလှူငွေကောက်ခံလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**



“ကျွန်တော်တို့ သီတင်းကျွတ်လပြည့်နေ့ ပွဲတော်အတွက် ရိုးရာအရုပ်ကြီး လှည့်လည်နေတာဖြစ်ပါတယ်။ တစ်နှစ်တစ်ခါ ကျင်းပတဲ့ သီတင်းကျွတ်ပွဲတော်အတွက် အခုလို စစ်တွေမြို့ပေါ်မှာ အရုပ်ကြီးတွေနဲ့ လှည့်လည်ပြီး အလှူငွေတွေ ကောက်ခံနေတာဖြစ်ပါတယ်”ဟု ပါဝင်လှည့်လည်သူ ကိုခင်မောင်ကျော်က ပြောသည်။

စစ်တွေမြို့နယ်လုံးကျွတ် ဆွမ်းတော်ကြီးလောင်းလှူပွဲ (ဗုဒ္ဓပူဇနိယ) ဘာသာရေးပွဲတော်ကို ရိုးရာအစဉ်အလာမပျက် ပွဲတော်ကျင်းပရေးကော်မတီမှ ဦးစီး၍ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်တို့၏ ဦးဆောင်မှုဖြင့် သီတင်းကျွတ်လပြည့်နေ့တွင် စစ်တွေမြို့ ဝင်္ကပါကွင်းကြီး၌ နံနက် ၉ နာရီတွင် ပင့်သံဃာတော်အပါး ၅၅၀ အား ဆွမ်း၊ ငါးဟင်းထုပ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို စေတနာရှင်၊ အလှူရှင်များက လောင်းလှူ သွားမည်ဖြစ်ကြောင်း မြို့နယ်လုံးကျွတ် ဆွမ်းတော်ကြီးလောင်းလှူရေး ကော်မတီဝင် တစ်ဦးက ပြောသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

❀ *ရှေ့ဖုံးမှ*

ထို့နောက် မောင်တောမြို့နယ် အတွင်းရှိ အစ္စလာမ်ဘာသာဝင်များ နေထိုင်ရာ နုရုလ္လာကျေးရွာသို့ ရောက်ရှိပြီး မိုရာမုန်တိုင်းကြောင့် ပျက်စီးနေသည့် အာရဗီစာသင်ကျောင်းနှင့် အဆိုပါနေရာအနီး မီးလောင်ပြင်ကို သွားရောက်ကြည့်ရှုကာ အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူများအား အကြမ်းဖက်မှုဖြစ်ပွားခဲ့သည့်အခြေအနေ၊ ကျေးရွာများ မီးလောင်ကျွမ်းခဲ့မှု အခြေအနေများကို မေးမြန်းကြသည်။

**လွတ်လပ်ပွင့်လင်းစွာ မေးမြန်း**

ယင်းနောက် မောင်တောမြို့နယ် ပန်းတော်ပြင်ကျေးရွာ၌ အစ္စလာမ် ဘာသာဝင်များနှင့် တွေ့ဆုံပြီး အကြမ်းဖက်မှုဖြစ်ပွားခဲ့သည့် အခြေအနေများ၊ ကျေးရွာများ မီးလောင်ပျက်စီးမှု အခြေအနေများ၊ လတ်တလောစားဝတ်နေရေးအခြေအနေများ၊ တစ်ဖက်နိုင်ငံသို့ထွက်ပြေးသွားကြသည့် အခြေအနေများကို လွတ်လပ်ပွင့်လင်းစွာ မေးမြန်းကြသည်။



သံတမန်များ ရသေ့တောင်မြို့နယ် အနောက်ပြင်ကျေးရွာရှိ ဒေသခံများအား သွားရောက်တွေ့ဆုံမေးမြန်းစဉ်

(သတင်းစဉ်)



သံတမန်များ မောင်တောမြို့နယ် နုရုလ္လာကျေးရွာ၌ ဒေသခံများအား သွားရောက်မေးမြန်းစဉ်

(သတင်းစဉ်)

**မိသားစုဝင်များနှင့်တွေ့ဆုံ**

ဆက်လက်၍ မောင်တောမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ရောက်ရှိပြီး ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်သတ်ဖြတ်မှုကြောင့် သေဆုံးသွားသည့် ရခိုင်၊ မြို၊ သက်၊ ဒိုင်းနက် တိုင်းရင်းသားများနှင့် ဟိန္ဒူဘာသာဝင်များ၏ ကျန်ရစ်သူမိသားစုဝင်များနှင့် တွေ့ဆုံ၍ မေးမြန်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် သံတမန်အဖွဲ့များ ပါဝင်သောအဖွဲ့သည် မောင်တောမြို့နယ်ရှိ ရခိုင်တိုင်းရင်းသားများ၊ ဟိန္ဒူဘာသာဝင်များနှင့် အစ္စလာမ်ဘာသာဝင်များ နေထိုင်သည့် ရွှေဇားကျေးရွာသို့ ရောက်ရှိပြီး သိရှိလိုသည်များကို လွတ်လပ်ပွင့်လင်းစွာ မေးမြန်းမှတ်တမ်းယူကြသည်။

ဆက်လက်၍ မောင်တောမြို့နယ် အတွင်းရှိ မြိုတိုင်းရင်းသားများ နေထိုင်ရာ ခုံတိုင်ကျေးရွာသို့ ရောက်ရှိပြီး အစိုးရက စားနပ်ရိက္ခာထောက်ပံ့ထားမှု၊ ARSA အစွန်းရောက်အကြမ်းဖက်သမားများက ကျေးရွာအားမီးရှို့ဖျက်ဆီးခဲ့မှုနှင့် မြိုတိုင်းရင်းသားများအား သတ်ဖြတ်ခဲ့မှုကို မေးမြန်းရာ သေဆုံးသူများ၏ မိသားစုဝင်များနှင့် အကြမ်းဖက်သမားများ၏ လက်ချက်ကြောင့် ဒဏ်ရာပြင်းထန်စွာရခဲ့သည့် မြိုတိုင်းရင်းသားများက အခြေအနေမှန်များကို ရှင်းပြကြသည်။

**သိရှိလိုသည်များမေးမြန်း**

ထို့နောက် မောင်တောမြို့နယ် ခမောင်းဆိပ်ကျေးရွာသို့ သွားရောက်ပြီး အဆိုပါကျေးရွာတွင် တိမ်းရှောင်လာသည့် ရခိုင်၊ မြို၊ သက်၊ ဒိုင်းနက် တိုင်းရင်းသားများနှင့် တွေ့ဆုံ၍ အကြမ်းဖက်မှုဖြစ်စဉ်အခြေအနေနှင့် ဟိန္ဒူဘာသာဝင်များ အသတ်ခံရမှု အခြေအနေတို့ကို လွတ်လပ်ပွင့်လင်းစွာ မေးမြန်းကြသည်။

ထို့နောက် မောင်တောမြို့နယ် ငါးခူရကျေးရွာသို့ရောက်ရှိပြီး ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ရခိုင်တိုင်းရင်းသားများ၊ အစ္စလာမ်ဘာသာဝင်များ၊ ဟိန္ဒူဘာသာဝင်များနှင့် တွေ့ဆုံ၍ သိရှိလိုသည်များကို လွတ်လပ်ပွင့်လင်းစွာ မေးမြန်းကြသည်။

**လိုက်ပါခဲ့ကြ**

ယင်းနောက် မောင်တောမြို့မှ စစ်တွေမြို့သို့ တပ်မတော်ရဟတ်ယာဉ်ဖြင့် ပြန်လည်ရောက်ရှိပြီး ညနေပိုင်းတွင် စစ်တွေမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။ ရခိုင်ပြည်နယ် မောင်တောဒေသသို့ ယနေ့ သွားရောက်ကြည့်ရှုလေ့လာကြသည့် သံတမန်အဖွဲ့တွင် စင်ကာပူ၊ ဘရူနိုင်း၊ ဆားဘီးယား၊ အင်ဒိုနီးရှား၊ ဒိန်းမတ်၊ အစ္စရေး၊ မလေးရှား၊ သြစတြေးလျ၊ ချက်၊ ဆွစ်ဇာလန်၊ ပြင်သစ်၊ အမေရိကန်၊ ကိုရီးယား ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ နယူးဇီလန်၊ နော်ဝေ၊ ကူဝိတ်၊ အိန္ဒိယ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ တူရကီ၊ ကနေဒါ၊ ဘရာဇီး၊ ဆော်ဒီအာရေးဗီးယား၊ ထိုင်း၊ ဖိလစ်ပိုင်၊ နီပေါ၊ ပါကစ္စတန်၊ ဖင်လန်၊ စပိန်၊ အီဂျစ်၊ အီတလီ၊ လာအို၊ ကာတာ၊ သီရိလင်္ကာ၊ ဆွီဒင်၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ဂျပန်၊ ရုရှား၊ ကိုရီးယားသမ္မတနိုင်ငံ၊ တီမောလက်စ်တေနိုင်ငံ၊ ဂျာမနီ၊ ဗြိတိန်၊ ဥရောပသမဂ္ဂတို့မှ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများ၊ UNRC , UNHCR, WFP , World Bank (Myanmar), UNODC တို့မှ တာဝန်ရှိသူများ လိုက်ပါခဲ့ကြကြောင်း သိရှိရသည်။

**(သတင်းအဖွဲ့)**



သံတမန်များ မောင်တောမြို့နယ် ခုံတိုင်ကျေးရွာရှိ မြိုတိုင်းရင်းသားများအား သွားရောက်တွေ့ဆုံမေးမြန်းစဉ်

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးအား ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆို



**နေပြည်တော်  အောက်တိုဘာ ၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E. General Ngo Xuan Lich အား ဇေယျာသီရိဗိမာန်ရှေ့တွင် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ထို့နောက် ဗီယက်နမ်နိုင်ငံကာကွယ်ရေးဝန်ကြီးနှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်တို့ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဒေသအတွင်း လုံခြုံရေးနှင့် နိုင်ငံတကာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးအတွက် ထောက်လှမ်းရေးသတင်းများ ဖလှယ်ရေး၊ နယ်စပ်ဒေသစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များအား တွေ့ဆုံဆွေးနွေးခြင်းဖြင့် အတွေ့အကြုံဖလှယ်ရေး၊ ကာကွယ်ရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဆက်သွယ်ရေးကဏ္ဍတွင် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်မြှင့်တင်လုပ်ဆောင်ရေးတို့အား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E. General Ngo Xuan Lich တို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်**
(သတင်းစဉ်)

# အနည်းဆုံးအခကြေးငွေသတ်မှတ်မှု တစ်ရက်လျှင် ငွေကျပ် ၄၀၀၀ နှင့် ၄၈၀၀ ကြား အတည်ပြုနိုင်ရေး အမျိုးသားကော်မတီ ညှိနှိုင်းအဆိုပြု

**နေပြည်တော်  အောက်တိုဘာ ၂**

နိုင်ငံတစ်ဝန်း လုပ်သားများအတွက် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် ကျင်းပခဲ့ပြီး အနည်းဆုံးအခကြေးငွေအဖြစ် တစ်ရက်လျှင် ငွေကျပ် ၄၀၀၀ မှ ၄၈၀၀ ကြား သတ်မှတ်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါညှိနှိုင်းအစည်းအဝေးတွင် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဝင်များ၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ ကော်မတီဝင်များနှင့် ကျွမ်းကျင်ပညာရှင်များက အနည်းဆုံးအခကြေးငွေကို သတ်မှတ်ထုတ်ပြန်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆန်းစစ်တင်ပြလာသည့် အနည်းဆုံးအခကြေးငွေ နှုန်းထားများအပေါ် အသင့်တော်ဆုံးဖြစ်မည့် ငွေကျပ် ၄၀၀၀ နှင့် ငွေကျပ် ၄၈၀၀ ကြား နှုန်းထားတစ်ခုခုကို အတည်ပြုနိုင်ရေးနှင့် အနည်းဆုံးအခကြေးငွေသတ်မှတ်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး တစ်ပြေးညီသတ်မှတ်နိုင်ရေးတို့အတွက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ပထမဆုံးအကြိမ် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို မတ် ၈ ရက်တွင် ကျင်းပခဲ့ကြောင်း၊ အဆိုပါ အစည်းအဝေးမှ ရှေ့ဆက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် ၅ ရပ် ချမှတ်ခဲ့ပြီး အမျိုးသားကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၇ ရက်တွင် ကျင်းပခဲ့ရာ ယင်းအစည်းအဝေးတွင် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း၊ အလုပ်သမားများ အနည်းဆုံးအခကြေးငွေ စိစစ်ရေးလုပ်ငန်းကော်မတီ၊ အနည်းဆုံးအခကြေးငွေဆိုင်ရာ သုတေသနပြုလုပ်ရေးနှင့် အကြံပေးလုပ်ငန်းကော်မတီများကို လိုအပ်ပါက ဖွဲ့စည်းရန်၊ စာရင်းစစ်တမ်းများကောက်ယူနိုင်ရေး ပြည်ထောင်စုနယ်မြေ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အဖွဲ့များဖွဲ့စည်းကာ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရန်၊ အဆိုပြုအနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေးကို စက်တင်ဘာလ နောက်ဆုံးအပတ် အစည်းအဝေးတွင် တင်ပြပြီး ကုန်ကျမည့်ငွေကိုလည်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၏ အရ/အသုံး ခန့်မှန်းခြေငွေစာရင်းမှ ဘတ်ဂျက်လျာထားကျခံသုံးစွဲရန်နှင့် ပြည်ထောင်စုနယ်မြေ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်ကော်မတီများမှ တင်ပြလာသည့် အနည်းဆုံးအခကြေးငွေနှုန်းထားများကို ဒီဇင်ဘာလတွင် ညှိနှိုင်းဆောင်ရွက်ရန် ဆုံးဖြတ်ချမှတ်ခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များနှင့်အညီ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများမှ အဆိုပြုနှုန်းထားများကို အမျိုးသားကော်မတီသို့ တင်ပြနိုင်ရန် သက်ဆိုင်ရာ အစည်းအဝေးများ၊ အသိပညာပေးဆွေးနွေးပွဲများ၊ သုံးပွင့်ဆိုင်ဆွေးနွေးပွဲများကျင်းပပြီး အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စာရင်းစစ်တမ်းကောက်ယူခြင်းများ ပြုလုပ်၍ သုံးပွင့်ဆိုင်ဆွေးနွေးမှုမှ ရရှိလာသည့် အဆိုပြုနှုန်းထားများကို အမျိုးသားကော်မတီသို့ တင်ပြလာကြခြင်းဖြစ်သည်။




ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အစည်းအဝေးများကို ကျင်းပနေခြင်းအား လေ့လာဆန်းစစ်ချက်များအရ ကျင်းပခဲ့သည့် အစည်းအဝေးများ၊ တက်ရောက်ခဲ့သည့် လူဦးရေများကိုလည်း အသေးစိတ်မှတ်သားခဲ့ကြောင်း၊ အနည်းဆုံးအခကြေးငွေ တစ်ရက်နှုန်းထားများကိုလည်း ဆွေးနွေးခဲ့ကြောင်း၊ ယင်းနှုန်းထားများကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့က စဉ်းစားရမည့်အချက်များဖြစ်ကြောင်း၊ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးမှ ရလဒ်များဖြင့် အနည်းဆုံးအခကြေးငွေ နှုန်းထားသည် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ကုန်ထုတ်စွမ်းအားများကို တိုးတက်စေနိုင်မည်ဖြစ်ကြောင်း၊ တက်ရောက်လာသော ကိုယ်စားလှယ်များအနေဖြင့် အလေးထားဆွေးနွေးပေးကြစေလိုကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

ညှိနှိုင်းအစည်းအဝေးသို့ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့်အတူ အမျိုးသားကော်မတီဝင်များ၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ကော်မတီများမှ သက်ဆိုင်ရာဝန်ကြီးများနှင့် အတွင်းရေးမှူးများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလုပ်ရှင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူပုဂ္ဂိုလ်များ၊ ကျွမ်းကျင်ပညာရှင်များ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အခြား ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-သော်တာဝင်း**

● *ကျောဖုံးမှ*

ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီ ၁၄ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့သည့် မြန်မာ-ဘင်္ဂလားဒေ့ရှ် အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးမှ ရရှိခဲ့သည့် နှစ်ဖက်သဘောတူညီချက်များအတိုင်း ကွဲကွာနေသော မိသားစုများနှင့် ကျန်ရှိနေသော မိသားစုဝင်များကို ပြန်လည်ပို့ဆောင်ရန်အတွက် ဘင်္ဂလားဒေ့ရှ်အစိုးရမှ အသိအမှတ်ပြုသော တရားဝင်စာရွက်စာတမ်းများ တင်ပြန်ရန်လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် အိမ်နီးချင်းနှစ်နိုင်ငံအကြား ဖြစ်ပေါ်လျက်ရှိသည့် ကိစ္စရပ်များကို နှစ်နိုင်ငံလုံး၏ အကျိုးစီးပွားကို ထည့်သွင်းစဉ်းစား၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ဖြေရှင်းသွားနိုင်မည်ဟု ခိုင်မာစွာယုံကြည်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးကလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် တည်ရှိနေသည့် ချစ်ကြည်ရင်းနှီးမှုကိုအလေးထားကြောင်းနှင့် ထိန်းသိမ်းရန် ဆန္ဒရှိပါကြောင်း၊ Arakan Rohingya Salvation Army (ARSA) အား မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံလုံး၏ ဘုံရန်သူအဖြစ် ခံယူကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် အကြမ်းဖက်မှုများအပေါ် လုံးဝလက်မခံသည့် မူဝါဒကို ကျင့်သုံးလျက်ရှိကြောင်း ထပ်လောင်းအတည်ပြုပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နှစ်နိုင်ငံ နယ်စပ်လုံခြုံရေးဆိုင်ရာ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် နှစ်ဖက်သဘောတူထားသည့် သတ်မှတ်ချက်များအတိုင်း မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လိုသည့် ဒုက္ခသည်များစိစစ်ရေး ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးအား မြန်မာနိုင်ငံ နေပြည်တော်သို့ လာရောက်ရန် ဖိတ်ကြားခဲ့ရာ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးက ဖိတ်ကြားမှုကို လက်ခံပါကြောင်းဖြင့် ပြောကြားခဲ့သည်။

အစည်းအဝေးပြီးနောက် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးက ပြည်ထောင်စုဝန်ကြီးအား နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ အဆိုပါနေ့လယ်စာစားပွဲသို့ ဘင်္ဂလားဒေ့ရှ် ပြည်ထဲရေးဝန်ကြီးလည်း တက်ရောက်ခဲ့သည်။ မြန်မာနိုင်ငံသို့ ဘင်္ဂလားဒေ့ရှ် ပြည်ထဲရေးဝန်ကြီး လာရောက်၍ ဆွေးနွေးမှုများပြုလုပ်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက ဖိတ်ကြားသည့်စာကို ပြည်ထောင်စုဝန်ကြီးက ဘင်္ဂလားဒေ့ရှ် ပြည်ထဲရေးဝန်ကြီးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ် ပြည်ထဲရေးဝန်ကြီးက ၎င်းအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်ပါကြောင်း ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် အမေရိကန်နိုင်ငံမှ ပြန်လည်ရောက်ရှိလာပါက လမ်းညွှန်ချက်ခံယူပြီး လာရောက်မည့်ရက်ကို အသိပေးမည်ဖြစ်ပါကြောင်းဖြင့်လည်း ပြောကြားခဲ့သည်။

ထိုသို့ ဆွေးနွေးကြရာတွင် နှစ်ဖက်လုံးမှ ရင်းနှီးခင်မင်ပွင့်လင်းစွာဖြင့် ဆွေးနွေးပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

❄ *ကျောဖုံးမှ*

ဒါကြောင့် နှုတ်ခမ်းကွဲကလေးတွေကို အရင်ခွဲပါတယ်။ ရှစ်လ ကိုးလ အာခေါင်ကွဲတဲ့ ကလေးတွေကို နှစ်နှစ်သုံးနှစ်မှ ခွဲပါတယ် ” ဟု ဝိတိုရိယဆေးရုံကြီးမှ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီး ပါမောက္ခ ဦးစိုးတင်က ပြောသည်။

ယင်းလူနာများကို အမေရိကန်နိုင်ငံ Alliance for Smiles Organization မှ မေ့ဆေးဆရာဝန်ကြီးများ၊ ကလေးဆရာဝန်ကြီးများ၊ ခွဲစိတ်ဆရာဝန်ကြီးများ၊ Plastic Surgery ဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ဝိတိုရိယဆေးရုံကြီးမှ ဆရာဝန်များက ကလေးငယ် ၁၂၀ ခန့်ကို ကျန်းမာရေးစစ်ဆေးပြီး ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝိတိုရိယ ကျန်းမာရေးထောက်ပံ့ကူညီ စောင့်ရှောက်ရေး ဖောင်ဒေးရှင်းသည် ၂၀၁၄ ခုနှစ် မတ်လတွင် နှုတ်ခမ်းကွဲ အာခေါင်ကွဲလူနာ ၉၈ ဦး၊ ဒုတိယအကြိမ် ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် ၉၁ ဦး၊ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ၈၉ ဦး၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ၉၀ စုစုပေါင်း ၃၆၈ ဦးတို့ကို အောင်မြင်စွာ ခွဲစိတ်ကုသခဲ့ကြောင်း သိရသည်။

# တောင်ကျချောင်းရေစီးဆင်းမှုကြောင့် စိုက်ပျိုးသီးနှံများ ရေဝင်ရောက် ထိခိုက်ပျက်စီး

**ရမည်းသင်း  အောက်တိုဘာ ၂**

ရမည်းသင်းမြို့နယ်အတွင်း အောက်တိုဘာ ၁ ရက် ည ၁ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရမည်းသင်းမြို့၏ အရှေ့ဘက်ဒေသမှ တောင်ကျချောင်းရေစီးဆင်းမှုကြောင့် စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါသီးနှံများ ပျက်စီးဆုံးရှုံးရာတွင် ရမည်းသင်းမြို့နယ် ကန်ဆွယ်ကျေးရွာအနီး ကျေးနီကန်ရေဝင်မြောင်းအနီး ကန်ဆွယ်မြောက်ကွင်းရှိ တောင်သူ ၂၅ ဦး စိုက်ပျိုးထားသော စပါး ၆၀ ဒသမ ၆၇ ဧက၊ ငရုတ် ၈ ဒသမ ၃၃ ဧကနှင့် ဝါသီးနှံ နှစ်ဧက စုစုပေါင်း ၇၁ ဧက ရေဝင်ရောက်ပျက်စီးပြီး ထိန်ကန်အုပ်စု ညောင်ပင်ကိုင်းကျေးရွာအနီး ညောင်ပင်ကိုင်းကွင်းရှိ တောင်သူ ၂၆ ဦးတို့ စိုက်ပျိုးထားသော စပါး ၃၀ ဒသမ ၅၉ ဧက၊ ငရုတ် ၁၂ ဒသမ ၂၉ ဧက နှင့် ဝါသီးနှံ ၂၀ ဒသမ ၉၆ ဧက၊ ပဲစင်းငုံ ၂ ဒသမ ၄၂ ဧက စုစုပေါင်း ၆၆ ဒသမ ၂၆ ဧက ပျက်စီးခဲ့သည်။ အလားတူ မာလီကုန်းကျေးရွာအနီး မာလီကုန်းကွင်းရှိ တောင်သူသုံးဦး စိုက်ပျိုးထားသော စပါး ၁ ဒသမ ၅၀ ဧက၊ ဝါသီးနှံ ၂ ဒသမ ၈၀ ဧကနှင့် ပဲစင်းငုံ ၀ ဒသမ ၈၇ ဧက စုစုပေါင်း ၅ ဒသမ ၁၇ ဧက ရေဝင်ရောက်ပျက်စီးခဲ့ကြောင်း သိရသည်။

**ဇော်ဝင်းအောင်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်မြောက်ပိုင်း ခရီးစဉ်နှင့်ပတ်သက်၍ သံတမန်အဖွဲ့က ကြေညာချက်တစ်စောင်ထုတ်ပြန်ကြေညာ

နေပြည်တော်   အောက်တိုဘာ ၂

**အောက်တိုဘာ ၂ ရက်တွင် ရခိုင်ပြည်နယ် မောင်တောဒေသသို့ သွားရောက်ခဲ့သည့် သံတမန်များက ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရှိရသည်။**

အဆိုပါကြေညာချက်တွင်-

ကျွန်ုပ်တို့သည် မြန်မာနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ယနေ့ ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ သွားရောက်ခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် မောင်တောနှင့် ရသေ့တောင်ဒေသများရှိကျေးရွာများသို့ သွားရောက်ခဲ့ပြီး ဒေသခံမျိုးစုံနှင့် တွေ့ဆုံခဲ့ပါသည်။

မြန်မာနိုင်ငံအစိုးရ၏ ဖိတ်ကြားမှုကြောင့် ယခုထက်တိုင် စိုးရိမ်ပူပန်မှုကြီးစွာ ခံစားနေရသည့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လူမှုအသိုင်းအဝိုင်းအားလုံးမှလူများကို အားပေးခွင့်ရရှိခဲ့ပါသည်။

ကျွန်ုပ်တို့အနေဖြင့် ဩဂုတ်လ ၂၅ ရက်နေ့က ARSA ၏ တိုက်ခိုက်မှုများအား ရှုတ်ချကြောင်း ထပ်လောင်းပြောကြားအပ်ပြီး ထိုအချိန်မှစ၍ ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုများနှင့် လူမြောက်မြားစွာ နေရပ်စွန့်ခွာမှုများကိုလည်း ကျွန်ုပ်တို့ အလွန်အမင်းစိုးရိမ်ပူပန်မိပါသည်။ ယခုခရီးစဉ်သည် စုံစမ်းစစ်ဆေးရေး ခရီးစဉ်မဟုတ်သလို ထိုသို့ စုံစမ်းစစ်ဆေးရန်လည်း အခြေအနေမပေးပါ။ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ပတ်သက်သည့် စွပ်စွဲချက်များအား စုံစမ်းရန်မှာ ကျွမ်းကျင်ပညာရှင်များမှ ဆောင်ရွက်ရန် လိုအပ်ပါလိမ့်မည်။ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကိုင်တွယ်ရာတွင် ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်သွားမည်ဆိုသည့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ ကတိကဝတ်ကိုလည်း ကြိုဆိုပါသည်။ ကျွန်ုပ်တို့အနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်သည့် စွပ်စွဲချက်များကိုလည်း အပြည့်အဝစုံစမ်းစစ်ဆေးသွားရန်နှင့် လူ့အခွင့်အရေးချိုးဖောက်သူများကို အရေးယူဆောင်ရွက်သွားရန် မြန်မာအာဏာပိုင်များအား တောင်းဆိုလိုက်ပါသည်။ ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးအဖွဲ့ကိုလည်း ရခိုင်သို့သွားရောက်ခွင့်ပြုရန် ကျွန်ုပ်တို့ တိုက်တွန်းပါသည်။

မီးရှို့ခံထားရပြီး လူမနေတော့သည့် ရွာများကိုလည်း ကျွန်ုပ်တို့ တွေ့ရှိခဲ့ရပါသည်။ အကြမ်းဖက်မှုများကို ရပ်တန့်ရမည်ဖြစ်ပါသည်။ လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် ရခိုင်ပြည်နယ်တွင် နေထိုင်သည့် လူအားလုံးကို ခွဲခြားမှုမရှိဘဲ ကာကွယ်ပေးရန်တာဝန်ရှိပြီး မီးရှို့ဖျက်ဆီးမှုများကို တားဆီးကာကွယ်ရမည်ဖြစ်ပါသည်။ လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် ကျင့်ဝတ်ကိုလိုက်နာဆောင်ရွက်ရန်၊ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ရန်နှင့် အပြစ်မဲ့သည့်အရပ်သားများကို အန္တရာယ်မဖြစ်စေရေးနှင့် အရပ်သားများအား ထိခိုက်သေကျေစေခြင်းများ မဖြစ်စေရေး အပြည့်အဝဆောင်ရွက်သွားရန် ညွှန်ကြားထားသည့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ ကြေညာချက်ကို ကျွန်ုပ်တို့ ကြိုဆိုပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားသည့် သိန်းနှင့်ချီသည့် ဒုက္ခသည်များ မိမိနေရပ်သို့ မိမိဆန္ဒအလျောက် စိတ်ချလုံခြုံစွာနှင့် ဂုဏ်သိက္ခာရှိရှိ ပြန်လာနိုင်ရေးအတွက် အမြန်ဆုံးဆောင်ရွက်သွားနိုင်ရန် မြန်မာနိုင်ငံအစိုးရကိုလည်း ကျွန်ုပ်တို့ တိုက်တွန်းပါသည်။

ကျွန်ုပ်တို့ ခရီးစဉ်အတွင်း လူသားချင်းစာနာထောက်ထားရေးဆိုင်ရာအကူအညီများ အလွန်အမင်းလိုအပ်လျက်ရှိကြောင်း တွေ့ရှိခဲ့ရပါသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ အတားအဆီးမရှိဝင်ရောက်နိုင်ရေးနှင့် ရခိုင်ပြည်နယ်တစ်ဝန်း အသက်ကယ်ဝန်ဆောင်မှုများခွဲခြားမှုမရှိ ပြန်လည်စတင်နိုင်ရေးအတွက် ကျွန်ုပ် တို့ ထပ်မံတောင်းဆိုအပ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် မီဒီယာများအား သွားရောက်ခွင့်ပြုခဲ့ခြင်းအပေါ် ကြိုဆိုပြီး သတင်းထောက်များအား ရခိုင်ပြည်နယ်၏ မည်သည့်နေရာဒေသမဆို အတားအဆီးမရှိ သွားရောက်ခွင့်ကိုလည်း ထပ်မံတောင်းဆိုအပ်ပါသည်။ ကျွန်ုပ်တို့ ယခုသွားခဲ့သည့် ခရီးစဉ်အတွင်း တွေ့ဆုံခဲ့သည့် ဒေသခံများကို ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု သို့မဟုတ် မတရားဖမ်းဆီးမှုတို့ကဲ့သို့ ကလဲ့စားချေမှုများ မဖြစ်စေရန်နှင့် ယင်းသို့ မဖြစ်စေရန်အတွက် အကာအကွယ်ပေးသင့်ကြောင်း ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနှင့် ရခိုင်ပြည်နယ် အာဏာပိုင်များကို အလေးထားပြောကြားခဲ့ပါသည်။

ကျွန်ုပ်တို့သည် မြန်မာနိုင်ငံ၏ မိတ်ဖက်ကောင်းအနေဖြင့် ရခိုင်အရေးကိစ္စတွင် အလားအလာကောင်းစေရေးအတွက် အတူလက်တွဲလုပ်ဆောင်ရန် အသင့်ရှိနေပါသည်။ ရခိုင်ပြည်နယ်အကြံပေးကော်မရှင်သည် လူမျိုးမရွေး၊ ဘာသာမရွေးနှင့် နိုင်ငံသားမရွေး ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသော လူမှုအသိုင်းအဝိုင်းအားလုံး တည်ငြိမ်အေးချမ်းပြီး သာယာဝပြောသော အနာဂတ်အတွက် အကြံပြုချက်များကို ချမှတ်ပေးထားပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အဆိုပါအစီရင်ခံစာအား အပြည့်အဝအကောင်အထည်ဖော်ရေးအတွက် ထောက်ခံပါသည်။

ကျွန်ုပ်တို့၏ခရီးစဉ်သည် ရခိုင်ပြည်နယ်မြောက်ပိုင်း ဒေသအားလုံးသို့ မီဒီယာများအပါအဝင် အားလုံးသွားလာနိုင်ရေးအတွက် အရေးပေါ်လိုအပ်နေသည့် လမ်းစအတွက် ပထမခြေလှမ်းတစ်ရပ်ဖြစ်မည်ဟု မျှော်လင့်ပါသည်။

အောက်တိုဘာ ၂ ရက်နေ့တွင် အစိုးရအစီအစဉ်နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းခရီးစဉ်တွင်ပါဝင်ခဲ့ကြသည့် ဩစတြေးလျနိုင်ငံဆိုင်ရာ သံအမတ်ကြီး Nicholas Coppel၊ ကနေဒါနိုင်ငံဆိုင်ရာ သံအမတ် Karen MacArthur၊ ချက်နိုင်ငံဆိုင်ရာ သံအမတ်ကြီး Jaroslav Dolecek၊ ဒိန်းမတ်နိုင်ငံဆိုင်ရာ သံအမတ်ကြီး Peter Lysholt Hansen၊ ပြင်သစ်နိုင်ငံသံအမတ် Olivier Richard၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ သံအမတ်ကြီး Ito Sumardi၊ အီတလီနိုင်ငံဆိုင်ရာ သံအမတ်ကြီး Giorgio Aliberti၊ နယ်သာလန်နိုင်ငံဆိုင်ရာ သံအမတ်ကြီး Wouters Jurgens၊ နယူးဇီလန်နိုင်ငံဆိုင်ရာ သံအမတ်ကြီး Steve Marshall၊ နော်ဝေးနိုင်ငံဆိုင်ရာ သံအမတ်ကြီး Tone Tinnes၊ ဆားဗီးယားနိုင်ငံဆိုင်ရာ သံအမတ်ကြီး Miodrag Nikolin၊ ဆွစ်ဇာလန်နိုင်ငံဆိုင်ရာ သံအမတ်ကြီး Paul Seger၊ တူရကီနိုင်ငံဆိုင်ရာသံအမတ်ကြီး Kerem Divanlioglu၊ အမေရိကန်နိုင်ငံဆိုင်ရာ သံအမတ်ကြီး Scot Marciel၊ အီးယူသံအမတ်ကြီးအဖြစ်ရွေးချယ်ထားခြင်းခံရသော Kristian Schmidt၊ ဂျာမနီနိုင်ငံ သံအမတ်အဖြစ်ရွေးချယ်ခြင်းခံထားရသော Dorothee Janetzke-Wenzel၊ စပိန်နိုင်ငံသံရုံးယာယီတာဝန်ခံ Mr. Bibian Zamora Gimenez၊ ဆွီဒင်ရုံးအကြီးအကဲ Mr. Johan Hallenborg၊ ယူကေနိုင်ငံဆိုင်ရာ ဒုတိယသံအမတ် Mr. David Hall နှင့် ဖင်လန်နိုင်ငံဆိုင်ရာ ဒုတိယသံအမတ် Ms. Silja Rajander တို့မှ အထက်ပါကြေညာချက်ကို ထုတ်ပြန်ခဲ့ပါသည်ဟူ၍ ပါရှိသည်။

**(သတင်းစဉ်)**

## ARSA အစွန်းရောက်အကြမ်းဖက်သမားများ မြေမြှုပ်သိုဝှက်ထားသည့် လက်လုပ်မိုင်းများတွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၂**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်နှင့် မောင်တောမြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ARSA အစွန်းရောက် အကြမ်းဖက်သမားများ သိုဝှက်ထားသော လက်လုပ်မိုင်းများ တွေ့ရှိခဲ့သည်။

တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၃၀ ရက် နံနက် ၁၁ နာရီ မိနစ် ၄၀ ခန့်တွင်ရသေ့တောင်မြို့နယ် အထက်နန်းရာကျေးရွာ၏ အနောက်ဘက် မီတာ ၃၀၀ ခန့်အကွာရှိ ချုံပုတ်အတွင်းမှ မသင်္ကာဖွယ် အပြာရောင်ပလတ်စတစ်ပုံး တစ်လုံးအားတွေ့ရှိခဲ့သည်။

၎င်းပလတ်စတစ်ပုံးအား စစ်ဆေးရာ ARSA အစွန်းရောက်အကြမ်းဖက်သမားများ သိုဝှက်ထားသော သံပိုက်ဖြင့်ပြုလုပ်ထားသည့်အလျား ကိုးလက်မ၊ အချင်း လေးလက်မခန့်ရှိ ဒေသန္တရ လက်လုပ်မိုင်း တစ်လုံးနှင့် အလျား ကိုးလက်မခွဲ၊ အချင်း နှစ်လက်မခန့်ရှိ ဒေသန္တရလက်လုပ်မိုင်းတစ်လုံး စုစုပေါင်း မိုင်းနှစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီမှစတင်၍ ညနေ ၃ နာရီအထိ မောင်တောမြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေးဆောင်ရွက်စဉ် မြဇင်ကျေးရွာရှိ မီးလောင်ထားသည့် နေအိမ်ခြံအတွင်း မြေသားများပွနေသည့်နေရာအား မသင်္ကာ၍ တူးဖော်ရှာဖွေခဲ့ရာ ARSA အစွန်းရောက် အကြမ်းဖက်သမားများ မြေကြီးအတွင်း စပါးခွံများအုပ်၍ ပလတ်စတစ်အဝါပုံးနှစ်ပုံးဖြင့် မြှုပ်နှံထားသည့် လက်လုပ်မိုင်းများကိုတွေ့ရှိခဲ့သည်။

မြှုပ်နှံထားသည့် ပလတ်စတစ်အဝါပုံး နှစ်ပုံးကို စစ်ဆေးရာ ARSA အစွန်းရောက် အကြမ်းဖက်သမားများ သိုဝှက်ထားသော အချင်း လေးလက်မ၊ အရှည် ခြောက်လက်မခန့်ရှိ ဒေသန္တရ လက်လုပ်မိုင်း နှစ်လုံးနှင့် အချင်း နှစ်လက်မ၊ အရှည် ကိုးလက်မခန့်ရှိ ဒေသန္တရလက်လုပ်မိုင်း ၁၀ လုံး စုစုပေါင်းမိုင်း ၁၂ လုံး၊ RE စာတန်းပါ အဝေးထိန်း ခလုတ် လေးခုနှင့် နှစ်ပင်လိမ် ဝိုင်ယာကြိုး ၁၂၅ ပေခန့် တစ်ခွေတို့ကို တွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

ARSA အစွန်းရောက် အကြမ်းဖက်သမားများက မိုင်းခွဲတိုက်ခိုက်မှုများ ဆောင်ရွက်လာခဲ့ရာတွင် ဩဂုတ် ၂၅ ရက်မတိုင်မီ မိုင်းဖြစ်စဉ် ၁၃ ကြိမ်၊ ဩဂုတ် ၂၅ ရက်နေ့နောက်ပိုင်း မိုင်းဖြစ်စဉ် ၇၅ ကြိမ်ရှိပြီ ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



## မလှိုင်မြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အိမ် ၄၇ လုံး ရေဝင်ရောက်၍ လူ ၁၉၀ ကျော်ရေဘေးသင့်

**မလှိုင်   အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် အောက်တိုဘာ ၂ ရက် နံနက် ၂နာရီခန့်က မိုးရွာသွန်းမှုကြောင့် မလှိုင်မြို့အခြေခံပညာအထက်တန်းကျောင်းရှိ ယမုံနာဓမ္မာရုံနှင့် မေယုဆောင်အရှေ့ဘက်ရှိ အုတ်တံတိုင်း အလျား ၁၀ ပေ၊ အနံ ခြောက်ပေရှိ အခန်း ၁၂ ခန်း ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အလားတူ မလှိုင်မြို့ ညောင်ကုန်းကျေးရွာတွင် ၂၀၁၆-၁၇ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ခဲ့သော ( ၆၀ × ၂၁ )ပေ ရှိ ကွန်ကရစ်ကျောက် ရေကျော်တံတားပျက်စီးဆုံးရှုံးခဲ့သည်။ ထို့အပြင် မလှိုင်မြို့နယ် သိမ်ကုန်းချောင်းနှင့် ကုန်းတဲဆယ်မှ စီးဆင်းလာသောရေမှာ ကူကြီးကျေးရွာအုပ်စု မျက်သီးကျင်းချောင်းအတွင်း စီးဆင်းရာ ချောင်းအတွင်းရေလျှံမှုဖြစ်ပွားရာမှ စုစုပေါင်းအိမ်ခြေ ၄၇ လုံးအတွင်း ရေနှစ်ပေခန့် တတ်ရောက်မှုကြောင့် လူဦးရေ ၁၉၁ တို့ ရေဘေးသင့်ခဲ့သည်။ အဆိုပါရေဘေးသင့်ပြည်သူများအား ကူကြီးကျေးရွာအုပ်စု သရက္ကန်ကျေးရွာနှင့် လူမှုရေးအသင်းအဖွဲ့များက ထမင်းထုပ်များနှင့် ရေသန့်ဘူးများဝေငှခဲ့ကြောင်း သိရသည်။

ထို့အတူ မလှိုင်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်လွင် ဦးစီးသော ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှ စခန်းမှူး ဒုရဲမှူး သန်းထွန်းဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးမှူး ဦးဇေယျာအောင်ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းပြီး အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက သွားရောက်၍ လိုအပ်သော ပံ့ပိုးကူညီမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဘိုဘို (မလှိုင်)**

## ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကိုအခြေခံ၍ ၂၀၁၇ ခုနှစ်အောက်တိုဘာလ ၁ ရက်နေ့တွင်ရှိသော မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေစာရင်းထုတ်ပြန်

**နေပြည်တော်   အောက်တိုဘာ ၂**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနသည် နိုင်ငံတော်အစိုးရနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ နိုင်ငံတော်၏မူဝါဒများ၊ စီမံကိန်းများ ရေးဆွဲချမှတ်ရာတွင် အခြေခံအသုံးပြုနိုင်ရေးအတွက် မြန်မာနိုင်ငံ၏ နှစ်အလိုက် အောက်တိုဘာလ ၁ ရက်နေ့တွင်ရှိသော လူဦးရေစာရင်းအား လူဦးရေသန်းခေါင်စာရင်း အချက်အလက်များအပေါ် အခြေခံတွက်ချက်၍ နှစ်စဉ်ထုတ်ပြန်ပေးလျက်ရှိသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှ ကောက်ယူရရှိသော လူဦးရေကိုအခြေခံ၍ ခန့်မှန်းတွက်ချက်မှုများအရ ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင်ရှိသော မြန်မာနိုင်ငံ၏ လူဦးရေမှာ ၅၃ ဒသမ ၃၉ သန်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါနေ့ရက်တွင်ရှိသော တိုင်းဒေသကြီး / ပြည်နယ်အလိုက် ခန့်မှန်းလူဦးရေစာရင်းမှာ ကချင်ပြည်နယ်တွင် ကျား ၉၅၁၂၃၈ ဦး၊ မ ၈၇၆၆၁၁ ဦး စုစုပေါင်း ၁၈၂၉၈၄၉ ဦး၊ ကယားပြည်နယ်တွင် ကျား ၁၅၄၃၃၀၊ မ ၁၅၅၈၈၃ ဦး စုစုပေါင်း ၃၁၀၂၁၃ ဦး၊ ကရင်ပြည်နယ်တွင် ကျား ၇၇၉၃၉၈ ဦး၊ မ ၈၁၃၆၅၅ ဦး စုစုပေါင်း ၁၅၉၃၀၅၃ ဦး၊ ချင်းပြည်နယ်တွင် ကျား ၂၄၃၃၂၆ ဦး၊ မ ၂၆၅၀၃၃ ဦး စုစုပေါင်း ၅၀၈၃၅၉ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကျား ၂၅၉၀၆၆၄ ဦး၊ မ ၂၉၀၀၅၀၆ ဦး၊ စုစုပေါင်း ၅၄၉၁၁၇၀၊ တနင်္သာရီတိုင်းဒေသကြီးတွင် ကျား ၇၂၄၅၃၆ ဦး၊ မ ၇၃၅၄၁၇ ဦး စုစုပေါင်း ၁၄၅၉၉၅၃ ဦး၊ ပဲခူးတိုင်းဒေသကြီးတွင် ကျား ၂၃၃၆၄၆၄ ဦး၊ မ ၂၅၈၂၃၅၇ ဦး စုစုပေါင်း ၄၉၁၈၈၂၁ ဦး၊ မကွေးတိုင်းဒေသကြီးတွင် ကျား ၁၈၁၄၂၃၀၊ မ ၂၁၂၇၀၀၉ ဦး စုစုပေါင်း ၃၉၄၁၂၃၉ ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် ကျား ၃၀၂၁၈၁၄ ဦး၊ မ ၃၃၆၇၅၇၇ ဦး စုစုပေါင်း ၆၃၈၉၃၉၁ ဦး၊ မွန်ပြည်နယ်တွင် ကျား ၉၅၅၇၄၄ ဦး၊ မ ၁၀၅၅၆၈၃ ဦး စုစုပေါင်း ၂၀၁၁၄၂၇ ဦး၊ ရခိုင်ပြည်နယ်တွင် ကျား ၁၅၇၂၉၅၆ ဦး၊ မ ၁၇၂၇၀၈၃ ဦး စုစုပေါင်း ၃၃၀၀၀၃၉ ဦး၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကျား ၃၇၆၉၇၇၈ ဦး၊ မ ၄၁၆၆၈၅၉ ဦး စုစုပေါင်း ၇၉၃၆၆၃၇ ဦး၊ ရှမ်းပြည်နယ်တွင် ကျား ၃၀၈၇၂၅၇ ဦး၊ မ ၃၁၀၁၄၃၂ ဦး စုစုပေါင်း ၆၁၈၈၆၈၉ ဦး၊ ဧရာဝတီတိုင်းဒေသကြီးတွင် ကျား ၃၀၄၅၀၄၀၊ မ ၃၂၂၆၀၃၀ စုစုပေါင်း ၆၂၇၁၀၇၀၊ နေပြည်တော်ကောင်စီနယ်မြေတွင် ကျား ၆၀၁၀၇၂ ဦး၊ မ ၆၃၆၉၆၆ဦး စုစုပေါင်း ၁၂၃၈၀၃၈ ဦးဖြစ်ပြီး မြန်မာနိုင်ငံ၏ လူဦးရေမှာ ကျား ၂၅၆၄၇၈၄၇ ဦး၊ မ ၂၇၇၄၀၁၀၁ ဦး စုစုပေါင်း ၅၃၃၈၇၉၄၈ ဦးဖြစ်ကြောင်း ပြည်သူ့အင်အားဦးစီးဌာနမှ သတင်းထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘင်္ဂါလီ ၁၀၀၀၀ခန့် ဘင်္ဂလားဒေ့ရှ်ဘက်သို့ ထွက်ခွာရန် နယ်စပ်အနီး ထပ်မံရောက်ရှိ၊ တာဝန်ရှိသူများသွားရောက် တွေ့ဆုံဆွေးနွေးညှိနှိုင်း



**နေပြည်တော် အောက်တိုဘာ ၂**

ဘူးသီးတောင်မြို့နယ်အတွင်းရှိ ကျေးရွာများမှဘင်္ဂါလီများသည် စားဝတ်နေရေး အခက်အခဲကြောင့် လည်းကောင်း၊ လုံခြုံရေးအခြေအနေအရကျေးရွာတွင် လုံခြုံမှုမရှိဟု ယူဆ၍လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ရောက်ရှိနေသည့် ဘင်္ဂါလီများကထွက်ခွာရန် ဆက်သွယ်ပြောဆိုခြင်းများကြောင့် လည်းကောင်း၊ ၎င်းတို့အုပ်စုသည် လူနည်းစုဖြစ်မည်ကို စိုးရိမ်သဖြင့် တစ်ဖက်နိုင်ငံရှိ ၎င်းတို့ မျိုးနွယ်စုများထံ သွားရောက်လိုခြင်းကြောင့်လည်းကောင်း မိမိနေထိုင်သည့် ကျေးရွာများမှ တစ်ဖက်နိုင်ငံသို့ သွားရောက်ရန် စက်တင်ဘာ ၂၆ ရက်မှ စတင်၍ ထွက်ခွာခဲ့ကြပြီး နှစ်နိုင်ငံနယ်စပ်အနီးသို့ စုပြုံရောက်ရှိလျက်ရှိသည်။

မောင်တောမြို့နယ် သဘော်လုကျေးရွာနှင့် သာယာကုန်းကျေးရွာကြားတွင် ဘူးသီးတောင်မြို့နယ်အတွင်းမှ တစ်ဖက်နိုင်ငံသို့ တိမ်းရှောင်မည့် ဘင်္ဂါလီများ ရောက်ရှိနေကြောင်း သတင်းအရ မောင်တောခရိုင်အတွင်း တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် အုပ်ချုပ်ရေးအဖွဲ့များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁ ရက် နံနက် ၁၁ နာရီတွင် သွားရောက်တွေ့ဆုံခဲ့သည်။

တိမ်းရှောင် ရောက်ရှိနေသည့် ဘင်္ဂါလီများအား စားဝတ်နေရေးအခက်အခဲရှိပါက ဆန်၊ ဆီ၊ ဆား၊ ပဲ လေးမျိုးကို ဒေသအတွင်းမှ နှစ်ဖက်လူ့အဖွဲ့အစည်းများကို လူမျိုးဘာသာမရွေး ထောက်ပံ့ပေးနေကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍လည်း ဒေသအတွင်း၌ အေးချမ်းတည်ငြိမ်ရေးအတွက် ဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားပြီး မိမိတို့ဒေသ ရပ်ရွာဒေသများ၌ အေးချမ်းစွာ ပြန်လည်နေထိုင်၍ လုပ်ကိုင်စားသောက်ကြရန် အခက်အခဲရှိသည်များကို တတ်နိုင်သလောက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တွေ့ဆုံရှင်းလင်းပြောကြားခဲ့မှုအပေါ် ၎င်းတို့ဘက်မှ နားလည်သဘောပေါက်သော်လည်း တစ်ဖက်နိုင်ငံသို့သာ ၎င်းတို့ကိုယ်ပိုင်ဆန္ဒဖြင့် သွားရောက်လိုကြောင်း ပြန်လည်တင်ပြကြသည်။

ဘူးသီးတောင်မြို့နယ်အတွင်းရှိ ဂူတာပြင်ကျေးရွာမှ ဘင်္ဂါလီ ၁၆၈ ဦးသည် စက်တင်ဘာ ၂၆ ရက်တွင် ရွာသစ်ကေကျေးရွာ အနီး၌လည်းကောင်း၊ ရွှေထားကျေးရွာနှင့် ဇင်ခါးမကျေးရွာတို့မှ ဘင်္ဂါလီ ၂၅၅ ဦး၊ တောင်ချောင်းကျေးရွာနှင့် ပေါက်တောကျေးရွာမှ ဘင်္ဂါလီ ၂၈၁ ဦး၊ သိမ်တောင်ပြင်ကျေးရွာနှင့် ကာလီကျေးရွာတို့မှ ဘင်္ဂါလီ ၂၀၀ နှင့် ဒုအိုးသည်မကျေးရွာတို့မှ ဘင်္ဂါလီ ၃၅ ဦးတို့သည် စက်တင်ဘာ ၂၇ ရက်တွင် လေယာဉ်ကွင်းကျေးရွာအနီး ကမ်းစပ်၌ လည်းကောင်း၊ တောင်ချောင်းကျေးရွာ၊ ဇင်ခါးမကျေးရွာ၊ ဘိုလီကျေးရွာနှင့် ငွေတောင်ကျေးရွာတို့မှ ဘင်္ဂါလီ ၈၉၅ ဦးတို့သည် စက်တင်ဘာ ၂၈ ရက်တွင် လေယာဉ်ကွင်းကျေးရွာအနီးကမ်းစပ်၌ လည်းကောင်း၊ ဂူတာပြင်ကျေးရွာမှ ဘင်္ဂါလီ ၅၃၀ တို့သည် စက်တင်ဘာ ၂၉ ရက်တွင် ပညောင်ပင်ကြီးနှင့် နယ်စပ်ခြံစည်းရိုးကြားတွင် လည်းကောင်း၊ ထပ်မံရောက်ရှိလာသည့် ဘင်္ဂါလီ ၁၀၀၀၀ခန့်သည် လက်ဖွဲ့ကျကျေးရွာနှင့် ကွမ်းသီးပင်ကျေးရွာကြား အနောက်ဘက်တောစပ်တို့တွင် တစ်ဖက်နိုင်ငံသို့ ထွက်ခွာရန် စုပြုံရောက်ရှိနေကြောင်း သိရသည်။ **(သတင်းစဉ်)**

# အွန်လိုင်းကိုအသုံးပြု ကုမ္ပဏီအချို့က ငွေကြေးလိမ်လည်မှုများဖြစ်ပေါ်၊ ပြည်သူများ ယုံလွယ်မှုမရှိရန်လိုအပ်

**တွေ့ဆုံမေးမြန်း-နန္ဒာဝင်း၊ ဓာတ်ပုံ-ရဲထွဋ်**

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ကို ၂၀၁၄ခုနှစ်က စတင်ဖွဲ့စည်းခဲ့သည်။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း (Securities Industry) တစ်ခုလုံးတွင် ပါဝင်နေသူများအားလုံးကို နစ်နာမှု၊ဆုံးရှုံးမှုမရှိစေရန် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများဖြင့် အကာအကွယ်ပေးရန်ဖြစ်သည်။ တစ်ပြိုင်တည်းမှာပင် တည်ထောင်ပြီးဖြစ်သည့် စတော့အိတ်ချိန်းဈေးကွက်ကိုလည်း Fair,Efficient, Transparent and Liquidity Market သင့်တင့်မျှတ၍ ပွင့်လင်းမြင်သာမှုရှိပြီး ငွေဖြစ်လွယ်သော ဈေးကွက်ဖြစ်ပေါ်စေရန်နှင့် အများပြည်သူ ရင်းနှီးမြှုပ်နှံသူများ ဆုံးရှုံးနစ်နာမှု၊ စွန့်စားရမှု အနည်းဆုံးသော ဈေးကွက်ပေါ်ပေါက်အောင် အကောင်အထည်ဖော်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။**

နည်းပညာတိုးတက်လာသည့် ယနေ့ခေတ်တွင် ကုမ္ပဏီအချို့သည် အွန်လိုင်းကိုအသုံးပြု၍ မသိနားမလည်သူ ပြည်သူများကို မက်လုံးအမျိုးမျိုးပေးကာ ငွေကြေးလိမ်လည်မှုများ ယခုနှစ်ပိုင်းအတွင်းတွင် ဖြစ်ပေါ်လျက်ရှိရာ လိမ်လည်မှုများနှင့် ပတ်သက်၍ အများပြည်သူနစ်နာမှုမရှိစေရန် မြန်မာ့သတင်းစဉ်က ငွေချေးသက်သေခံလုပ်ငန်းကြီးကြပ်ရေးကော်မရှင် (Securities Exchange Commission-SEC)အဖွဲ့ဝင် ဦးဌေးချွန်ကို သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး။ ။ အခုရက်ပိုင်းမှာ အွန်လိုင်းကနေအများပြည်သူကို မက်လုံးပေးပြီး ငွေကြေးလိမ်လည်တာတွေရှိနေတယ်လို့ သိရပါတယ်။ ကော်မရှင်ကို တိုင်ကြားလာမှုတွေ ရှိပါသလား။**

ဖြေ။ ။ ကုမ္ပဏီအချို့က အများပြည်သူကို နည်းလမ်းအမျိုးမျိုးနဲ့ မက်လုံးပေးပြီး ငွေကြေးရင်းနှီးမြှုပ်နှံဖို့ အစုရှယ်ယာဖိတ်ခေါ်တာ၊ အွန်လိုင်းကတစ်ဆင့် အစုရှယ်ယာရောင်းချတာတွေ ပြုလုပ်နေပါတယ်။ မသိနားမလည်တဲ့ အများပြည်သူက အစုရှယ်ယာဝယ်ယူမိတဲ့အတွက် နစ်နာဆုံးရှုံးမှုတွေ ကြုံနေရပါတယ်။ Saxon Capital Limited (SCL) က ပဲခူးတိုင်းဒေသကြီး ပြည်မြို့မှာ အများပြည်သူကို အတိုးကြီးပေးမယ်ဆိုပြီး အစုရှယ်ယာဖိတ်ခေါ် ရောင်းချခဲ့ပါတယ်။ ပဲခူးတိုင်းဒေသကြီးနဲ့ မွန်ပြည်နယ်မှာ အစုရှယ်ယာတော်တော်များများဝယ်ကြတယ်။

နောက်တစ်ခုက Myanmar Junwell Globas ကုမ္ပဏီက အွန်လိုင်းက အစုရှယ်ယာတွေခေါ်တာ တွေ့ပါတယ်။ အစုရှယ်ယာရောင်းတာရော၊ အပ်ငွေလက်ခံတဲ့ အသွင်သဏ္ဍာန်ရောပါတယ်။ ကျွန်တော်တို့သွားပြီး လေ့လာစုံစမ်းခဲ့တယ်။ အဲဒီကုမ္ပဏီကို လာရောက်တိုင်တန်းတာတွေလည်း ရှိတယ်။

နောက်ပြီး FBS Myanmar ကုမ္ပဏီက Forex broker အွန်လိုင်းဝန်ဆောင်မှုလုပ်ငန်းတစ်ခုအဖြစ် အစုရှယ်ယာရောင်းတဲ့ အသွင်သဏ္ဍာန်ရော၊ အတိုးကြီးပေးပြီး အပ်ငွေလက်ခံသည့် အသွင်သဏ္ဍာန်ရော ဆောင်ရွက်တယ်။ ကာလတိုမှာ အတိုးကြီးပေးပြီး ပြီးရင်ပျောက်ကွယ်သွားတယ်။ အများပြည်သူက ယုံကြည်တော့ပါသွားပြီး နစ်နာတဲ့အတွက် လာရောက်တိုင်တန်းကြတာ ဖြစ်ပါတယ်။

**မေး။ ။ ကော်မရှင်အနေနဲ့ တိုင်ကြားမှုတွေကို ဘယ်လို ဆက်လက် ဆောင်ရွက်ဖို့ ရှိပါသလဲ။**

ဖြေ။ ။ private ကုမ္ပဏီက အစုရှယ်ယာရောင်းချခွင့် မရှိပါဘူး။ အစုရှယ်ယာရောင်းချရင် ငွေချေးသက်သေခံလက်မှတ် လဲလှယ်ရောင်းဝယ်ရေး ဥပဒေနဲ့ အရေးယူလို့ရပါတယ်။ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အနေနဲ့ စီမံကိန်းနဲ့ဘဏ္ဍာရေးဝန်ကြီးဌာနကို တင်ပြတယ်။ အဲဒီကနေ သက်ဆိုင်ရာဌာနများဖြစ်တဲ့ ဗဟိုဘဏ်နဲ့ ပြည်ထဲရေးဝန်ကြီးဌာနတို့ကို ဒီကိစ္စနဲ့ ပတ်သက်ပြီး အရေးယူဆောင်ရွက်ဖို့ အကြောင်းကြားခဲ့ပါတယ်။ ဥပဒေမှာက ထောင်ဒဏ်ရော၊ ငွေဒဏ်ပါချလို့ရတယ်လို့ ပါပါတယ်။ တရားစွဲရင်ကော်မရှင်ရဲ့အတည်ပြုချက် ယူရမယ်ဆိုပြီး ပါရှိတယ်။ ကော်မရှင်ကတော့ တရားလိုလုပ်လို့ မရပါဘူး။ တိုင်ကြားတာကိုလက်ခံမယ်။ သတင်းအချက်အလက်စုမယ်။ ပညာပေး ဆောင်ရွက်မယ်။ ကော်မရှင်ရဲ့တာဝန်က ရရှိထားတဲ့ သတင်းအချက်အလက်တွေကို သက်ဆိုင်တဲ့နေရာတွေကို ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်။

နောက်တစ်ခုက အတိုးပေးပြီး အပ်ငွေလက်ခံတာဖြစ်ပါတယ်။ ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေမှာ ဗဟိုဘဏ်ရဲ့ လိုင်စင်မရဘဲ အပ်ငွေလက်ခံခြင်းမပြုရ၊ အတိုးကြီးပေးခြင်း မပြုရဆိုပြီးပါတယ်။ ဒါ့ကြောင့် ကော်မရှင်က သတင်းပေးတိုင်ကြားစာတွေ လက်ခံရရှိပြီဆိုရင် စီမံကိန်းနဲ့ဘဏ္ဍာရေးဝန်ကြီးဌာနကတစ်ဆင့် ပြည်ထဲရေးဝန်ကြီးဌာနနဲ့ ဗဟိုဘဏ်ကို အကြောင်းကြားပါတယ်။ နောင်မဖြစ်ဖို့ကို ကော်မရှင်အနေနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေကို အကြောင်းကြားပြီး အဲဒီကုမ္ပဏီတွေကို အရေးယူနိုင်ဖို့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ။ အများပြည်သူတွေ ဆက်လက်ထိခိုက်နစ်နာမှုမရှိအောင် ဘယ်လိုဆောင်ရွက်သွားမလဲ။**

ဖြေ။ ။ ကော်မရှင်အနေနဲ့ ငွေချေးသက်သေခံလက်မှတ် လဲလှယ် ရောင်းဝယ်ရေး ဥပဒေအရ အများပြည်သူ၏ အကျိုးစီးပွားကာကွယ်ဖို့ တာဝန်ရှိတဲ့အတွက် သတင်းစာက သုံးကြိမ်တရားဝင်ကြေညာပါတယ်။ ကြေညာချက်မှာပါတာကတော့ Saxon Capital Limited (SCL) ကုမ္ပဏီက ဘဏ်လုပ်ငန်းစနစ်နဲ့ မိုဘိုင်းစနစ်ကို အသုံးပြုပြီး အများပြည်သူကို အစုရှယ်ယာရောင်းချခြင်း ဆောင်ရွက်ခွင့်မရှိပါဘူး။ အဲဒီလုပ်ငန်းကို ဆောင်ရွက်ခွင့်မရှိကြောင်း ဖော်ပြထားပါတယ်။ သတင်းစာထဲမှာ ၂၀၁၇ ခုနှစ် ဇွန်လ ၁ ရက်နေ့မှာ အများပြည်သူကို သတိပေးကြေညာခြင်းဆိုတဲ့ သတင်း ထုတ်ပြန်ပါတယ်။




ငွေချေးသက်သေခံလုပ်ငန်းကြီးကြပ်ရေးကော်မရှင် (Securities Exchange Commission-SEC) အဖွဲ့ဝင် ဦးဌေးချွန်

ဒါနဲ့ မလုံလောက်သေးဘူးဆိုပြီးတော့ အဲဒီလိုမက်လုံးပေးတာတွေကို မလုပ်ကြဖို့၊ လုပ်မယ်ဆိုရင် တည်ဆဲဥပဒေနဲ့အညီ အရေးယူခံရမယ်ဆိုပြီး အများပြည်သူသိဖို့ သတင်းစာမှာ ဒုတိယတစ်ကြိမ် ထုတ်ပြန်ပါတယ်။

တတိယအကြိမ်မှာတော့ ကျွန်တော်တို့ ကော်မရှင်ရဲ့ လိပ်စာနဲ့ ဖုန်းနံပါတ်ပေးပြီး သတင်းပေးတိုင်ကြားကြပါလို့ဆိုတဲ့အတွက် ရဟန်းတစ်ပါးက အွန်လိုင်းကနေ တိုင်ပါတယ်။ သူတို့ဘယ်လိုဆုံးရှုံးသွားတယ်။ ဘယ်လိုအကျိုးအမြတ်ကိုတော့ ကာလတိုအတွင်းမှာပေးတယ်။ ဘယ်အချိန်မှာ ပျောက်သွားတယ် စသဖြင့် ဆုံးရှုံးမှုတွေကို လာတိုင်ပါတယ်။ ဒီတိုင်ကြားမှုတွေကို ကျွန်တော်တို့ ကော်မရှင်ကနေ ဝန်ကြီးဌာနကို တင်ပြတယ်။ ပြည်ထဲရေးကိုအကြောင်းကြားပါတယ်။ အရေးယူဖို့ ဆက်လက်ဆောင်ရွက်နေပါတယ်။

**မေး။ ။ အစုရှယ်ယာရောင်းချရဖို့ဘယ်လိုသတ်မှတ်ချက်တွေနဲ့ ပြည့်စုံရမလဲ။**

ဖြေ။ ။ အစုရှယ်ယာရောင်းချတယ်ဆိုတာ အများနဲ့သက်ဆိုင်တဲ့ ကုမ္ပဏီဖြစ်ရမယ်။ အများပြည်သူကို အစုရှယ်ယာ ဖိတ်ခေါ်ပြီဆိုရင် ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ကို အလားအလာညွှန်းတမ်း တင်ရမယ်။ ကော်မရှင်က အတည်ပြုပြီးတော့မှ ရောင်းချခွင့်ရှိကြောင်း ငွေချေးသက်သေခံလက်မှတ် လဲလှယ်ရောင်းဝယ်ရေး ဥပဒေမှာပါရှိပါတယ်။ အခုအစုရှယ်ယာရောင်းနေတဲ့ ကုမ္ပဏီတွေက Private ကုမ္ပဏီတွေဖြစ်တယ်။ Private ကုမ္ပဏီသည် အများပြည်သူကို အစုရှယ်ယာ ရောင်းခွင့်မရှိပါဘူး။ ဥပဒေနဲ့ မညီတာကို လုပ်ခြင်းဖြစ်ပါတယ်။ ဒါကိုအများပြည်သူတွေကလည်း အကျိုးအမြတ်များများ ရမယ်ဆိုတာကို မက်မောပြီး ဥပဒေနဲ့ညီ မညီကို မကြည့်ကြတော့ပါဘူး။ အများပြည်သူရဲ့ဥပဒေပညာ သိရှိမှုအားနည်းတာ၊ ယုံလွယ်တာ စတဲ့အားနည်းချက်တွေပေါ်မှာ မူတည်ပြီးလုပ်ကြတာဖြစ်တယ်။

**မေး။ ။ နည်းပညာတွေ တိုးတက်လာတဲ့ခေတ်မှာ အွန်လိုင်းကို အသုံးပြုပြီး အစုရှယ်ယာတွေရောင်းချလာတဲ့ အပေါ် ဘယ်လိုများသုံးသပ်ပါသလဲ။**

ဖြေ။ ။ ဆက်သွယ်ရေးနည်းပညာ တိုးတက်လာတာ လူနေမှုအဆင့်အတန်းမြင့်မားစေဖို့ အထောက်အကူပြုပါတယ်။ ဒါပေမယ့် တလွဲအသုံးချတာကတော့ အန္တရာယ်ကြီးပါတယ်။ အခုဖြစ်နေတာက အွန်လိုင်းကနေ ရင်းနှီးမြှုပ်နှံမှုတွေကို အမြတ်အစွန်းများမယ်လို့ မက်လုံးပေးပြီး ဖိတ်ခေါ်ကြတယ်။ ဆုံးရှုံးတာလည်း အင်မတန်မြန်တယ်။

**မေး။ ။ နောက်နောင်မှာ အများပြည်သူ လိမ်လည်မခံရအောင် ဘယ်လိုတိုက်တွန်းလိုပါသလဲ။**

ဖြေ။ ။ မြန်မာနိုင်ငံမှာ အရင်းအနှီးဈေးကွက်ရဲ့ ကနဦးအဆင့်ဖြစ်တဲ့ ရန်ကုန်စတော့အိတ်ချိန်းကို တည်ထောင်ပြီးပါပြီ။ စာရင်းသွင်းထားတဲ့ ကုမ္ပဏီလေးခုက တရားဝင်ဈေးကွက်တွေရှိပါတယ်။ အများပြည်သူယုံကြည်စိတ်ချစွာ ရင်းနှီးမြှုပ်နှံနိုင်မှာ ဖြစ်ပါတယ်။အများပြည်သူတွေကတော့ အပြင်က လိမ်လည်တဲ့မက်လုံးတွေကို ယုံကြည်ပြီး ရင်းနှီးမြှုပ်နှံကြတာဖြစ်ပါတယ်။ ဥပဒေမသိမှု၊ ဆင်ခြင်တုံတရား အားနည်းမှုတို့ကြောင့် အလိမ်ခံရတာဖြစ်ပါတယ်။ မက်လောက်အောင် မက်လုံးအမျိုးမျိုးပေးတာတွေကို အများပြည်သူတွေမယုံလွယ်ကြပါနဲ့၊ ဆင်ခြင်တုံတရားနဲ့ စဉ်းစားဆင်ခြင်ကြပါ။ မိမိတို့ချွေးနဲ့စာနဲ့ ရထားတဲ့စုဆောင်းငွေတွေ ဆုံးရှုံးတာဖြစ်တဲ့အတွက်ကြောင့် မိမိရင်းနှီးမြှုပ်နှံမယ့်ကုမ္ပဏီရဲ့ခိုင်မာမှုကိုလည်း အရင်ကြည့်ကြပါလို့ ပြောချင်ပါတယ်။ ရင်းနှီးမြှုပ်နှံမယ့် ကုမ္ပဏီသည် ဥပဒေနဲ့အညီ ဒီကိစ္စကို ဆောင်ရွက်ခွင့် ရှိ မရှိ၊ ယုံကြည်စိတ်ချရမှု ရှိ မရှိ သေချာလေ့လာဖို့ လိုပါတယ်။

ကျွန်တော်တို့ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ကို ရင်းနှီးမြှုပ်နှံဖို့သင့်တဲ့ ကုမ္ပဏီ ဟုတ်ရဲ့လားဆိုတာကို ဖုန်းနဲ့ဖြစ်စေ၊ အီးမေးလ်နဲ့ ဖြစ်စေ စုံစမ်းမေးမြန်းလို့ ရပါတယ်။ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင် ဖုန်းနံပါတ်က ၀၁၃၇၀၁၀၀၊ ဖက်စ်-၀၁၃၇၀၁၀၀၊ အီးမေးလ် secm.myanmar@gmail.comသို့ ဆက်သွယ်မေးမြန်းနိုင်ပါတယ်။

# မြန်မာနိုင်ငံနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး

## ကျော်လင်း (ဆောက်လုပ်ရေး)

*ယမန်နေ့မှ အဆက်*

**မြန်မာနိုင်ငံ၏ ၁၉၈၃ ခုနှစ်ရှိ လူဦးရေနှင့် ၂၀၁၄ ခုနှစ်လူဦးရေအား နှိုင်းယှဉ်ဖော်ပြထားသောဇယား**

(နမူနာ)

| စဉ် | မြို့နယ် | လူဦးရေ | | မှတ်ချက် |
|---|---|---|---|---|
| | | ၁၉၈၃ ခုနှစ် | ၂၀၁၄ ခုနှစ် | |
| ၁ | မြစ်ကြီးနား | ၁၅၃၀၆၀ | ၃၀၆၉၄၉ | |
| ၂ | ဖားကန့် | ၃၅၆၀၂ | ၃၁၂၂၇၈ | |
| ၃။ | မချမ်းဘော | ၁၁၁၈၆ | ၈၈၅၈ | |
| ၄။ | မြဝတီ | ၁၂၆၀၀ | ၁၉၅၆၂၄ | |
| ၅။ | ဖလမ်း | ၄၉၄၆၅ | ၄၁၄၅၇ | |
| ၆။ | ရွှေဘို | ၂၀၆၁၄၂ | ၂၃၅၅၄၂ | |
| ၇။ | ကလေးဝ | ၄၂၈၄၇ | ၅၆၄၃၂ | |
| ၈။ | တမူး | ၅၇၀၇၄ | ၅၉၃၄၃ | |
| ၉။ | ထားဝယ် | ၁၁၉၆၀၂ | ၁၂၅၆၀၅ | |
| ၁၀။ | ကော့သောင်း | ၄၃၁၁၄ | ၁၁၆၉၈၀ | |
| ၁၁။ | လက်ပံတန်း | ၁၅၈၈၀၃ | ၁၇၇၄၀၇ | |
| ၁၂။ | သရက် | ၉၂၇၂၂ | ၁၀၄၃၄၇ | |
| ၁၃။ | မိုးကုတ် | ၁၁၂၃၇၆ | ၁၆၇၁၄၉ | |
| ၁၄။ | မြင်းခြံ | ၂၆၀၁၀၃ | ၂၇၆၀၉၆ | |
| ၁၅။ | စစ်တွေ | ၁၇၅၆၇၆ | ၁၄၇၈၉၉ | |
| ၁၆။ | ကျောက်တော် | ၁၅၄၅၆၅ | ၁၇၃၁၀၀ | |
| ၁၇။ | မောင်တော | ၂၇၉၉၉၆ | ၃၈၀၉၉ | |
| ၁၈။ | ဘူးသီးတောင် | ၁၈၅၅၅၅ | ၅၅၅၄၅ | |
| ၁၉။ | ကျိုင်းတုံ | ၁၆၇၆၅၇ | ၁၇၁၆၂၀ | |
| ၂၀။ | မူဆယ် | ၃၈၀၇၂ | ၁၁၇၅၀၇ | |
| ၂၁။ | တာချီလိတ် | ၆၇၇၀၀ | ၁၄၈၀၂၁ | |
| ၂၂။ | လေးမျက်နှာ | ၁၀၀၀၆၆ | ၁၀၃၀၂၄ | |


သို့ဖြစ်ရာ နယ်မြေဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲရာတွင် အောက်ပါရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုစီမံကိန်းပုံစံများကို ရေးဆွဲကြပါသည် -

(က) မြေအသုံးချမှုစီမံကိန်းရေးဆွဲခြင်း (Land Use Planning)

(ခ) ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုစီမံကိန်းများ (Physical Plan)

(ဂ) နယ်မြေစီမံကိန်း (Spatial Plan)

ဇုန်နယ်အမျိုးမျိုးအလိုက် နယ်မြေစီမံကိန်းရေးဆွဲခြင်းလုပ်ငန်းပုံကို နမူနာ ဖော်ပြထားပါသည် -




ဤသို့ နယ်မြေစီမံကိန်းများ ရေးဆွဲရာတွင်ပါဝင်သော Town Planning ရေးဆွဲရာတွင် မြို့ကြီးများ၊ မြို့လတ်များ၊ မြို့ငယ်များနှင့် အထူးဖွံ့ဖြိုးရေး ဇရိယာများအတွက် အောက်ပါနည်းဗျူဟာများ ပါဝင်ရေးဆွဲရပါမည် -


(က) ဥပဒေကြောင်းအရ ပြဋ္ဌာန်းထားသော ဇုန်ခွဲခြားမှု မြေပုံ

(ခ) မြို့ပြအသွင်သဏ္ဍာန် ပြဋ္ဌာန်းထားသော ဇုန်ခွဲခြားမှုမြေပုံ (မြို့ပြမြေတိုးချဲ့မှု၊ ဆေးရုံ၊ ကျောင်း၊ အားကစားကွင်း စသည်ဖြင့်)

(ဂ) မြို့ပြအသွင်သဏ္ဍာန် သရုပ်ပေါ်စေရန်အတွက် အဆိုပြုစီမံကိန်း လျာထားချက်များ

(ဃ) လက်ရှိနှင့် အနာဂတ်မြို့ဧရိယာ (လူဦးရေ)အတွက် ရေအရင်းအမြစ်များ ထိန်းသိမ်းမှု၊ ရေရှိနိုင်သည့် နည်းလမ်းများ၊ ရေပေးဝေမှုစနစ် စသည်တို့ ပါဝင်သော Water Master Plan ဖော်ပြခြင်း။

(င) အမှိုက်သိမ်းဆည်းခြင်း၊ ရွှေ့ပြောင်းသယ်ဆောင်ခြင်း၊ နောက်ဆုံးအဆင့် စွန့်ပစ်ခြင်းစသည့် လုပ်ငန်းရပ်များ ထည့်သွင်းဖော်ပြထားသော Solid Waste Master Plan ဖော်ပြခြင်း ၊ ယင်းတွင် 3R မူဝါဒနှင့် လက်တွေ့ဆောင်ရွက်မှု နည်းစနစ်များကိုပါ ထည့်သွင်းဖော်ပြခြင်း။




(စ) ပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းသိမ်းရေးနှင့် ပြည်သူလူထုအတွက် သန့်ရှင်း၍ ကျန်းမာရေးနှင့်ညီညွတ်သည့် အခြေအနေကောင်းများ ဖန်တီးပေးနိုင်ရေးအတွက် Sanitation or Sewerage Master Plan ဖော်ပြခြင်း။

(ဆ) ရေကြီးခြင်းပြဿနာကို ဖြေရှင်းနိုင်မည့် နည်းလမ်းများနှင့် မော်တော်ယာဉ်များကြောင့်ဖြစ်ပေါ်သော လေထုညစ်ညမ်းမှုကို လျော့ပါးစေမည့် နည်းလမ်းများ စသည်တို့ပါဝင်သော မြို့ပြသယ်ယူပို့ဆောင်ရေးစနစ် (Transportation Plan Program) များ ရေးဆွဲခြင်း။

(ဇ) လုပ်ငန်းအကောင်အထည်ဖော်မှုအပေါ် ကြီးကြပ်စစ်ဆေးသော နည်းလမ်းများကိုပါ ထည့်သွင်းဖော်ပြရမည်။

ဖော်ပြပါ နည်းဗျူဟာများကို အခြေခံ၍ Town Planning ရေးဆွဲခြင်းကို အောက်ပါလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်လျက်ရှိပါသည်။

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံဆွေးနွေးခြင်း။

(ခ) မြို့၏ လက်ရှိအခြေအနေနှင့် ဖွံ့ဖြိုးတိုးတက်မှုအလားအလာများအရ မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းများကို Planning Process နှင့်အညီ အဆိုပြုသဘောထားပုံစံရေးဆွဲခြင်း။

(ဂ) ရေးဆွဲပြီးသော မြို့ပြစီမံကိန်း အဆိုပြုပုံစံမူကြမ်းအား တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်း၍ လိုအပ်ချက်နှင့်အညီ ပြင်ဆင်ဖြည့်စွက်ခြင်း။

(ဃ) အဆင့်ဆင့် အတည်ပြုချက်ရရှိပြီးသည့် အဆိုပြုသဘောထားပုံစံကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ ပေးပို့ခြင်း။


(င) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့မှ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများကို လွှတ်တော်အဆင့်ဆင့်သို့တင်ပြပြီး စီမံကိန်းပုံစံ အတည်ပြုချက်နှင့် ခွင့်ပြုချက်ရယူခြင်း၊ ပြည်ထောင်စုအစိုးရ သဘောတူညီချက်ဖြင့် စီမံကိန်းအဆင့်အလိုက် အကောင်အထည်ဖော်ခြင်းတို့ ဖြစ်ပါသည်။

ထိုသို့ လွှတ်တော်အဆင့်ဆင့်က အတည်ပြုထားသော Town Plan များကို ပြည်သူသို့ ချပြပြီး မြို့ပြဖွံ့ဖြိုးမှုပုံစံသည် ၂၀၂၀ တွင် မည်သို့ဖြစ်မည်၊ ၂၀၂၅ တွင် မည်သို့ဖြစ်မည်၊ ၂၀၃၀ တွင် မည်သို့ဖြစ်မည် စသည်ဖြင့် ရှင်းလင်းသိမြင်စေပြီး မြို့ပြတိုးချဲ့မည့် ဧရိယာရှိ လယ်မြေ၊ ယာမြေ၊ သစ်တောမြေ၊ မြေလွတ်မြေရိုင်းများကို Speculation ပြုလုပ်မည့် ဝိသမသမားတို့ အမြတ်ထုတ်ခွင့် မရရှိရန် ကြိုတင်ကြေညာထားရပါမည်။ စီမံကိန်းဆောင်ရွက်ချိန်တွင် မူလ လယ်မြေ၊ ယာမြေပိုင်ဆိုင်သူများကို ထိုက်သင့်သည့် လျော်ကြေးငွေပေး၍ဖြစ်စေ၊ စီမံကိန်းတွင် ထိုက်သင့်သည့် မြေအမျိုးအစား ပါဝင်ခွင့်ပြု၍ဖြစ်စေ ဆောင်ရွက်သွားရပါမည်။


မြန်မာနိုင်ငံရှိ မြို့များသည် လူဦးရေ ငါးသောင်းမှ တစ်သိန်းရှိ Secondary City များမှာ ၂၀၁၄ ခုနှစ်တွင် ၂၅ မြို့ရှိရာမှ ၂၀၄၀ ပြည့်နှစ်တွင် ၄၃ မြို့အထိ တိုးတက် ရောက်ရှိမည်ဟု ခန့်မှန်းထားပါသည်။ မြို့ပြများ၏ လူဦးရေ ပျံ့နှံ့နေထိုင်မှုနှင့် မြို့ပြဖြစ်ထွန်းမှုပုံစံကို ထည့်သွင်းစဉ်းစားပြီး မြို့ပြများ စနစ်တကျ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်၊ နေထိုင်မှုအဆင့်အတန်း မြင့်မားစေရန်နှင့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးနိုင်ရန် မြို့ပြစီမံကိန်းများကို Planned City Development ပုံစံများရရှိအောင် ကြိုတင်စီမံ ဆောင်ရွက်လျက်ရှိပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြို့များ၏ လူမှုစီးပွားဖွံ့ဖြိုးမှုအလားအလာများအရ ဦးစားပေးနယ်မြေများသတ်မှတ်ပြီး မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများကို ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အမျိုးသား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများကို အခြေခံ၍ လူဦးရေ ငါးသောင်းအထက်ရှိ မြို့ ၆၈ မြို့၊ ငါးသောင်းအောက်မြို့ ၁၁ မြို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်လိုအပ်ချက်အရ မြို့ပေါင်း ၁၇ မြို့၏ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများနှင့် စက်မှုဇုန်စီမံကိန်းများရေးဆွဲ ခဲ့ပြီး စုစုပေါင်း မြို့ပေါင်း ၉၆ မြို့တို့၏ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲခဲ့ပြီးဖြစ်ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် မြို့ပြကွန်ရက်စနစ် (Regional Urban System Plan) ကို ဦးစွာရေးဆွဲ၍ ထိုမှတစ်ဆင့် မြို့ပြဒေသဖွံ့ဖြိုးရေး စီမံကိန်း၊ ထိုမှတစ်ဆင့် မြို့များအလိုက် Town Plan များ၊ Master Plan များ၊ Detail Plan များ ရေးဆွဲအကောင်အထည်ဖော်သွားကြရမည် ဖြစ်ပါသည်။ နမူနာအားဖြင့် ကချင်ပြည်နယ်၏ မြို့ပြကွန်ရက်စနစ်နှင့် အသေးစိတ်စီမံကိန်းအထိ Plan များ ချမှတ်အကောင်အထည်ဖော်ရမည့် အစီအစဉ်ကို အောက်ပါပုံတွင် ဖော်ပြထားပါသည်။




ထို့အတူ မူဆယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းပုံစံ၊ မန္တလေးမြို့ မုံရွာမြို့နှင့် မော်လမြိုင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးပုံစံများကို အောက်တွင်ဖော်ပြထားပါသည်။ ထို့အတူ မြို့ကြီး ၉၆ မြို့၏ ရေးဆွဲပြီးဖြစ်သော မြို့ပြ Town Plan များကို ဆောက်လုပ်ရေးဝန်ကြီးဌာန၏ Website www.ministryofconstruction.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။




ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရေးဆွဲတင်ပြထားသော Town Plan များသည် အဆိုပါမြို့ရှိ လူတိုင်း၏ အနာဂတ်နှင့်သက်ဆိုင်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများသည်လည်းကောင်း၊ သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည်လည်းကောင်း သေချာစွာစိစစ်၍ ဒေသခံပြည်သူများအား ချပြဆွေးနွေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လွှတ်တော်အဆင့်ဆင့်သို့ တင်ပြအတည်ပြုချက် ရယူထားရမည် ဖြစ်ပါသည်။ ။

# ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ အနောက်နိုင်ငံကြီးများ၏ဝင်ရောက်စွက်ဖက်မှုနှင့် နိုင်ငံတကာမီဒီယာများက သတင်းအမှန်များကို ထိမ်ချန်ရေးသားဖော်ပြနေမှုများအပေါ် ကန့်ကွက်ကြောင်း ဆန္ဒထုတ်ဖော်မှု ရန်ကုန်မြို့၌ ပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၂**

ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ အနောက်နိုင်ငံကြီးများ၏ ဝင်ရောက်စွက်ဖက်မှုနှင့် နိုင်ငံတကာမီဒီယာများက သတင်းအမှန်များကို ထိမ်ချန်ရေးသားဖော်ပြနေမှုများ အပေါ် ကန့်ကွက်ကြောင်း ဆန္ဒထုတ်ဖော်မှုတစ်ရပ်ကို ယနေ့ မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့(မဟာဗန္ဓုလပန်းခြံအနီး)၌ ပြုလုပ်သည်။

ဆန္ဒထုတ်ဖော်မှုကို မြန်မာ့နိုင်ငံရေးလေ့လာသူများက ဦးဆောင်၍ ပြုလုပ်ခြင်းဖြစ်ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိခိုက်ပြီး အမှန်တရားကို မသိကျိုးကျွန်ပြု၍ ဖိအားပေးဆောင်ရွက်မှုများအပေါ် ကန့်ကွက်သည့်အနေဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။




အဆိုပါပွဲတွင် ကန့်ကွက်ရှုတ်ချကြောင်း အင်္ဂလိပ်ဘာသာဖြင့် ဟောပြောမှုများပြုလုပ်ခဲ့သူ (မြန်မာ့နိုင်ငံရေးလေ့လာသူ) ဒေါ်ခိုင်ခိုင်ဆုက "နိုင်ငံတကာမှာဆိုရင် မြန်မာနိုင်ငံကို အမျိုးစုံစွပ်စွဲနေတာတွေ့ရတယ်။ မြန်မာနိုင်ငံဟာ လူမျိုးတုံးသတ်ဖြတ်မှုတွေ လုပ်နေတယ်ဆိုပြီး မဟုတ်မမှန်တဲ့ သတင်းတွေကို လုံခြုံရေးကောင်စီအထိတက်ပြီး စွပ်စွဲတာတွေလုပ်နေကြတယ်။ ရခိုင်ပြည်နယ်အရေးဟာ ပြည်တွင်းရေးသာဖြစ်သလို တရားမဝင်ခိုးဝင်လာသူတွေရဲ့ ပြဿနာသာဖြစ်တယ်။ ဒါပေမယ့် ဒီပြဿနာကို နိုင်ငံတကာနဲ့ပတ်သက်တဲ့ကိစ္စတစ်ရပ်အဖြစ် ပုံဖော်လာတာကိုတွေ့ရတယ်။ အဲဒီလို ပုံဖော်လာတဲ့အထဲမှာမှ သတင်းတွေကိုအမှန်အတိုင်းဖော်ပြမှု မရှိဘဲ တစ်ဖက်သတ်ဖော်ပြနေတဲ့ မီဒီယာတွေရှိပါတယ်"ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "ရခိုင်အရေးကိစ္စနဲ့ပတ်သက်ပြီး သေဆုံးသွားတဲ့သူတွေ ထဲမှာ ဟိန္ဒူဘာသာဝင်တွေလည်းပါတယ်။ တိုင်းရင်းသားတွေဖြစ်တဲ့ မြိုတို့ ၊ ဒိုင်းနက်တို့ လည်းပါတယ်။ တကယ်တမ်း Ethnic Cleansing လုပ်ခံနေရတာဟာ မြန်မာနိုင်ငံက လုပ်ခံနေရတာပါ။ နိုင်ငံတကာမီဒီယာတွေအနေနဲ့ လူ့အခွင့်အရေးကိုမြတ်နိုးရင် အမှန်တရားဘက်က ရပ်တည်ပေးပါ။ တကယ်လူသားချင်းစာနာထောက်ထားရင် ရခိုင်တိုင်းရင်းသားတွေကို ကြည့်ပါ။ ဟိန္ဒူဘာသာဝင်တွေကိုကြည့်ပါ" ဟုပြောသည်။

ဆန္ဒထုတ်ဖော်ရာတွင် ပါဝင်သူများက ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ အနောက်နိုင်ငံကြီးများ၏ ဝင်ရောက်စွက်ဖက်မှုနှင့် နိုင်ငံတကာ မီဒီယာများက သတင်း အမှန်များကို ထိမ်ချန်ရေးသား ဖော်ပြနေမှုများအပေါ် အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ကန့်ကွက်ကြောင်း စာသားများရေးသားထားသော ဗီနိုင်းပိုစတာများကိုင်ဆောင်၍ အင်္ဂလိပ်ဘာသာဖြင့် ဟောပြောမှုများပြုလုပ်ကာ ကန့်ကွက်ကြောင်း ဆန္ဒထုတ်ဖော်ကြသည်။

"ရခိုင်ပြည်နယ်အရေးကိစ္စနဲ့ပတ်သက်ပြီး ပြည်ပနိုင်ငံတွေက ကြားသိနေတဲ့ သတင်းတွေအပေါ် အမှန်အတိုင်း သိစေချင်တယ်။ တချို့သတင်းတွေက အမှန်တရားတွေရှိသလို တချို့သတင်းတွေကျတော့ မဟုတ်မမှန်ဘဲ လိမ်ညာထားတဲ့ သတင်းတွေလည်း ပါရှိနေတာတွေ့ရတယ်။ နိုင်ငံတကာမီဒီယာ တွေအနေနဲ့ သတင်းတွေကို ထိမ်ချန်ပြီး ဖော်ပြနေတဲ့အပေါ် အခြားသော ပြည်ပနိုင်ငံကြီးတွေက မြန်မာနိုင်ငံကို ဖိအားပေးဆောင်ရွက်မှုတွေရှိလာရင် ကျွန်တော်တို့နိုင်ငံအတွက် များစွာနစ်နာမှု တွေရှိလာနိုင်တဲ့အတွက် အခုလိုပါဝင်ဆောင်ရွက်ရတာပဲဖြစ်ပါတယ်"ဟု အဆိုပါပွဲတွင်ပါဝင်သူ ဦးမျိုးမောင်မောင်စိုးက ပြောသည်။

နိုင်ငံတကာ မီဒီယာများက သတင်းအမှန်များကို ထိမ်ချန်ရေးသားဖော်ပြနေမှုများအပေါ် နိုင်ငံတကာက သိရှိနိုင်မည့် နည်းလမ်းများကိုအသုံးပြု၍ သတင်းမှန်များကို ပြန်လည်ထုတ်ပြန်သင့်ကြောင်း၊ မှားယွင်းသည့် သတင်းအချက်အလက်များအား ထောက်ပြခြင်း၊ ပြည်တွင်းမီဒီယာများအနေဖြင့်လည်း သတင်းအတတ်ပညာဆိုင်ရာကို အသုံးပြု၍ ဖော်ထုတ်မှသာလျှင် နိုင်ငံတကာ၏လေးစားမှုကို ရရှိလာမည်ဖြစ်ကြောင်း ဝါရင့်သတင်းစာဆရာ ဦးသီဟစောက မြန်မာ့သတင်းစဉ်၏ ဆက်သွယ်မေးမြန်းမှုကို မှတ်ချက်ပြုပြောကြားသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဇော်မင်းလတ်(သတင်းစဉ်)**

# ဖြူးချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ မီးလောင်ပျက်စီးမှုကို အမြန်ဆုံးပြုပြင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဓာတ်အားစနစ်အတွင်းသို့ ဓာတ်အား ထုတ်လုပ် မောင်းနှင်ပေးလျက်ရှိသည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၇ ရုံအနက်မှ တစ်ရုံဖြစ်သည့် ဖြူးချောင်း ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည် စက်တင်ဘာ ၃၀ ရက် ည ၉ နာရီ မိနစ် ၄၀ က Generator Switchgear Room အတွင်းမှ 11 KV Bus Flashover ဖြစ်ခြင်းကြောင့် မီးများပြင်းထန်စွာ လောင်ကျွမ်းမှု ဖြစ်ပွားသည်။

အဆိုပါ ဓာတ်အားပေးစက်ရုံ မီးလောင်မှုဖြစ်ပွားခြင်းကြောင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်သည် အောက်တိုဘာ ၁ ရက်တွင် လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး လုပ်ငန်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းဌာနများမှ တာဝန်ရှိသူများ နှင့်အတူ သွားရောက်စစ်ဆေးခဲ့ပြီး ဝန်ထမ်းများအား အားပေးစကား ပြောကြားခြင်း၊ ဝန်ထမ်းများအတွက် လျှပ်စစ်ဓာတ်အားရရှိရေးနှင့် ပျက်စီးမှုများအား အမြန်ဆုံးပြုပြင်နိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မီးလောင်မှုကြောင့် ၂၃၀/၁၁ ကေဗွီ ၂၅ အမ်ဗွီအေ ထရန်စဖော်မာ တစ်လုံး၊ ၁၁ကေဗွီ မြေအောက်ဓာတ်ကြိုးနှင့် Control Cable များ ပျက်စီးခဲ့ပြီး လူများ ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



## မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိ

**နေပြည်တော် အောက်တိုဘာ ၂**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

မုတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျောက်ဖြူမြို့တွင် ၄ ဒသမ ၁၃ လက်မ၊ မလှိုင်မြို့တွင် ၃ ဒသမ ၂၀ လက်မ၊ တောင်သာမြို့တွင် ၂ ဒသမ ၈၅ လက်မ၊ နေပြည်တော်(ပုဗ္ဗသီရိမြို့နယ်)တွင် ၂ ဒသမ ၅၆ လက်မ၊ မြိတ်မြို့တွင် ၂ ဒသမ ၅၂ လက်မ၊ နေပြည်တော်(ဥတ္တရသီရိမြို့နယ်)တွင် ၂ ဒသမ ၁၆ လက်မ၊ တောင်ကုတ်မြို့တွင် ၂ ဒသမ ၀၁ လက်မ၊ မြောက်ဦးမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ မြဝတီမြို့တွင် ၁ ဒသမ ၆၉ လက်မနှင့် လှိုင်းတက်မြို့တွင် ၁ ဒသမ ၅၀ လက်မတို့ဖြစ်ကြသည်။

**(မိုး/ဇလ)**

## အစွန်းရောက်အကြမ်းဖက်တိုက်ခိုက်မှုများ ဆန့်ကျင်ရှုတ်ချရေး မကွေးမြို့ဒေသခံများ ဆန္ဒထုတ်ဖော်

**မကွေး အောက်တိုဘာ ၂**

မကွေးမြို့နယ် ကန်သာကြီးကျေးရွာအနီး လယ်ကွင်း၌ မကွေးမြို့နယ် သပြေရင်ကျေးရွာနေ ဦးစိုးလွင်ထွန်း ဦးဆောင်သော လူအင်အား ၅၀၀၀ ခန့်က အစွန်းရောက် အကြမ်းဖက်သမားများနှင့် ပြည်ပစွက်ဖက်မှုများအား ဆန့်ကျင်ရှုတ်ချရေး အောက်တိုဘာ ၂ ရက် မွန်းလွဲပိုင်းက ဆန္ဒထုတ်ဖော်မှု ပြုလုပ်ခဲ့သည်။

ဆန္ဒထုတ်ဖော်မှုအား ကန်သာကြီးကျေးရွာအနီးရှိ လယ်ကွင်းအတွင်း "အကြမ်းဖက်ခံတိုင်းရင်းသားများအရေး မီဒီယာများ အမှန်ဖော်ထုတ်ရေး" ဆိုင်းဘုတ်များကိုင်ဆောင်ကာ ဒေသခံပြည်သူအင်အား ၅၀၀၀ ခန့်တို့မှ ဆန္ဒထုတ်ဖော်မှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းနောက် ကွင်းအတွင်း အကြမ်းဖက်သမားများဆန့်ကျင်ရေး ဟောပြောခဲ့ကြောင်း သိရသည်။ **ကျော်ဇေယျ**

## ဘိုကလေးမြို့နယ်အတွင်း လေးလောင်းပြိုင်လူသတ်မှုဖြစ်ပွား

**ဖျာပုံ အောက်တိုဘာ ၂**

ဖျာပုံခရိုင် ဘိုကလေးမြို့နယ် သရော်ချောင်းကျေးရွာအုပ်စု ခိုင်ရွှေဝါကျေးရွာတွင် အောက်တိုဘာ ၁ ရက် ည ၁၂ နာရီက လေးလောင်းပြိုင်လူသတ်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျော်ဌေး (၃၆နှစ်)သည် ဇနီးဖြစ်သူ မသန်းညွန့်ထံ ပိုက်ဆံတောင်းရာမှ ဇနီးဖြစ်သူက မပေးသဖြင့် စကားများပြီး နေအိမ်မှထွက်ခွာခဲ့ကြောင်း ထို့နောက် အောက်တိုဘာ ၁ ရက် ည ၁၂ နာရီတွင် အပြင်မှ နေအိမ်သို့ပြန်ရောက်လာပြီး ဇနီးဖြစ်သူ မသန်းညွန့်နှင့် မသန်းညွန့်၏ ယခင်အိမ်ထောင်နှင့်ရရှိခဲ့သော သမီးသုံးဦးစုစုပေါင်း လေးဦးကို ဓားဖြင့်ခုတ်ခဲ့ကြောင်း သိရသည်။

နေအိမ်အတွင်း မသန်းညွန့်၏ ဦးခေါင်းငယ်ထိပ်တွင် ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရှိရပြီး နေအိမ်အနောက်ဘက် အိပ်ရာထဲတွင် မအေးစန္ဒာ (၁၅နှစ်)၊ မအေးသန္တာ (၁၃နှစ်)၊ မပိစိ (၄နှစ်)တို့မှာ ပြတ်ရှဒဏ်ရာများဖြင့် လေးဦးစလုံး သေဆုံးနေကြောင်း သိရသည်။

သက်သေခံဓားအား နေအိမ်အရှေ့ချောင်းစပ်သို့ ပစ်ချခဲ့ကြောင်း ဝန်ခံသဖြင့် ဘိုကလေး မြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူ ကျော်ဌေး (၃၆နှစ်) ခိုင်ရွှေဝါကျေးရွာနေသူအား ဘိုကလေးမြို့နယ် မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုးမိုး**

# ရန်ကုန်-နေပြည်တော် အမြန်လမ်းပိုင်းတွင် ရှေ့ဘီးပေါက်ကာ ယာဉ်တစ်စီးတိမ်းမှောက်၊ အမျိုးသမီးတစ်ဦးသေဆုံး

**ရေတာရှည် အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရန်ကုန်-နေပြည်တော် အမြန်လမ်းပိုင်း မိုင်တိုင်အမှတ်(၁၇၁/၀ နှင့် ၁၇၁/၁ )အကြားတွင် အောက်တိုဘာ ၂ ရက် နံနက် ၁၀ နာရီခန့်က ယာဉ်တစ်စီး ရှေ့ယာဘက်ဘီးပေါက်ပြီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ ယာဉ်ပေါ်၌ လိုက်ပါလာသော အမျိုးသမီးတစ်ဦး ဆေးရုံအရောက် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်းသတင်းအရ သာဂရ အမြန်လမ်း ရဲစခန်းမှူး ရဲအုပ်ရာဇာလင်း ဦးစီးတပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမီးသတ်တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိစစ်ဆေးခဲ့ရာ ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ မစိုးရွှေစင်(၄၄ နှစ်) ဈေးလည်ရပ်ကွက် မကွေးမြို့နေသူ မောင်းနှင်ပြီး ယာဉ်ပေါ်တွင် အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး လိုက်ပါလာသည့် 2J/------KLUGER ယာဉ်သည် အခင်းဖြစ်နေရာအရောက် ရှေ့ယာဘက်ဘီးပေါက်ပြီး တံတားလက်ရန်းတိုင်အား တိုက်မိကာ လမ်းလယ်ကျွန်းပေါ် ရောက်ရှိ တိမ်းမှောက်သွားခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် လိုက်ပါစီးနင်းလာသူ ဒေါ်ခင်မာမြိုင်(၆၈ နှစ်) မြင်သာ (၂၇) လမ်း မကွေးမြို့နေသူမှာ ဒဏ်ရာများရရှိပြီး သေဆုံးသွားခဲ့၍ သာဂရအမြန်လမ်း ရဲစခန်းမှ ယာဉ်မောင်း မစိုးရွှေစင်အား အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# ရွှေဘိုမြို့၌ သမီးရည်းစားစုံတွဲထံမှ ဓားထောက်လုယက်သူများအား ၂၄ နာရီအတွင်းဖမ်းဆီးရမိ

**ရွှေဘို အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် စကားပြောနေသော သမီးရည်းစားတွဲကို ဓားထောက်လုယက်သူများအား အခင်းဖြစ်ပွားပြီး ၂၄ နာရီအတွင်း ပြည်သူတစ်ဦး၏ သတင်းပေးကူညီမှုဖြင့် ဖမ်းဆီးရမိ ခဲ့ကြောင်း ရွှေဘိုမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကောင်းမြတ်ကျော်က ပြောသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁ ရက် ညနေ ၄ နာရီက ရွှေဘိုမြို့ အမှတ်(၁၀) ရပ်ကွက် တမာပင်အောက်တွင် စကားပြောနေသော သမီးရည်းစားတွဲအနီးသို့ ဆိုင်ကယ်နှစ်စီးနှင့် နှာခေါင်းစည်းတပ်ထားသော လူငါးဦးရောက်ရှိလာပြီး ဆိုင်ကယ်နှစ်စီးအား တွန်းလှဲ၍ အမျိုးသားတစ်ဦးက မောင် --- ၏ ဝမ်းပိုက်အား ဓားနှင့်ထောက်ကာ အခြားအမျိုးသားတစ်ဦးက ဦးခေါင်းအား သံကွင်းစွပ်လက်သီးဖြင့်ထိုးခဲ့ပြီး မ - - - ဝတ်ဆင်ထားသော လက်ကောက်နှစ်ကွင်း၊ လက်စွပ်တစ်ကွင်း၊ ဆွဲကြိုးတစ်ကုံး၊ ပိုက်ဆံအိတ်၊ i Phone 6 Plus တစ်လုံးနှင့် ငွေကျပ် ၃၀၀၀၀ ကို လည်းကောင်း၊ မောင် ---- ထံမှ i Phone 5 S တစ်လုံးကို လည်းကောင်း ယူဆောင်ကာ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရွှေဘိုမြို့နယ်ရဲတပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားသည့် နေရာသို့ သွားရောက်ခဲ့ပြီး စုံစမ်းမှုများပြုလုပ်စဉ် ပြည်သူတစ်ဦး၏ သတင်းပေးကူညီမှုဖြင့် ဓားထောက်လုယက်သူငါးဦးအနက် လေးဦးကို ၂၄ နာရီအတွင်း ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ထံမှ အရိုးအသွား တစ်ပေခန့်ရှိ ဓားဦးချွန်တစ်ချောင်းနှင့် သံကွင်းစွပ်လက်သီးတစ်ခုအပါအဝင် လုယက်သွားသော သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်းရမိခဲ့ကြောင်း ရွှေဘိုမြို့မရဲစခန်းမှူး ဒုရဲမှူးမြင့်မောင်ထံမှ သိရသည်။

ပြစ်မှုကျူးလွန်သူများမှာ အမှတ်(၂)ရပ်ကွက် ပြင်ဈေးတောင်ပိုင်း ရွှေဘိုမြို့နေသူများဖြစ်ကြသည့် စိုးလှိုင်မြင့် (ခ) ကြွက်နီ (၃၄နှစ်)၊ ရန်နိုင်မျိုး (ခ) ပေါက်စီ (၂၅ နှစ်)၊ မွတ်တား (ခ) မျိုးမင်းထက် (၂၀နှစ်)၊ ဇော်ထက်အောင် (၁၈ နှစ်)နှင့် ငပွား (နေရပ်စုံစမ်းဆဲ) တို့အား ရွှေဘိုမြို့မရဲစခန်းတွင် ဥပဒေအရအမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် အစီး ၄၅၀၊ သွင်းကုန် ၅၉၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၂ စီး၊ သွင်းကုန် ၂၁၇ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁ ရက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄ ဒသမ ၂၉၁ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ၁၃ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉ ဒသမ ၇၈၂ သန်းခန့် စုစုပေါင်းတားဆီးမှု ၂၁ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄ ဒသမ ၀၇၃ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၁ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းအား ရှောင်ကွင်းသည့် ရွှေဖြူလမ်း၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ လှည့်ကင်းသွားရောက်စစ်ဆေးမှုပြုလုပ်ရာ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ Toyota Suscceed တစ်စီး၊ Toyota wish သုံးစီး၊ Honda Fit သုံးစီး၊ Honda Insight တစ်စီး၊ Mitsubishi Pajero တစ်စီး၊ Mitsubishi Canter တစ်စီး စုစုပေါင်းယာဉ် ၁၀ စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈ ဒသမ ၅၀၀ သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မိုးကြိုးပစ်၍ နွားတင်းကုပ်တစ်လုံးမီးလောင်၊ နွားတစ်ကောင်သေဆုံး

**တောင်သာ အောက်တိုဘာ ၂**

တောင်သာမြို့နယ် လက်ပတောကျေးရွာ၌ အောက်တိုဘာ ၂ ရက် နံနက်၁နာရီခန့်က မိုးများရွာသွန်းပြီး မိုးကြိုးပစ်ခဲ့ရာ နွားတင်းကုပ်တစ်လုံးမီးလောင်၍ နွားတစ်ကောင် သေဆုံးခဲ့ကြောင်း သိရသည်။

မိုးများရွာသွန်းစဉ် မိုးကြိုးပစ်ခဲ့ရာ ဦးမြင့်တင်-ဒေါ်မုန်းတို့၏ ငါးပင် × သုံးပင်၊ သွပ်မိုး၊ ဝါးထရံခင်း နှစ်ထပ် နွားစာသိုလှောင်သည့် နွားတင်းကုပ်တစ်လုံးအား ထိမှန်ခဲ့၍ အခင်းအကာများ မီးလောင်ပြီး အပေါ်ထပ်ရှိ နွားစာများနှင့် ကြက်သွန်များ ဆုံးရှုံးခဲ့ကာ အဆောင်အတွင်းရှိ နွားမတစ်ကောင်ပါ သေဆုံးခဲ့ကြောင်း သိရသည်။

**လင်းလက်ကြယ်(တောင်သာ)**

---

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**နေပြည်တော်ကောင်စီနယ်မြေ**

၁။ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများနှင့် ကျေးလက်ကျန်းမာရေးဌာနများတွင် ပြည်သူလူထုများအား ကျန်းမာရေးစောင့်ရှောက်ရန်နှင့် ကွင်းဆင်းကုသမှုများတွင် အသုံးပြုရန်လိုအပ်သော ဆေးဝါးများ FDA အသိအမှတ်ပြုကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံ စတင်ရောင်းချမည့်ရက်** - ၉-၁၀-၂၀၁၇ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၉-၁၁-၂၀၁၇ ရက် ညနေ ၁၆း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်ကို သိရှိလိုပါက အောက်ဖော်ပြပါလိပ်စာတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**နေပြည်တော်ကောင်စီ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး၊**
**ဇီဇဝါပန်းအဝိုင်းအနီး၊ ဒက္ခိဏခရိုင်တရားရုံးအနောက်၊ ကန်လှကွက်သစ်ရပ်ကွက်**
**ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ**
**ဖုန်း-၀၆၇-၅၅၀၁၈၄၊ ၀၆၇-၅၅၀၁၈၅**

**အသိပေးကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းဘေးရှိ မြေနေရာ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိသည့် ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်း (ဒုတိယအဆင့်) ရှိ တိုက်ခန်းများကို မဲဖောက်ရောင်းချခဲ့ပြီးဖြစ်ပါ၍ ဝယ်ယူခွင့်ရရှိသူများစာရင်းအား အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ဆယ်ထပ်ရုံး၊ မြေညီထပ်တွင် ၃-၁၀-၂၀၁၇ ရက်နေ့၌ ကြေညာပေးထားပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**မမေဇင်ဦးနှင့်အများသိစေရန်ကြေညာခြင်း**

မြောင်းမြမြို့၊ မြရတနာရပ်ကွက်၊ CD (၂)လမ်းနေ ဒေါ်မြင့်ရီ၏သမီး မမေဇင်ဦး အသက်(၂၁)နှစ်ကို မိဘ၏ အမွေပိုင်ပစ္စည်းများအားပေးကမ်းရန် ကတိပြုထားသော်လည်း မမေဇင်ဦးသည် မိဘ၏ ဆိုဆုံးမမှုကို မနာခံ၍ယနေ့မှစ၍ မေတ္တာဖြင့် ပေးကမ်းခြင်းအား ပြန်လည်ရုပ်သိမ်းပါကြောင်း မမေဇင်ဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြင့်ရီ ၁၄/မမန(နိုင်)၀၄၆၉၅၉

**တစ်ဦးတည်းဖြစ်ပါကြောင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ပိုးစားကုန်းရွာနေ ၂၀၁၄ ခုနှစ်၊ ခုံအမှတ်-စဇ ၁၁၂၂ တက္ကသိုလ်ဝင် စာမေးပွဲအောင် မမေသန်းဦးနှင့် ၂၀၁၅ ခုနှစ် ခုံအမှတ်-စဇ ၁၃၃၉ တက္ကသိုလ်ဝင်စာမေးပွဲအောင် မကြည်လဲ့လဲ့ဦးတို့၏ ဖခင် ဦးမောင်အေး ၅/ဖပန(နိုင်)၀၅၉၂၇၄ နှင့် ဦးခင်မောင်ဟိန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်အေး(ခ)ဦးခင်မောင်ဟိန်း**

**သွေးသည် အသက်**

MINGALAR CINEMAS
မင်္ဂလာ ရွှေဟင်္သာ အဆင့်မြင့်ရုပ်ရှင်ရုံ
ပဲခူးမြို့၊ ဇိုင်းဂနိုင်းမြောက်ပိုင်းရှိ ဘူတာရုံလမ်းနှင့် ထန်းတောကြီးလမ်းထောင့်
Ph : 09428836694 , 09428836695 , 09428836696



မင်္ဂလာရွှေဟင်္သာအဆင့်မြင့်ရုပ်ရှင်ရုံကြီးတွင်နိုင်ငံတကာအဆင့်မီ ခေတ်မီစက်သစ်ကြီးများနှင့် အများပြည်သူများ အပန်းဖြေကြည့်ရှုနိုင်ရန် ရုပ်ရှင်ရုံသစ်ကြီးကို စတင်ဖွင့်လှစ်ပြသလိုက်ပါသည်။
၄.၁၀.၂၀၁၇ ရက်နေ့တွင်စတင်ဖွင့်လှစ်လိုက်ပါပြီ
www.facebook.com/mingalarcinemas
www.facebook.com/mingalarshwehinntharcinema

၄.၁၀.၂၀၁၇ ရက်နေ့တွင် အခမဲ့လာရောက် အပန်းဖြေကြည့်ရှုနိုင်ပါပြီ
FREE SHOW



ပွဲချိန်များမှာ ။ ။ နံနက် ၁၁း၀၀ နာရီ ညနေ ၅း၀၀ နာရီ




ပွဲချိန်များမှာ ။ ။ နေ့လည် ၂း၀၀ နာရီ ည ၈း၀၀ နာရီ

ဇွတ်ကျား အဆင့်မြင့်ရုပ်ရှင်ဇာတ်ကားကြီးကို (၅.၁၀.၂၀၁၇)ရက် ကြာသာပတေးနေ့မှစတင်ပြီး မင်္ဂလာရွှေဟင်္သာအဆင့်မြင့်ရုပ်ရှင်ရုံကြီးတွင် ဝယ်ယူအားပေးကြည့်ရှုနိုင်ပါပြီ။



ပွဲချိန် - ၁၁း၀၀ နာရီ ၊ ၂း၀၀ နာရီ ၊ ၅း၀၀ နာရီ ၊ ၈း၀၀ နာရီ
တစ်နေ့လျှင် (၄)ပွဲ ပြသပါမည်။

# ၂၀၁၇ ခုနှစ်ဇီဝကမ္မဗေဒ သို့မဟုတ် ဆေးဘက်ဆိုင်ရာနိုဘယ်ဆုကို အမေရိကန်သိပ္ပံပညာရှင်သုံးဦးရရှိ




**စတော့ဟုမ်း အောက်တိုဘာ ၂**

၂၀၁၇ ခုနှစ် ဇီဝကမ္မဗေဒ သို့မဟုတ် ဆေးဘက်ဆိုင်ရာ နိုဘယ်ဆုကို အမေရိကန်သိပ္ပံပညာရှင်သုံးဦး ပူးတွဲဆွတ်ခူးရရှိခဲ့ကြောင်း စတော့ဟုမ်းရှိ နိုဘယ်ဆုပေးအပ်ချီးမြှင့်ရေးကော်မတီက အောက်တိုဘာ ၂ ရက်နေ့တွင် ကြေညာခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြခဲ့သည်။

ကာရိုလင်စကာ အင်စတီကျူရှိ နိုဘယ်ဆုပေးအပ်ချီးမြှင့်ရေးညီလာခံက ၂၀၁၇ ခုနှစ် ဇီဝကမ္မဗေဒသို့မဟုတ် ဆေးဘက်ဆိုင်ရာနိုဘယ်ဆုကို ဂျက်ဖရီစီဟော၊ မိုက်ကယ်ရို့စ်ဘက်ဘ်နှင့် မိုက်ကယ် ဒဗလျူယန်တို့သုံးဦးအား ပူးတွဲချီးမြှင့်ရန် ဆုံးဖြတ်ချက်ချခဲ့ကြောင်း သိရသည်။

၎င်းတို့သုံးဦးသည် ၂၄ နာရီအတွင်း သက်ရှိများ၌ ဖြစ်ပေါ်နေသော ဇီဝပြောင်းလဲမှုဖြစ်စဉ်များကို ထိန်းချုပ်နိုင်သည့် မော်လီကျူးများ စုပေါင်းလုပ်သည့်စနစ်ကို ရှာဖွေတွေ့ရှိခဲ့သောကြောင့် ထိုသို့နိုဘယ်ဆု ချီးမြှင့်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

နှစ်ပေါင်းများစွာက လူတို့သည် ဇီဝလှုပ်ရှားမှုချိန်ကိုက်နာရီ မည်သို့မည်ပုံ အတိအကျ လုပ်ဆောင်သည်ဆိုသည်ကို မသိသော်လည်း ၎င်းသည် လူအပါအဝင်သက်ရှိများ၌ တစ်နေ့တာ ၂၄ နာရီကို ချိန်သားကိုက်အောင် လုပ်ဆောင်ရာတွင် ကူညီပေးနိုင်ခဲ့သော အရာတစ်ခုဖြစ်သည်ဆိုသည်ကို ရိပ်ဖမ်းအသံဖမ်း သိရှိခဲ့သည်။

ဂျက်ဖရီစီဟော၊မိုက်ကယ်ရို့စ်ဘက်ဘ်နှင့် မိုက်ကယ်ဒဗလျူယန်တို့ သုံးဦးသည် သက်ရှိများ၏ အတွင်းပိုင်း၌ ဇီဝလှုပ်ရှားမှုချိန်ကိုက်နာရီရှိခဲ့သည်ဆိုသည်ကို တွေ့ရှိခဲ့ပြီး ၎င်းတို့က သက်ရှိများ၏အတွင်းပိုင်း၌ မည်သို့မည်ပုံ အလုပ်လုပ်သည်ဆိုသည်ကိုပါ အတိအကျ ရှင်းလင်းပြသနိုင်ခဲ့သည်။

၎င်းတို့သုံးဦး၏ ရှာဖွေတွေ့ရှိမှုက အပင်များ၊ သတ္တဝါများနှင့် လူသားတို့အနေဖြင့် ၎င်းတို့၏ ဇီဝလှုပ်ရှားမှုချိန်ကိုက်ဖြစ်စဉ်များက ၎င်းတို့အတွက် လိုက်လျောညီထွေဖြစ်စေခဲ့ပြီး ကမ္ဘာ့ပြောင်းလဲမှုဖြစ်စဉ်များနှင့်ပါ ချိန်သားကိုက်ဖြစ်စေခဲ့သည်ကို ရှင်းလင်းပြသနိုင်ခဲ့သည်။ ယခုနှစ်ရရှိခဲ့သောဆုသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်းခန့် တန်ဖိုးရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

၂၀၁၇ ခုနှစ် ဇီဝကမ္မဗေဒ သို့မဟုတ် ဆေးဘက်ဆိုင်ရာ နိုဘယ်ဆုရရှိခဲ့သော အမေရိကန်သိပ္ပံပညာရှင်သုံးဦးကို တွေ့ရစဉ်

# အမေရိကန်နိုင်ငံ လပ်စ်ဗီးဂတ်စ်မြို့၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီး ၅၀ ထက်မနည်းသေဆုံး

**လပ်စ်ဗီးဂတ်စ် အောက်တိုဘာ ၂**

အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ် လပ်စ်ဗီးဂတ်စ်မြို့၌ မန္တလေးဘေးဟိုတယ်ရှိ ကျေးလက်တေးဂီတဖျော်ဖြေပွဲ လူစုလူဝေးအတွင်း ယမန်နေ့တွင် သေနတ်သမားတစ်ဦးက လူအနည်းဆုံး ၅၀ ထက်မနည်းကို သေနတ်ဖြင့် ပစ်သတ်ခဲ့ကြောင်း၊ ပစ်ခတ်မှုကြောင့် နောက်ထပ် လူ ၂၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်က ဖော်ပြခဲ့သည်။

အွန်လိုင်းပေါ်တွင် တင်ခဲ့သည့် ရုပ်သံဖိုင်အရ မောင်းပြန်သေနတ်ပစ်ခတ်သံများကိုပင် ကြားခဲ့ရကြောင်း သိရသည်။ အဆိုပါ လက်နက်မျိုးသည် အမေရိကန်နိုင်ငံရှိ သေနတ်ရောင်းသော ဆိုင်များတွင် အလွယ်တကူဝယ်ယူရရှိနိုင်သည့် လက်နက်မျိုးမဟုတ်ကြောင်း သိရသည်။

အေဘီစီ-၇ ရုပ်သံလိုင်း၏ ပြသမှုအရ သေနတ်အချက်ရာပေါင်းများစွာ ပစ်ခတ်ခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူများကို လပ်စ်ဗီးဂတ်စ်ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ နာရီပေါင်းများစွာ သေနတ်ပစ်ခတ်မှုများ ဖြစ်ပြီးနောက် သံသယရှိသူတစ်ဦးအား ရဲတပ်ဖွဲ့က အသေဖမ်းမိထားကြောင်း သိရသည်။

ကြောက်လန့်မှုကြောင့် ထွက်ပြေးခဲ့သည့် ထောင်ပေါင်းများစွာသော လူအုပ်ကြီးသည် သေနတ်ပစ်ခတ်မှုဖြစ်ပွားရာနေရာမှ ဦးတည်ရာမဲ့ ထွက်ပြေးခဲ့ကြသည်။ ကြက်သေသေနေသော ပွဲကြည့်ပရိသတ်များကို ကြည့်လျှင်လည်း ၎င်းတို့၏ အဝတ်များပေါ်တွင် သွေးများပေကျံနေသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး တိုက်ခိုက်မှုဖြစ်ပြီးနောက် လမ်းများကြားသို့ တိုးဝှေ့ပြေးလွှားဝင်ရောက်သွားခဲ့ကြသည်။

သေနတ်ပစ်ခတ်သူသည် အဆိုပါဒေသအနီးနေထိုင်သူဖြစ်ကာ အသက် ၆၄ နှစ်ရှိ စတီဖင်ပက်ဒေါ့ဖြစ်ပြီး ၎င်း၏ လှုပ်ရှားမှုနှင့်ပတ်သက်၍ သတင်းအချက်အလက်တစ်စုံတစ်ရာ မပြောနိုင်သေးကြောင်း သိရသည်။

၎င်းသည် မည်သည့်စစ်သွေးကြွအုပ်စုနှင့်မှ ဆက်သွယ်မှုမရှိဟု ယူဆရကြောင်း၊ ဂျိုးဆက်ဖ်လင်ဘာဒိုက သတင်းထောက်များကို ပြောသည်။

သေဆုံးသူများထဲတွင် နားရက်ယူထားသော ရဲအရာရှိတစ်ဦးပါဝင်ခဲ့ပြီး တာဝန်ထမ်းဆောင်နေသော ရဲအရာရှိနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ သေဆုံးသူများမှာ မြင့်တက်လာနိုင်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

**(ရိုက်တာ၊ ဆင်ဟွာ)**




ပစ်ခတ်မှုဖြစ်ပွားပြီးနောက် အခင်းဖြစ်ပွားရာနေရာတွင် ရဲတပ်ဖွဲ့ဝင်နှင့် ဆေးဘက်ဆိုင်ရာအဖွဲ့များ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်

# ဂျပန်နိုင်ငံ အခွန်ကင်းလွတ်စတိုးဆိုင်များက တရုတ်ခရီးသွားများကိုဆွဲဆောင်

**တိုကျို အောက်တိုဘာ ၂**

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ အခွန်ကင်းလွတ်စတိုးဆိုင်များသည် အမျိုးသားနေ့ အားလပ်ရက်အတွင်း ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်သည့် တရုတ်ခရီးသွားများအတွက် ဆွဲဆောင်မှုတစ်ခုဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် အောက်တိုဘာ ၂ ရက်က ဖော်ပြခဲ့သည်။

အမျိုးသားနေ့အားလပ်ရက်အတွင်း တရုတ်နိုင်ငံသားအများစုသည် ပြည်ပနိုင်ငံများသို့ သွားရောက်လေ့လာလေ့ရှိကြောင်း သိရသည်။

ဂင်ဇာဒေသရှိ အခွန်ကင်းလွတ်ခွင့်စတိုးဆိုင်တစ်ခုတွင် လျှပ်စစ်ပစ္စည်း များနှင့် အကောင်းစားနာရီများ ရောင်းချခဲ့ဖူးပြီး ယခုအခါတွင် လူကြိုက်များသော အလှကုန်ပစ္စည်းများ၊ အလှအပနှင့် ဆက်စပ်ပစ္စည်းများကို ပြသထားကြောင်း သိရသည်။

ဂျပန်အလှကုန်များသည် ကျော်ကြားသော ပစ္စည်းများဖြစ်သည့်အတွက် အများအပြားဝယ်ယူကြကြောင်း စတိုးဆိုင်အရာရှိများက ပြောသည်။ ဂျပန်အလှကုန်ပစ္စည်းများသည် အလွန်ကောင်းကြောင်း အသက် ၄၀ ပတ်ဝန်းကျင်ရှိ တရုတ်အမျိုးသမီးတစ်ဦးက ဆိုသည်။

**(အင်န်အိတ်ချ်ကေ)**

# အယ်လ်ဂျီးရီးယားတပ်ဖွဲ့ အကြမ်းဖက်သမားများကို ပစ်ခတ်ရှင်းလင်း

**အယ်လ်ဂျီးယား အောက်တိုဘာ ၂**

အစိုးရတပ်ဖွဲ့အနေဖြင့် ယမန်နေ့က နိုင်ငံအရှေ့ပိုင်း ဘယ်လ်ဂျာဂျီယာပြည်နယ်၌ အကြမ်းဖက်နှိမ်နင်းရေးဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမား ငါးဦးကို ပစ်ခတ်ရှင်းလင်းနိုင်ခဲ့ကြောင်း အယ်လ်ဂျီးရီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

မြို့တော်အယ်လ်ဂျီးယားနှင့် ကီလိုမီတာ ၂၅၀ ကွာဝေးသည့် ဘယ်လ်ဂျာဂျီယာပြည်နယ်တောင်တန်းဒေသများ၌ အကြမ်းဖက်နှိမ်နင်းရေး ဆောင်ရွက်စဉ်အတွင်း အဆိုပါအကြမ်းဖက်သမားများအား ပစ်ခတ်ရှင်းလင်းနိုင်ခဲ့ခြင်းဖြစ်ပြီး လက်နက်ခဲယမ်းများလည်း သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာလကုန်ပိုင်းကတည်းက စတင်ခဲ့သော အကြမ်းဖက်နှိမ်နင်းရေး စစ်ဆင်ရေးများကို အစိုးရအနေဖြင့် ဆက်လက်ဆောင်ရွက်နေကြောင်း သိရပြီး အကြမ်းဖက်သမားတစ်ချို့သည်လည်း တောင်တန်းဒေသများတွင် ဆက်လက်လှုပ်ရှားနေဆဲဖြစ်ကြောင်း သိရသည်။ လွန်ခဲ့သော စက်တင်ဘာ ၂၅ ရက်က နိုင်ငံအတွင်းရှိ အစွန်းရောက်အကြမ်းဖက်သမားများကို အစိုးရထံလက်နက်ချရန် အယ်လ်ဂျီးရီးယားဝန်ကြီးချုပ် အာမက်ကယူရာဟီရာက တိုက်တွန်းခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ဗီယက်နမ်၌ ရထားနှစ်စင်းခေါင်းချင်းဆိုင်တိုက်ရာ ခြောက်ဦးသေဆုံးပြီး ဆယ်ဦးဒဏ်ရာရ



ခေါင်းချင်းဆိုင်တိုက်မိမှုကြောင့် တိမ်းမှောက်သွားသော ရထားတွဲနှစ်တွဲကို တွေ့ရစဉ်

**ဟိုချီမင်း အောက်တိုဘာ ၂**

ဗီယက်နမ်နိုင်ငံတောင်ပိုင်း တေနင်ပြည်နယ်၌ အောက်တိုဘာ ၂ ရက် အစောပိုင်းက ရထားနှစ်စင်းခေါင်းချင်းဆိုင်တိုက်မိမှုဖြစ်ပွားခဲ့ရာ လူခြောက်ဦးသေဆုံးခဲ့ပြီး အခြားဆယ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြခဲ့သည်။

ရထားတိုက်မိမှုသည် ဒေါင်မင်ချာ ခရိုင်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ၁၆ ဦးထိုင် လူစီးရထားတွဲနှင့် ၃၅ ဦးထိုင် လူစီးရထားတွဲတို့ ခေါင်းချင်းဆိုင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ရထားတိုက်မိမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို တေနင်ဆေးရုံနှင့် ဟိုချီမင်းဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ဖော်ပြခဲ့သည်။

၁၆ ဦးထိုင် လူစီးတွဲတွင် လိုက်ပါလာသူများအားလုံးမှာ နိုင်ငံတောင်ပိုင်းရှိ အန်ဂျန်ဒေသမှဖြစ်ပြီး ၎င်းတို့သည် တေနင်ပြည်နယ်အတွင်းရှိ ဘုရားစေတီတစ်ဆူသို့ သွားရောက်ဖူးမြော်ရန် ထွက်ခွာလာစဉ် ထိုသို့ ရထားတိုက်မှုနှင့် ကြုံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သော ဇန်နဝါရီလမှ စက်တင်ဘာလအထိ ဗီယက်နမ်နိုင်ငံတွင် ယာဉ်မတော်တဆမှုပေါင်း ၁၄၃၅၂ မှုဖြစ်ပွားခဲ့ပြီး လူပေါင်း ၆၁၂၂ ဦး သေဆုံးခဲ့ကာ ၁၄၈၉ ဦး ဒဏ်ရာ အပြင်းအထန်ရရှိခဲ့ကြောင်းသိရပြီး ၈၂၇၀ ဦးမှာ ဒဏ်ရာအနည်းငယ်စီ အသီးသီးရရှိခဲ့ကြကြောင်း ယာဉ်ထိန်းရဲဌာနမှ သိရသည်။ **(ဆင်ဟွာ)**

## နိုင်ငံတကာ သတင်းတိုထွာ

### မင်နီဆိုးတားရှိရဲတပ်ဖွဲ့ဝင် အမြောက်အမြား ဒုစရိုက်မှုများ ကျူးလွန်ခဲ့

**ဝါရှင်တန် အောက်တိုဘာ ၂**
အမေရိကန်ပြည်ထောင်စု မြောက်ပိုင်း မင်နီဆိုးတားပြည်နယ်တွင် ရဲတပ်ဖွဲ့ဝင် ရာနှင့်ချီ၍ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြကြောင်း၊ စည်းကမ်းနှင့်အညီ မည်သည့် အရေးယူဆောင်ရွက်မှုကိုမျှခံယူခဲ့ရခြင်းမရှိကြောင်းစနေနေ့က သတင်းတွင်ဖော်ပြခဲ့ကြောင်း သိရသည်။

လက်ရှိ လိုင်စင်ရရှိထားသည့် ရဲများနှင့် ယခင် ရဲတပ်ဖွဲ့ဝင်ဟောင်း ၅၀၀ ကျော်တို့သည် ၁၉၉၅ ခုနှစ်ကတည်းက အနည်းဆုံးပြစ်မှုတစ်ခုစီ ကျူးလွန်ခဲ့ဖူးကြသူများဖြစ်ကြောင်း၊ သုံးပုံနှစ်ပုံမှာ အပြစ်ပေးအရေးယူခံရခြင်း မရှိသည့်အပြင် ငါးပုံတစ်ပုံမှာ လိုင်စင်ရုပ်သိမ်းမှုနှင့် ရင်ဆိုင်နေရကြောင်း ဒေသမီဒီယာဖြစ်သည့် စတားထရီဗြွန်းက ဖော်ပြခဲ့သည်။

ပြစ်မှုကျူးလွန်သည့် ရဲတပ်ဖွဲ့ဝင်များ အနက် ၁၄၀ ကျော်တို့သည် လက်ရှိတာဝန်ထမ်းဆောင်နေဆဲဖြစ်သည်ဟု မီဒီယာတွင် ဖော်ပြထားသည်။ သုံးဦးမှာ အမျိုးသားတစ်ဦးကိုလည်ပင်းညှစ်သတ်ခဲ့မှု၊ အမျိုးသမီးတစ်ဦးကို သေနတ်ဖြင့် ပစ်သတ်ခဲ့မှုနှင့် အမျိုးသားတစ်ဦးကို လက်သီးဖြင့် ထိုးနှက်သတ်ဖြတ်ခဲ့မှုတို့ကို ကျူးလွန်ခဲ့ကြောင်း သိရသည်။ **(ရိုက်တာ)**

### သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သည့်မြို့၌ မာရသွန်ပြိုင်ပွဲလက်ခံကျင်းပ

**တိုကျို အောက်တိုဘာ ၂**
ဂျပန်နိုင်ငံတစ်လွှားရှိ မာရသွန်အပြေးသမား ၁၄၀၀၀ ခန့်တို့သည် ၂၀၁၁ ခုနှစ်က မြေငလျင်လှုပ်ခတ်မှုနှင့်ဆူနာမီဖြစ်ပွားမှုကြောင့် အကြီးအကျယ်ထိခိုက်ပျက်စီးခဲ့ရသည့် ကမ်းခြေမြို့၌ ပထမဆုံးအကြိမ် မာရသွန်ပြိုင်ပွဲကို ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

တနင်္ဂနွေနေ့ ယှဉ်ပြိုင်မှုတွင် မီယာဂီစီရင်စုရှိ သဘာဝဘေးအန္တရာယ်ကို အဆိုးရွားဆုံးခံစားခဲ့ရသည့် မြို့ငယ်များနှင့် မြို့ကြီးများ၌ ကျင်းပခဲ့ကြသည်။ ပွဲဖြစ်မြောက်ရေးစီစဉ်သူများအနေဖြင့် အဆိုပါ ဧရိယာတွင် လူမှုဘဝများ ပြန်လည်ကောင်းမွန်တိုးတက်နေသည်ကို အများပြည်သူ သိရှိအောင်ပြသလိုကြောင်း ပြောကြားခဲ့သည်။

ဒေသထွက်အာလူးများနှင့် အထူးထုတ်ကုန်များကို အပြေးသမားများအတွက် ပေးအပ်ခဲ့ပြီး လူအုပ်ကြီးက ၎င်းတို့ကိုဂုဏ်ပြုသည့်အနေဖြင့် ဒရမ်တီးခတ်မှုများ ပြုလုပ်ခဲ့ကြသည်။ တိုကျိုမှ လာရောက်ခဲ့သည့်ပြိုင်ပွဲ ဝင်တစ်ဦးက သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်ရချိန်တွင် ၎င်းသည် အနီးအနားရှိမြို့၌ ရှိနေခဲ့ကြောင်းပြောပြခဲ့သည်။ သဘာဝဘေးသင့်ခဲ့သည့် ဒေသတွင် မည်ကဲ့သို့ ပြန်လည်ကောင်းမွန်တိုးတက်နေသည်ကို အလွန်သိမြင်လိုသည့် ဆန္ဒရှိခဲ့ကြောင်း ၎င်းကပြောသည်။
**(အင်န်အိတ်ချ်ကေ)**

# အန္တရာယ်အရိပ်အယောင်တွေနဲ့ လှုပ်ရှားသက်ဝင်လာတဲ့ ဘာလီကျွန်းပေါ်က အာဂန်းမီးတောင်

**ကလျာမိုးမြင့်**



မီးတောင်တစ်တောင်ရဲ့ သက်တမ်းကို ထောင်စုနှစ်တွေနဲ့ ချီပြီးတိုင်းတာနိုင်တဲ့အတွက် အဲဒီမီးတောင်ပေါက်ကွဲမှာကို ရက်အနည်းငယ်လောက် ထိုင်စောင့်နေရတာဟာ သိပ်ပြီး စိတ်ပင်ပန်းစရာမရှိဘူးလို့ ထင်မှတ်ဖွယ်ရာရှိပါတယ်။ ဒါပေမယ့် တကယ့်တကယ်မှာတော့ အဲဒီလိုမဟုတ်ပါဘူး။

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှာ နေထိုင်ကြတဲ့ ပြည်သူထောင်ပေါင်းများစွာတို့ဟာ နေအိမ်တွေကနေ စွန့်ခွာထွက်ပြေးနေကြရပါတယ်။ ရက်သတ္တပတ်တစ်ခုကျော်လွန်တဲ့အထိ ကျရောက်အံ့ဆဲအန္တရာယ်အနီးမှာ နီးနီးကပ်ကပ်နေထိုင်ခဲ့ပြီး အဲဒီအန္တရာယ်ဟာ လက်တစ်ကမ်းအလိုမှာ ရောက်ရှိနေပါပြီ။ အရေးပေါ်ကာကွယ်ရေး အဆောက်အအုံတွေထဲက တစ်ခုကိုရောက်ရှိခဲ့တဲ့ အချိန်ကစပြီး အချိန်တွေ တရွေ့ရွေ့နဲ့ ကုန်လွန်နေခဲ့ရတယ်လို့ ကီတပ်ဆီရီက ပြောခဲ့ပါတယ်။

ကလေးငယ်တွေရဲ့ အဝတ်အစားတွေကို ကျပ်သိပ်နေအောင်ထည့်ထားတဲ့ ပလတ်စတစ်အိတ်တွေနဲ့ ဝန်းရံနေတဲ့ နေရပ်စွန့်ခွာလာခဲ့သူဆက်က နောက်မှာ ချန်ထားခဲ့ရတာတွေအတွက် နောက်ဆံတင်းနေရတယ်လို့ ပြောပါတယ်။

“ကျွန်မရဲ့ အိုးခွက်ပန်းကန်တွေနဲ့ ချက်ပြုတ်စရာ ပစ္စည်းတွေကို ယူလာခဲ့ရရင်ကောင်းမှာပဲ”ဆိုပြီး သူဒီနေရာမှာ နောက်ထပ်ကြာကြာနေရဦးမယ့် အရိပ်အယောင်တွေရှိနေတဲ့ စကားကို ပြောခဲ့တာဖြစ်ပါတယ်။

အရေးပေါ် ယာယီအဆောက်အအုံထဲမှာ ကီတပ်ဆီရီလိုပဲ တခြားနေအိမ်စွန့်ခွာလာတဲ့လူ ၁၄၀၀၀၀ ကျော်လောက်ရောက်ရှိနေပါတယ်။ “ကျွန်မ သိပ်ပင်ပန်းနေပြီ။ အလုပ်တွေလည်း မလုပ်ရတဲ့အတွက် စိတ်မကောင်းဘူး။ ဘယ်လိုလုပ်ရမှန်းလည်း မသိဘူး”လို့ ပြောပါတယ်။ ကီတပ်ရဲ့ ကလေးတွေဟာ ကွန်ကရစ်အဆောက်အအုံ အနီးတစ်ဝိုက်မှာ ဘောလုံးတစ်လုံးနဲ့ ကစားနေကြတယ်။

တခြား ရွှေ့ပြောင်းခိုလှုံနေကြသူ ၁၀၀ လောက်နဲ့အတူ ဒီနေရာမှာ နေထိုင်နေခဲ့ကြတာပါ။ ရွာမှာကျန်နေခဲ့တဲ့ ကျွဲ၊ နွားတိရစ္ဆာန်တွေကို ကြည့်ရှုစစ်ဆေးဖို့ ပြန်လာခဲ့တဲ့အခါ ဟာလာဟင်းလင်းဖြစ်နေတဲ့ရွာထဲမှာ ကီတပ်ရဲ့ အမျိုးသား ပျောက်နေပါတယ်။ အဲဒီလိုဖြစ်နေတာကလည်း သူတစ်ယောက်တည်း မဟုတ်ပါဘူး။

ကျွဲ၊ နွားတွေနဲ့ ကြက်တွေဟာ တောင်ကုန်းတွေရဲ့ အနောက်ဘက်ကို ထွက်ခွာသွားခဲ့ရတာ ဖြစ်နိုင်ပါတယ်။ တချို့ကတော့ အန္တရာယ်ရှိနေတဲ့နေရာတွေကို ခေါက်တုန့်ခေါက်ပြန်သွားလာပြီး ကောင်း ကောင်းသိမ်းဆည်းလုပ်ဆောင်ခဲ့ခြင်းရှိမရှိပြန်သွားကာ ကြည့်ကြတယ်။

အာဂန်းမီးတောင်နဲ့ ပတ်သက်ပြီး စီမံထိန်းချုပ်ဆောင်ရွက်မှုတွေ လုပ်ဆောင်နေတဲ့ မီးတောင်ကျွမ်းကျင်ပညာရှင်တွေက ဒီလို အခြေအနေတွေဟာ နောက်ထပ်ရက် သတ္တပတ်ပေါင်းများစွာကြာအောင် ဆက်ဖြစ်နေဦးမှာဖြစ်တယ်။ လနဲ့ချီပြီးတောင် ကြာနိုင်တယ်လို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ မီးတောင်ပေါက်ကွဲမှု မဖြစ်လာတော့တာမျိုးလည်း ရှိနိုင်တယ်။ လွယ်လွယ်ကူကူနဲ့တော့ မသိနိုင်ဘူးလို့ ကျွမ်းကျင်သူတွေက ပြောခဲ့ပါတယ်။

ဘာလီကျွန်းပေါ်က အာဂန်းမီးတောင်နဲ့ပတ်သက်ပြီး အာဏာပိုင်တွေက အမြင့်ဆုံးသတိပေးချက်တွေ ထုတ်ပြန်ထားပြီးပါပြီ။ မီးတောင်ပေါက်ကွဲမှုဟာ ဖြစ်ပွားအံ့ဆဲဆဲအခြေအနေမှာ ရှိတယ်လို့ ဆိုထားပါတယ်။ အခုချိန်ထိကတော့ စောင့်ကြည့်သတိထားနေရတဲ့ အခြေအနေမှာပဲ ရှိနေပါတယ်။

လူပေါင်း ၁၀၀၀၀ လောက်ကို ဘေးလွတ်ရာ ရွှေ့ပြောင်းထားပြီးဖြစ်သလို လူတွေကိုလည်း အာဂန်းတောင်ကနေ ၉ ကီလိုမီတာအကွာလောက်မှာ နေထိုင်ကြမှ အန္တရာယ်ကင်းလိမ့်မယ်လို့ သတိပေးထားပါတယ်။ မီးတောင်တုန်ခါမှု ရှိနေပြီး ချော်ရည်ပူတွေ အထက်ကို တက်လာနေတဲ့ လက္ခဏာတွေကို တွေ့ရတယ်လို့ အာဏာပိုင်တွေက သတင်းပေးခဲ့ပါတယ်။

အာဂန်းတောင်ဟာ ၁၉၆၃ ခုနှစ်မှာ ကြောက်မက်ဖွယ်ပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ပြီး လူပေါင်း၁၀၀၀ကျော် သေဆုံးခဲ့ပါတယ်။ မီးတောင်လှုပ်ရှားမှုအခြေအနေတွေကြောင့် အင်ဒိုနီးရှားအာဏာပိုင်တွေဟာ ဘာလီအပန်းဖြေကျွန်းဆီကို ဦးတည်ထွက်ခွာလာတဲ့ လေကြောင်းခရီးစဉ်တွေကိုလည်း လမ်းကြောင်းလွှဲဖို့ဆောင်ရွက်ခဲ့ကြပါတယ်။ အာဂန်းမီးတောင်ဟာ ပြီးခဲ့တဲ့ဩဂုတ်လကတည်းကစပြီး လှုပ်ရှားနေခဲ့တာဖြစ်ပြီး နှစ် ၅၀ ကျော်ပြီးမှ နောက်ထပ် တစ်ကြိမ်ပေါက်ကွဲဖို့ တာစူနေပါတယ်။

နှစ်စဉ်ကမ္ဘာလှည့်ခရီးသည် သန်းနဲ့ချီပြီးဝင်ရောက်မှုရှိတဲ့ ဘာလီအပန်းဖြေကျွန်းဟာ သာယာလှပတဲ့ ကမ်းခြေတွေနဲ့ ခရီးသွားလုပ်ငန်းကနေ ဝင်ငွေများစွာရရှိခဲ့ပေမယ့် မီးတောင်သာ ပေါက်ကွဲသွားလို့ကတော့ ခရီးသွားလုပ်ငန်းကို ထိခိုက်ကာ စီးပွားရေးအတွက် အခြေအနေသိပ်ကောင်းလှမှာမဟုတ်ပါဘူး။ မီးတောင်ပေါက်ကွဲလာနိုင်တဲ့ အခြေအနေတွေကြောင့် ထွက်ပြေးနေကြရတဲ့သူ အရေအတွက်ဟာ ၈၀၀၀၀ ကျော်အထိ ရှိခဲ့ပါပြီ။

မီးတောင်ပေါက်ကွဲခဲ့ရင် ဘာလီကျွန်းရဲ့မြို့တော် ဒင်ပါဆာလေဆိပ်ကို ထိခိုက်မယ့် အခြေအနေတော့မရှိဘူး။ ဒါပေမယ့် ဩစတြေးလျ၊ စင်ကာပူနဲ့ နိုင်ငံအချို့က လူတွေကို ခရီးသွားလာရာမှာ သတိထားဖို့ အကြံပြုထားပါတယ်။

အစိုးရလေ့လာရေး အခြေစိုက်စခန်းမှာ ဝါရင့်မြေငလျင်ကျွမ်းကျင်ပညာရှင် ဒီဗီကာမီလ်ဟာ သတင်းထူးရလိုရငြား ၎င်းရဲ့ အခန်းတံခါးရှေ့မှာ နေ့စဉ်လာပြီး တန်းစီတံခါးခေါက်နေကြတဲ့ ဂျာနယ်လစ်တွေ တသီတတန်းရှိနေပေမယ့် သွေးအေးအေးနဲ့ တည်တည်ငြိမ်ငြိမ်ပါပဲ။

ဒီလိုဖြစ်ရပ်မျိုးဟာ အမြဲတမ်းပေါက်ကွဲမှုတွေနဲ့ အဆုံးသတ်ရတာ မဟုတ်ပါဘူး။ ၁၉၆၀ ပြည့်နှစ်မှာ အာဂန်းတောင်ကနေ ချော်ရည်ပူတွေ နောက်ဆုံးစီးကျခဲ့တုန်းက ယနေ့အခါမှာ သူတို့တွေ သုံးနေကြတဲ့ တိုင်းတာရေးကိရိယာတွေ မပေါ်ခဲ့သေးပါဘူး။

ဒါကြောင့် ပေါက်ကွဲမှုဖြစ်ပွားတော့မယ်လို့ ပြသနိုင်တဲ့ လက္ခဏာအပြုအမူတွေကို သိဖို့ဆိုတာလည်း မဖြစ်နိုင်ဘူးလို့ ၎င်းက ရှင်းပြခဲ့ပါတယ်။ ဒါပေမယ့် သိပ္ပံနည်းကျတဲ့ အသေးစိတ်အချက်အလက်တိုင်းကို တချို့က အသေးစိတ်စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးနေကြချိန်မှာ တချို့ကတော့ နတ်၊ ဝိညာဉ်ဆိုင်ရာ သဘာဝလွန်အရိပ်လက္ခဏာတွေကို စောင့်ကြည့်နေကြတယ်။

ဥမင်တစ်ခုမှာရှိတဲ့ ဂိုအာလာဝါ ဟိန္ဒူဘုရားရှိခိုးကျောင်းမှာဆိုရင် နေ့စဉ်နဲ့အမျှ ဆုတောင်းဝတ်ပြုသူတွေနဲ့ ပြည့်နှက်နေပြီး ဘာလီကျွန်းပေါ်က ပြည်သူအများက အဲဒီနေရာဟာ မီးတောင်ရဲ့စွမ်းအင်နဲ့ ဆက်စပ်နေတယ်လို့ ယုံကြည်နေကြတယ်။

ဘုရားကျောင်းအာဏာပိုင်တစ်ဦးဖြစ်တဲ့ အီပူတီဂျူလီယက်ကို လူတွေဘာအတွက် ဆုတောင်းနေကြတာလဲလို့ မေးကြည့်တော့ အများစုက ကံကောင်းခြင်းတွေရရှိဖို့ ဆုတောင်းနေကြတာဖြစ်တယ်လို့ ဂျူလီယက်က ပြောပါတယ်။ အာဂန်းတောင်ကနေ သတင်းတွေကြားရဖို့ စောင့်ဆိုင်းနေရတာဟာ တော်တော်လေးကြာရှည်တဲ့ဖြစ်စဉ်တစ်ခုရဲ့တစ်စိတ်တစ်ပိုင်းဖြစ်တယ်။ ဘဝသံသရာတစ်ခုဖြစ်သလို စွန့်လွှတ်ပေးဆပ်တဲ့ သံသရာတစ်ခုလည်းဖြစ်တယ်လို့ ၎င်းက ရှင်းပြခဲ့ပါတယ်။

ဒါဆိုရင် မြေငလျင်တုန်ခါလှုပ်ရှားမှုတွေဟာ အပြစ်ပေးခံရတဲ့ လက္ခဏာတစ်ခုလားလို့ မေးမြန်းလိုက်တဲ့အခါ ဂျူလီယက်က တော်တော်လေးသတိထားပြီး အဖြေပြန်ပေးခဲ့ပါတယ်။ အပြစ်ပေးတာ မဟုတ်ဘူး၊ အပြစ်ပေးတာ မဟုတ်ဘူးလို့ ဆတ်ဆတ်ထိမခံတဲ့အကြောင်းအရာတစ်ခုလိုမျိုး ထပ်တလဲလဲ တုံ့ပြန်ဖြေကြားခဲ့ပါတယ်။ မီးတောင်ပေါက်ကွဲနိုင်သလား၊ မပေါက်ကွဲနိုင်ဘူးလားဆိုတာကို ဘယ်သူမှ မသိနိုင်ပါဘူး။

ရန်ဒန်ကျေးရွာဟာ မီးတောင်ပေါက်ကွဲနိုင်တဲ့ ဇုန်ပြင်ပမှာ ရှိနေပါတယ်။ ပြီးတော့ ဈေးရှိတဲ့နေရာဟာ သစ်သီးတွေ၊ ပန်းတွေ၊ ဆန်တွေ ရောင်းနေကြတဲ့ ကုန်သည်တွေနဲ့ လှုပ်ရှားသက်ဝင်ခဲ့တဲ့ ပုံပါပဲ။ ဆိုင်ခန်းဖွင့်ထားသူ ကီတပ်အက်စတင်နင်ကတော့ ဈေးထဲကို လူတော်တော်များများ မလာကြတော့ဘူး။ ဒါကြောင့် ဝင်ငွေထိခိုက်ခဲ့ရတယ်လို့ ဆိုပါတယ်။

ဘယ်သူမှ ဈေးဝယ်မထွက်ကြတော့ဘူး။ အရင်ကဆိုရင် တစ်နေ့ကို ဒေါ်လာ ၃၀ လောက်ရှာနိုင်တယ်။ အခုတော့ ဒေါ်လာ ၃ဒသမ ၇ လောက်ပဲ ရတော့တယ် စိတ်မသက်မသာနဲ့ ပြောခဲ့ပါတယ်။ အာဂန်းမီးတောင်ပေါက်ကွဲမှာကို ထိုင်စောင့်နေရတဲ့ ကစားပွဲဟာ ငြိမ်းချမ်းစွာအဆုံးသတ်သွားဖို့ ဘာလီကျွန်းပေါ်က ပြည်သူအများစုက မျှော်လင့်နေပါတယ်။ **(ဘီဘီစီ၊ အေအက်ဖ်ပီ၊ ဆင်ဟွာ)**

**နှစ်စဉ်ကမ္ဘာလှည့်ခရီးသည် သန်းနဲ့ ချီပြီးဝင်ရောက်မှုရှိတဲ့ ဘာလီအပန်းဖြေကျွန်းဟာ သာယာလှပတဲ့ ကမ်းခြေတွေနဲ့ ခရီးသွားလုပ်ငန်းကနေ ဝင်ငွေများစွာရရှိခဲ့ပေမယ့် မီးတောင်သာ ပေါက်ကွဲသွားလို့ကတော့ ခရီးသွားလုပ်ငန်းကို ထိခိုက်ကာ စီးပွားရေးအတွက် အခြေအနေသိပ်ကောင်းလှမှာမဟုတ်ပါဘူး**

# ဝါလကင်းလွတ် ပျဉ်းမနား သီတင်းကျွတ်ပွဲတော်

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့၏ အထင်ကရပွဲတော်တစ်ခုဖြစ်သည့် သီတင်းကျွတ်လတွင် နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်သော နှစ်ကိုပ်ရှစ်ဆူမြတ်စွာဘုရားများ မြို့တွင်းသို့လှည့်လည်ပူဇော်ပွဲနှင့် ရပ်ဝေးရပ်နီးမှ ပျဉ်းမနားမြို့သို့ လာရောက်လည်ပတ်ကြသည့် ပရိသတ်များအား ဧည့်ခံစတိတ်ကားများဖြင့် မြို့တွင်းသို့ လှည့်လည်ဖျော်ဖြေခြင်းအစဉ်အလာသည် သီတင်းကျွတ်လကျရောက်တိုင်း တစ်နှစ်တစ်ကြိမ် ကျင်းပခဲ့သည်မှာ ယခု ၂၀၁၇ ခုနှစ်တွင် ရာပြည့်အကြို(၉၉) ကြိမ်မြောက်ပြီဖြစ်သည်။

ပျဉ်းမနားမြို့တွင် ရပ်ကွက်ဝတ်ဖြူတော်အသင်း ရှစ်သင်းရှိ၍ ၎င်းဝတ်ဖြူတော် ဝတ်အသင်းရှစ်သင်းမှ လှည့်လည်ဖျော်ဖြေရေး စင်မြင့်ကားရှစ်စီးသည် မြို့တွင်းနေရာအနှံ့အပြားသို့ ရန်ကုန်၊ မန္တလေးမြို့တို့မှ နိုင်ငံကျော် ရုပ်ရှင်သရုပ်ဆောင်၊ တေးသံရှင်များကို ဖိတ်ခေါ်၍ ဧည့်ခံဖျော်ဖြေသည့် အစဉ်အလာသည် နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လတွင် ကျင်းပသော ပျဉ်းမနားမြို့၏ အစည်ကားဆုံးပွဲတော်တစ်ခု ဖြစ်သည်။ ပျဉ်းမနားမြို့၏ ဝတ်ဖြူတော်အသင်းရှစ်သင်းဖြစ်သည့် ရွာကောက်ဝတ်ဖြူတော်ဝတ်အသင်း၊ ရန်အောင် (၁) ဝတ်အသင်း၊ ရန်အောင်(၂) ဝတ်အသင်း၊ နံတော်စဉ်ဝတ်အသင်း၊ ပဌာန်းဝတ်အသင်း၊ မြို့ဦးဝတ်အသင်း၊ တပ်တွင်းဝတ်အသင်း၊ တောင်သာဝတ်အသင်းဟူ၍ရှိရာ အသင်းတစ်သင်းလျှင် စင်မြင့်ကားတစ်စီးဆင်ယင်၍ မြို့တွင်းသို့ လှည့်လည်ဖျော်ဖြေကြခြင်းဖြစ်သည်။

နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လဆန်း ၁၄ ရက်တွင် ဧည့်ခံဖျော်ဖြေရေးကားများသည် မိမိရပ်ကွက်အတွင်း လှည့်လည်ဖျော်ဖြေ၍ သီတင်းကျွတ်လပြည့်နေ့တွင် မြို့တွင်းသို့လည်းကောင်း၊ လပြည့်ကျော် ၁ ရက်နေ့တွင် ဝန်ကြီးဌာန ၂၂ ခု၏ နှစ်ကိုပ်ရှစ်ဆူမြတ်စွာဘုရားကားများသည် သတ်မှတ်လမ်းကြောင်းအတိုင်း လည်းကောင်း အစီအစဉ်တကျ မြို့တွင်းသို့ ဒေသစာရီကြွချီတော်မူပြီး ဘုရားကားများ၏နောက်မှ ဖျော်ဖြေရေးကားများသည် သတ်မှတ်လမ်းကြောင်းအတိုင်း လှည့်လည်ဖျော်ဖြေကြသည်။ ထို့နောက် သက်ဆိုင်ရာမှ နှစ်ကိုပ်ရှစ်ဆူမြတ်စွာဘုရားကားများအား ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုများကိုလည်း ချီးမြှင့်ပေးသည်မှာ နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လတွင် ကျင်းပခြင်းဖြစ်သည်။

ရှေးယခင်က နေပြည်တော်၊ ပျဉ်းမနားမြို့၏ သီတင်းကျွတ်ပွဲတော် ကနဦးအစသည် မြေဝိုင်းအဆိုအတီးအကများဖြင့် ရပ်ကွက်အတွင်း လှည့်လည်ဖျော်ဖြေခြင်းဖြင့်စတင်ခဲ့ပြီး ၎င်းမြေဝိုင်းအကတွင် ယိမ်းအကများလည်း ပါဝင် ဖျော်ဖြေခဲ့ကြောင်း လူကြီးသူမများ၏ ပြောပြချက်အရ သိရသည်။ ထို့နောက် နှစ်ကာလအတန်ကြာ ခေတ်စနစ် တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ တစ်နှစ်ထက် တစ်နှစ်အသွင်အပြင်လည်း ပြောင်းလဲကာ အဆင့်မြင့် စတိတ်ကားများဖြင့် ဧည့်ခံဖျော်ဖြေမှုများ ဖြစ်ပေါ်လာ ခဲ့သည်။

ယခု ၁၃၇၉ ခုနှစ် နေပြည်တော် ပျဉ်းမနားမြို့၏ အထင်ကရ အစည်ကားဆုံး သီတင်းကျွတ်ပွဲတော်ကို ယခင်နှစ်များနှင့်နည်းတူ မိုးလင်းပေါက်ဖျော်ဖြေမှုများအား ဖျော်ဖြေတင်ဆက်မည်ဖြစ်သောကြောင့် ဒေသခံများနှင့် ရပ်နီး၊ ရပ်ဝေးမှ ပျဉ်းမနားမြို့ သီတင်းကျွတ်ပွဲတော်လာရောက်လည်ပတ်ဖူးသူများအနေဖြင့် မျှော်လင့်နေကြကြောင်း သိရသည်။ သီတင်းကျွတ်လသည် မြန်မာလူမျိုးများ၏ ဂါရဝထိပ်ထားသောလဖြစ်၍ သီတင်းကျွတ်လပြည့်နေ့တွင် ဆရာသမား၊ လူကြီးသူမများအား ပူဇော်ကန်တော့ကြသောကြောင့် မင်္ဂလာရှိသောလများအနက် ထူးမြတ်သည့်လတစ်လဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



## အောင်လံမြို့ တာဝတိံသာဘုရားဆင်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိ

**အောင်လံ အောက်တိုဘာ ၂**

မကွေးတိုင်းဒေသကြီး အောင်လံမြို့ ကန်ကြီးရပ်ကွက်တွင်ရှိသော သိမ်ကုန်းဓမ္မာရုံဘုရားကြီး၌ တာဝတိံသာဘုရားဆင်း ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ယခင်နှစ်များကကျင်းပခဲ့သည့် အစဉ်အလာအတိုင်း (၁၂၃)ကြိမ်မြောက်အဖြစ် ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာပူဇာ အစီအစဉ်များ၊ ပျော်ပွဲရွှင်ပွဲအစီအစဉ်များဖြင့် အောက်တိုဘာ ၁ ရက်မှစ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပနေပြီး အောက်တိုဘာ ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် သစ်သီးဆွမ်းများကပ်လှူခြင်း၊ မြို့ပေါ်ရှိ ဆရာတော်ကြီးများအား ပူဇော်ပွဲကျင်းပခြင်း၊ အောက်တိုဘာ ၆ ရက် ညနေ ၆ နာရီတွင် တာဝတိံသာ ဘုရားဆင်းပွဲအထိမ်းအမှတ် ဘုရားဆင်းသရုပ်ပြပူဇော်ခြင်း၊ အရဟံဆွမ်းသပိတ်များ စုပေါင်းလောင်းလှူခြင်း၊ အငြိမ့်သဘင်အဖွဲ့ဖြင့် ကပြဖျော်ဖြေခြင်းတို့ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်သလို တရော်ကုန်းရပ်ကွက်ရှိ ဆုတောင်းပြည့်ရွှေပြောင်ပြောင်ဘုရားကြီး ဗုဒ္ဓရောင်တော်ဖွင့် ဆွမ်းလောင်းသင်းကလည်း နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆွမ်းတော်ကြီးကပ်လှူပွဲနှင့် (၅၃)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲများကိုလည်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သိန်းလွင်(အောင်လံ)**

# အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့အကြို အသိပညာပေးလှုပ်ရှား

**ရန်ကုန် အောက်တိုဘာ ၂**

အောက်တိုဘာ ၁၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့ အခမ်းအနားအတွက် အကြိုအသိပညာပေးလှုပ်ရှားမှုများကို လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ဦးဆောင်မှုဖြင့် စက်တင်ဘာ ၃၀ ရက်က ရန်ကုန်မြို့ပြည်သူ့ရင်ပြင် အပန်းဖြေအားကစားကွင်း၌ ဆောင်ရွက်ခဲ့ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဦးနိုင်ငံလင်းက ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်က ကျင်းပပြုလုပ်သော ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် (၆၄/၂၀၀)အရ နှစ်စဉ် အောက်တိုဘာ ၁၃ ရက်ကို အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့( International Day For Disaster Risk Reduction-DDR)အဖြစ် သတ်မှတ်ခဲ့ပြီး အခမ်းအနားများကိုလည်း ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း ၂၀၁၀ ခုနှစ်မှစတင်၍ နိုင်ငံတော်အဆင့် အခမ်းအနားတစ်ရပ်အနေဖြင့် နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ၂၀၁၃ ခုနှစ်တွင် တိုင်းဒေသကြီးအဆင့် ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့ပြီး ယခု ၂၀၁၇ ခုနှစ်တွင် ပဉ္စမအကြိမ်အဖြစ် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ယခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့ အခမ်းအနား၏ ဆောင်ပုဒ်မှာ “Home Safe Home-ထိ တွေ့ဘေးဒဏ်လျော့ချမှ လုံခြုံစိတ်ချ တို့ဘဝ”ဟူ၍ဖြစ်ပြီး မိသားစုများ နေရပ်စွန့်ခွာပြောင်းရွှေ့ရခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းနှင့် ကျန်းမာရေးထိခိုက်စေခြင်းများမှ အကာအကွယ်ပေးနိုင်သည့် လုံခြုံသောအိမ်ဟူ၍ ရည်ညွှန်းခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ နေအိမ် အဆောက်အအုံများ များပြားလာပြီး လူဦးရေထူထပ်သိပ်သည်းလာကာ စီးပွားရေးကုန်သွယ်မှု ဗဟိုအချက်အချာနေရာတစ်ခု ဖြစ်သည့်အတွက် လူတို့၏ပေါ့ဆမှု၊ ရာသီဥတု ဖောက်ပြန်မှုနှင့် ပထဝီအနေအထား ပြောင်းလဲလာမှုတို့ကြောင့် နှစ်စဉ် မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေးများ ဖြစ်ပွားလျက် ထိခိုက်ပျက်စီးမှု များပြားလာလျက်ရှိကြောင်း၊ သို့ဖြစ်၍ ပြည်သူလူထုမှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာ၊ နည်းပညာ ဗဟုသုတများ နားလည် သိရှိပြီး သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်တုံ့ပြန်နိုင်မည် ဖြစ်ပါကြောင်း၊ ကြိုတင်ကာကွယ်ရေး၊ တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးစသည့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို ထိရောက်စွာဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် မြန်မာနိုင်ငံကို သဘာဝဘေးအန္တရာယ်လုံခြုံစိတ်ချပြီး ကြံ့ကြံ့ခံနိုင်သောနိုင်ငံအဖြစ် တည်ဆောက်သွားနိုင်ရန် ဌာနဆိုင်ရာအဖွဲ့အစည်းအားလုံး မိမိတို့ကဏ္ဍအလိုက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးစေလိုကြောင်းလည်း ဝန်ကြီးက ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနဦးစီးမှူး ဦးဝင်းရွှေက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ဦးလုထွန်းနှင့်အဖွဲ့က ယာဉ်တိုက်မှု၊ လျှပ်စစ်မိုင်းထိခြင်းနှင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့ရပါကလူနာများကို ကူညီကယ်ဆယ်နိုင်ရန် လက်တွေ့သရုပ်ပြမှုများ ပြသခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ မြန်မာနိုင်ငံလျှင်ကော်မတီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ UNI Habitat၊ Australian Aid နှင့် Oxfam In Myanmar တို့ကလည်း ပြခန်းများပြသခဲ့ပြီး လူမှုရေးဝန်ကြီးနှင့် တက်ရောက်လာသူများက လှည့်လည်ကြည့်ရှုခဲ့သည်။

**သန်းထိုက်(လှိုင်သာယာ)**

**ဓာတ်ပုံ-သန်းစိုး**




## စစ်တောင်းမြစ်ပန်းတာကြောင့် စပါးစိုက်ခင်းများသို့ ရေဝင်မှုကိုကာကွယ်နိုင်၍ တောင်သူများအဆင်ပြေ

**တောင်ငူ အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အနောက်ဆင်ရွာအုပ်စုတွင်းရှိ ရွာတန်းရှည်ကျေးရွာသည် စစ်တောင်းမြစ်အကွေ့၏ ထိပ်တည့်တည့်တွင်တည်ရှိပြီး စက်တင်ဘာလအတွင်းက စစ်တောင်းမြစ်ရေမြင့်တက်မှုများကို ကြုံခဲ့ရသော်လည်း တည်ဆောက်ထားသည့် မြစ်ရေထိန်း ကိုင်းရင်တာပေါင်နှင့် အရံတည်ဆောက်ထားသော ပန်းတာတို့ကြောင့် ရေဝင်မှုကို ကာကွယ်နိုင်ခဲ့ပြီး မိုးစပါးစိုက်ကွက် ဧက ၂၀၀၀ ကျော်သို့ ရေဝင်နစ်မြုပ်ခံရမည့်ဘေးမှလည်း ကင်းလွတ်ခဲ့ကြောင်း သိရသည်။

မြစ်ကြောင်းထိပ်တည့်တည့်တွင်ရှိနေသည့် အဆိုပါကျေးရွာနှင့် လယ်ယာစိုက်ခင်းများသို့ မြစ်ရေဝင်ရောက်၍ ပျက်စီးမှုမရှိစေရန်အတွက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက မြစ်ရေတား ကိုင်းရင်တာ တည်ဆောက်ခဲ့ပြီးနောက် ရေဘေးကာကွယ်နိုင်သလို တာပေါင်ကိုလည်း ဒေသတွင်း ရာသီမရွေးသွားလာနိုင်သည့် လမ်းအဖြစ် အဆင်ပြေစွာ အသုံးပြုသွားလာနိုင်ကြ၍ ဒေသခံ ကျေးလက်နေပြည်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကိုင်းရင်းတာအပြင် မြစ်ရေကြီး၍ ရေစိမ့်ဝင်ခြင်းများရှိခဲ့ပါက ကြိုတင်ကာကွယ်နိုင်ရန် အရှည် ၃၇၀၀ ပေရှိ မြေသားပန်းတာကိုလည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်က ထပ်မံတည်ဆောက်ထားခဲ့ကာ ပြီးခဲ့သော နွေရာသီကာလအတွင်းကလည်း တာပေါင်များတစ်လျှောက် မြေသားနိမ့်ကျသည့် နေရာများကို စက်ယန္တရားများဖြင့် ပြန်လည်ပြုပြင်ခြင်းများ ဆောင်ပေးရှက်ခဲ့သည်။

အဆိုပါ ကိုင်းရင်းတာနှင့် အရံ ပန်းတာတို့ကြောင့် ဒေသခံများအနေဖြင့် မြစ်ရေဝင်ရောက်မည်ကို မစိုးရိမ်ရဘဲ စိုက်ပျိုးရေးလုပ်ငန်းများကို ကောင်းစွာလုပ်ကိုင်နိုင်ကြကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# အရည်အသွေးကောင်းမွန်သောထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရေး ဆွေးနွေး

**ညောင်ဦး အောက်တိုဘာ ၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနနှင့် စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (မန္တလေး)တို့ ပူးပေါင်းစီစဉ်မှုဖြင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့အနော်ရထာခန်းမ၌ သန့်ရှင်းပြီး အရည်အသွေး ကောင်းမွန်သော ထုတ်ကုန်များကို ပြည်တွင်းပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ဆွေးနွေးပွဲကို စက်တင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးတို့က အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးစန်းဝင်းနှင့် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ အောင်မြင့်တို့က စာသုံးသူအကာအကွယ်ပေးရေးဥပဒေများ၊ စားသုံးသူများ၏အခွင့်အရေးများ၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဟောပြောဆွေးနွေးကြသည်။

ယင်းနောက် စားသုံးသူရေးရာဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူက စားသုံးသူအခြေပြုစီးပွားရေး ဈေးကွက်ထိုးဖောက်မှု အခြေအနေများနှင့် ဆောင်ရန်ရှောင်ရန် အချက်များကိုလည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)မှ ဒေါက်တာကျော်ကျော်က ထုတ်လုပ်မှုကျင့်စဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း အသေးစိတ် ဟောပြောဆွေးနွေးခဲ့ကြသည်။

ဒေသတွင်းထုတ်လုပ်သည့် စားသောက်ကုန်ပစ္စည်းများ၏ လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာများကို မြှင့်တင်ပေးနိုင်ရန်၊ ထုတ်ကုန်ပစ္စည်းများကို နိုင်ငံတကာ အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ခြင်းဖြင့် အာမခံချက်ပေးနိုင်သည့် သန့်ရှင်းပြီးအရည်အသွေးကောင်းမွန်သော စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ ဖြစ်လာရန်၊ စားသုံးသူအခွင့်အရေးများနှင့် စားသုံးသူတို့၏ အကျိုးစီးပွားကိုကာကွယ်စောင့်ရှောက်ပေးရန်စသည့် ရည်ရွယ်ချက်များဖြင့် ဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**




# ခင်ဘကုန်းရွှေပေလွှာနှင့် ဗုဒ္ဓဘာသာ

မောင်သာ(ရှေးဟောင်းသုတေသန)

ထေရဝါဒ ဗုဒ္ဓဘာသာသည် ပုဂံခေတ် အနော်ရထာမင်းလက်ထက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ကြောင်း ရာဇဝင်ကျမ်းများတွင် ရေးသားခဲ့ကြသော်လည်း မြန်မာနိုင်ငံတွင် ပုဂံခေတ် မတိုင်မီ ပျူခေတ်ကတည်းက ဗုဒ္ဓဘာသာ ကိုးကွယ်မှုရှိခဲ့ကြောင်း အထောက်အထားအဖြစ် ရွှေပေလွှာများကို တွေ့ရှိခဲ့သည်။

ထေရဝါဒဗုဒ္ဓဘာသာဆိုင်ရာ ပိဋကတ်သုံးပုံကောက်နုတ်ချက်များကို ပျူဘာသာစကားဖြင့်ရေးသားထားသည့် ရွှေပေချပ်တစ်ထုပ်ကို ၁၉၂၆ ခုနှစ်က ပျူမြို့ဟောင်း သရေခေတ္တရာ မော်ဇာမှ ရရှိခဲ့ရာ မြန်မာနိုင်ငံ ဗုဒ္ဓဘာသာ သမိုင်းမှန် ဖော်ထုတ်ရေးအတွက် များစွာ အထောက်အပံ့ဖြစ်ခဲ့သည်။ ဦးခင်ဘ ပိုင်ဆိုင်သော ယာကွက်အတွင်းရှိ ဌာပနာတိုက်မှ အချပ် ၂၀ ပါရှိသည့် ရွှေပေလွှာအထုပ်ကို ရရှိခဲ့သဖြင့် ခင်ဘကုန်းရွှေပေလွှာများဟု ထင်ရှားခဲ့သည်။ ယင်းရွှေပေလွှာများသည် မြန်မာနိုင်ငံ၏ ပညာရပ်နယ်ပယ်အသီးသီးတွင် ပျူစာပေယဉ်ကျေးမှုနှင့်ပတ်သက်၍ သုတေသီများ အကိုးအကားပြုကြရသည့် တန်ဖိုးကြီးမားသော ယဉ်ကျေးမှုအမွေအနှစ်များ ဖြစ်လာခဲ့ပေသည်။



**ခင်ဘကုန်း**

စေတီပုထိုးများအပါအဝင် မြေပြင်ပေါ်တွင် တည်ရှိခဲ့သည့် အဆောက်အအုံများသည် နှစ်ပေါင်းထောင်ကျော် ကြာမြင့်လာချိန်တွင် မြေသား များဖုံးအုပ်ကာ မြေကြီးကုန်းများ ဖြစ်လာလေ့ရှိကြသည်။ ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်လေ့လာမှုများ ပြုလုပ်လေ့ရှိသည့် ယင်းမြေကြီးကုန်းများအတွင်း၌ သမိုင်းဆိုင်ရာ ရှေးဟောင်းရုပ်ဝတ္ထုများ၊ အဆောက်အအုံများရှိနေကြသဖြင့် ယင်းကုန်းများကို တူးဖော်ရာမှ သမိုင်းအထောက်အထားများစွာကို ဖော်ထုတ်နိုင်ခဲ့သည်။

သရေခေတ္တရာပျူမြို့ဟောင်း တူးဖော်မှုများအနက် ပျူခေတ်ဆိုင်ရာအထောက်အထားများစွာကို တွေ့ရှိခဲ့သည့် ခင်ဘကုန်းသည် ပျူမြို့ဟောင်း သရေခေတ္တရာနန်းတော်ရာ၏ အရှေ့တောင်ဘက် ကုလားကန်ကျေးရွာမှ အနောက်တောင်ဘက်သို့ ပေ ၂၀၀ အကွာတွင် တည်ရှိသည်။ ကျောက်စာဝန် မစ္စတာဒူရွိုင်ဇယ် ဦးဆောင်သောအဖွဲ့သည် သရေခေတ္တရာ မြို့ဟောင်း သာယာဝတီတံခါးပေါက်အနီး မြို့ရိုးအတွင်း၌ တည်ရှိသည့် ခင်ဘကုန်းကို လွန်ခဲ့သော ၁၉၂၆-၁၉၂၇ ခုနှစ်က တူးဖော်ခဲ့သည်။

တူးဖော်မှုများဆောင်ရွက်နေစဉ် ကုန်းတွင် တည်ရှိသည့် လေးထောင့်အဆောက်အအုံ၏ အလယ်ဌာပနာတိုက်မှ အေဒီ ၆ ရာစုလက်ရာ ဌာပနာတိုက်ဖုံးသဲကျောက်ပြား အကောင်းနှစ်ချပ်၊ သုံးပိုင်းကျိုးနေသော ကျောက်ပြားတစ်ချပ်၊ ဗောဓိပလ္လင်ပုံစံ ငွေခေါင်းပွကြုတ်အပိုင်းတစ်ခု၊ ရွှေ၊ ငွေ၊ ကြေး ဗုဒ္ဓဆင်းတုတော်များအပြင် ရွှေပေလွှာအချပ် ၂၀ အပါအဝင် ရှေးဟောင်းပစ္စည်း အမျိုးအစား ၆၈ မျိုး၊ ပစ္စည်းအရေအတွက် ၅၀၀ ကျော်ကို ရရှိခဲ့သည်။ ခင်ဘကုန်းမှရရှိခဲ့သည့် ပစ္စည်းအချို့ကို သရေခေတ္တရာရှိ သီရိခေတ္တရာပြတိုက်တွင် ပြသထားသည်။

ခင်ဘကုန်းသည် ကမ္ဘာ့အမွေအနှစ်နေရာဒေသကို သက်သေပြဖော်ညွှန်းသည့် ကမ္ဘာလုံးဆိုင်ရာစံတန်ဖိုး(OUV) အမှတ်(၂)ဖြစ်သော ဘာသာရေးဆိုင်ရာအဆောက်အအုံအတွင်း ယုံကြည်ကိုးကွယ်မှုအရ ဖန်တီးပြုလုပ်ထားသော ရုပ်လုံးရုပ်ကြွဝတ္ထုပစ္စည်းများ မြှုပ်နှံမှုဓလေ့ရှိကြောင်း အထောက်အထားကို တွေ့ရှိရသည့်နေရာဖြစ်သည်။ ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနက ခင်ဘကုန်းကို ထိန်းသိမ်းခဲ့ကာ ၁၉၆၄ ခုနှစ်တွင် ထပ်မံတူးဖော် သုတေသနပြုခဲ့သည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင်လည်း အီတလီနိုင်ငံမှ Lerici Foundation နှင့် ပူးပေါင်းလျက် ခင်ဘကုန်း ထိန်းသိမ်းရေးလုပ်ငန်းနှင့် အသေးစိတ်မှတ်တမ်းပြုပုံဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ခင်ဘကုန်းတူးဖော်မှုများကို ဆောင်ရွက်ခဲ့ရာ ပျူခေတ်ယဉ်ကျေးမှုလက်ရာ အထောက်အထားများကို ထပ်မံတွေ့ရှိခဲ့သည်။

**၂၀၁၆ ခုနှစ် ခင်ဘကုန်းတူးဖော်မှု**

ပညာရှင်များသည် မြန်မာနိုင်ငံရှိ ရှေးဟောင်း ယဉ်ကျေးမှု ထွန်းကားခဲ့သည့် နေရာဒေသအသီးသီးရှိ မြေကြီးကုန်းများကို စိစစ်တူးဖော်၍ ရှေးဟောင်းအဆောက်အအုံ အကြွင်းအကျန်များနှင့် ရုပ်ဝတ္ထုပစ္စည်းများစွာကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြသည်။

ခင်ဘကုန်းကို လွန်ခဲ့သော နှစ် ၉၀ က ပထမဆုံးတူးဖော်ခဲ့စဉ် မြေကြီးများကို ကုန်းပတ်လည်တွင် စုပုံထားခဲ့သဖြင့် နှစ်ကာလကြာရှည်လာချိန်တွင် ခင်ဘကုန်းနေရာသည် ချိုင့်ကြီးတစ်ခုသဖွယ် ဖြစ်လာခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ယင်းမြေကြီးများကို အဆင့်လိုက်ဖယ်ရှား၍ ခင်ဘကုန်းကို ထပ်မံတူးဖော်ရာ မူလအဆောက်အအုံပန္နက်ရာကို ဖော်ထုတ်နိုင်ခဲ့သည်။ ခင်ဘကုန်းတောင်ဘက် ဝင်ပေါက်နေရာရှိ အုတ်ရိုးပေါ်တွင် အုတ်ကို ဝိုင်းစက်စွာထွင်းထားသည့် တိုင်ကျင်းရာများကို တွေ့ရှိခဲ့ရသည်။ ယင်းအဝိုင်းပေါက်များသည် တစ်ချိန်က ခင်ဘကုန်းတွင်ရှိခဲ့သည့် အဆောက်အအုံ၏ မုခ်ဦးတိုင်နေရာများဖြစ်နိုင်ကြောင်း တူးဖော်သူပညာရှင်များက ယူဆခဲ့ကြသည်။ ခင်ဘကုန်းအဆောက်အအုံပန္နက်၏ လှေကားများသည် ယခင်ကခန့်မှန်းခဲ့သကဲ့သို့ အတွင်းပိုင်းတွင်ရှိမနေဘဲ ပင်မအဆောက်အအုံ၏ အပြင်သို့ထွက်နေကြောင်း တွေ့ရှိကြရသည်။

ခင်ဘကုန်းတူးဖော်မှုအတွင်း မြေမီးဖုတ်ကြာပန်းဝိုင်းတစ်ခုကိုရရှိခဲ့ရာ ၁၉၂၆ ခုနှစ်တွင် ခင်ဘကုန်းမှရရှိခဲ့သည့် ကြာပန်းပုံ ငွေထည်ပစ္စည်းနှင့် ပုံသဏ္ဍာန်တူညီပြီး မြေမီးဖုတ်ထားခြင်းနှင့် ငွေဖြင့်ပြုလုပ်ထားခြင်းသာ ကွာခြားသည်။ ထို့အတူ အမျိုးသမီးတစ်ဦး၏မျက်နှာနှင့် တူညီသည့် မြေမီးဖုတ်ရုပ်ကြွတစ်ခုကိုလည်း ရရှိခဲ့သည်။

**ခင်ဘကုန်းရွှေပေလွှာ**

သရေခေတ္တရာမှရရှိခဲ့သည့် ရှေးဟောင်းပစ္စည်းများတွင် မြင်တွေ့ရသည့် ကမ္ပည်းစာများကို အကြမ်းအားဖြင့် ပျူစာပေနှင့် ပိဋကတ်စာပေဟု ခွဲခြားနိုင်ကြောင်း၊ ပိဋကတ်စာပေဆိုသည်မှာ မြတ်စွာဘုရားဟောကြားခဲ့သည့် သုတ္တ၊ ဝိနယ၊ အဘိဓမ္မာ စသော ပိဋကတ်သုံးပုံမှ ကောက်နုတ်ချက်များဖြစ်ကြောင်း၊ ပျူစာပေဆိုသည်မှာ ပျူတို့ဘာသာစကားဖြင့် ရေးထိုးထားသောစာပေဖြစ်ကြောင်း သရေခေတ္တရာ မြို့ဟောင်းစာတမ်းတွင် ဆရာဦးစိန်မောင်ဦးက ရေးသားခဲ့သည်။

ခင်ဘကုန်းရွှေပေလွှာ ကမ္ပည်းစာများတွင် ရေးသားထားသည့်စာများမှာမူ ပိဋကတ်တော်ကောက်နုတ်ချက် ပျူစာပေများဖြစ်နေပေသည်။ ခင်ဘကုန်းရွှေပေလွှာများအကြောင်းကို အိန္ဒိယနိုင်ငံ ရှေးဟောင်းသုတေသနဌာန နှစ်ချုပ် အစီရင်ခံစာ (၁၉၂၆-၁၉၂၇)တွင် ဖော်ပြခဲ့သည်။

ခင်ဘကုန်း ရွှေပေလွှာတစ်ချပ်စီသည် အလျား ၆ ဒသမ ၅ လက်မ၊ အနံ ၁ ဒသမ ၂၅ လက်မရှိကာ ရွှေပေလွှာ အချပ် ၂၀ ကို တစ်ချပ်စီထပ်၍ အပေါ်နှင့်အောက်မှ အရွယ်တူ ရွှေပေလွှာနှစ်ချပ်ညှပ်ကာ ရွှေကြိုးဖြင့်စည်းထားသည်။ အပေါ်အောက်ညှပ်ထားသည့် ရွှေပေချပ်နှစ်ခုအပါအဝင် ရွှေပြား ၂၂ ချပ်၏ အလေးချိန်သည် ၂၃ ကျပ် ၁၄ ပဲ နှင့် ၂ ရွေး ဖြစ်သည်။

ပျူယဉ်ကျေးမှုအထောက်အထား ရွှေပေလွှာများကို ပညာရှင်များက သုတေသနပြုလုပ်ခဲ့ကြပြီး ဦးလူဖေဝင်းက ခင်ဘကုန်းရွှေပေလွှာများ သုတေသနပြုချက် စာတမ်းကို မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနအစီရင်ခံစာ(၁၉၃၈-၁၉၃၉)တွင် ရေးသားခဲ့သည်။ ယဉ်ကျေးမှုညွှန်ကြားရေးဝန် ဦးသာမြတ်က ၁၉၆၃ ခုနှစ်တွင် သုတေသနပြုလုပ်ခဲ့ကာ မြန်မာစာပါမောက္ခ ဆရာမကြီး ဒေါ်သန်းဆွေက 'ပျူစာခင်ဘရွှေပေချပ် ဓာတ်ပုံများ စာအုပ်' နှင့် ပျူစာခင်ဘရွှေပေ လေ့လာချက်' စာအုပ်များကို ၁၉၉၁ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။

ရွှေပေလွှာ အချပ်(၁)မှ(၁၈)အထိ တစ်ချပ်စီတွင် စာကြောင်းရေသုံးကြောင်းစီ ရေးသားထားပြီး အချပ်(၁၉)တွင် စာကြောင်းလေးကြောင်း၊ အချပ်(၂၀) တွင် စာကြောင်းနှစ်ကြောင်း ပါရှိသဖြင့် ရွှေပေအချပ် ၂၀ တွင် စာကြောင်းရေ စုစုပေါင်း ၆၀ ပါရှိသည်။ စာသားများကို ပျူအက္ခရာ စာလုံးများဖြင့် ရေးသားထားသည်။

ခင်ဘကုန်းရွှေပေလွှာများတွင် ဗုဒ္ဓဘုရားရှင်၏ ပါဠိတော်များမှ ကောက်နုတ်ချက်ရှစ်ခုပါဝင်ပြီး ပထမအပိုဒ်သည် သံယုတ္တနိကာယ်၊ ဝိနည်းမဟာဝါနှင့် ဝိဘင်းပါဠိတော်တို့တွင်ပါရှိသည့် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၊ ဒုတိယအပိုဒ်သည် ဝိသုဒ္ဓိမဂ် အဋ္ဌကထာနှင့် လက်သန်းအဋ္ဌကထာဟု ခေါ်ဆိုကြသည့် အဘိဓမ္မတ္ထသင်္ဂဟကျမ်း၊ တတိယအပိုဒ်နှင့် စတုတ္ထအပိုဒ်သည် မဇ္ဈိမနှင့် အင်္ဂုတ္တရနိကာယ်၊ ပဉ္စမအပိုဒ်သည် ခုဒ္ဒကနိကာယ်၊ ဆဋ္ဌမအပိုဒ်သည် ဓမ္မပဒ၊ သတ္တမအပိုဒ်သည် ဇာတက အဋ္ဌကထာနှင့် အဋ္ဌမအပိုဒ်သည် ဝိနည်းမဟာဝါ ပါဠိတော်များမှ ကောက်နုတ်ထားသော ပါဠိစာပေများဖြစ်ကြကာ နဝမအပိုဒ်သည် ဗုဒ္ဓဂုဏ်တော်ကိုးပါးပါဠိတော် စာသားများဖြစ်ကြောင်း ဆရာကြီးဦးသာမြတ်က ထုတ်နုတ်ပြခဲ့သည်။

ရွှေပေလွှာတွင်ရေးသားထားသည့် လက်ရေးများသည် အိန္ဒိယနိုင်ငံတောင်ပိုင်း ရှေးဟောင်း တေလဂူကနဍီ အက္ခရာများနှင့် ပုံသွင်တူညီကြောင်း ဆရာကြီးဦးစိန်မောင်ဦးက မှတ်ချက်ပြုခဲ့ကာ ရွှေပေလွှာများရေးသားခဲ့သော ခေတ်ကာလကို ခရစ်နှစ် လေးရာစုနှင့် ငါးရာစုအကြားဟု ခန့်မှန်းသတ်မှတ်နိုင်ကြောင်း သီရိပျံချီ ဦးမြက ရှေးဟောင်းမြန်မာအက္ခရာစာတမ်းတွင် သုံးသပ်ခဲ့သည်။

ခင်ဘကုန်းတွင် လက်ရှိစိုက်ထူထားသော ကုန်းဆိုင်ရာအချက်အလက်များအရ ရွှေပေလွှာပေါ်တွင် ရေးသားထားသော အက္ခရာများသည် အိန္ဒိယနိုင်ငံတောင်ပိုင်း ဣက္ခ္သျှဝါကုမင်းဆက်သုံး ဗြဟ္မီအက္ခရာမှ ပြောင်းလဲတီထွင်ထားသော ပျူအက္ခရာများဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

ခင်ဘကုန်းမှပင် တူးဖော်ရရှိခဲ့သည့် ၇၂ ဒသမ ၅ စင်တီမီတာ (၂ ဒသမ ၃၇ ပေ) မြင့်သည့် ဗောဓိပလ္လင်ပုံသဏ္ဌာန် ခေါင်းပွငွေကြုတ်အဝိုင်းပေါ်ရှိ ဗောဓိပင်ပတ်လည်မှ ကြာပလ္လင်များပေါ်တွင် ထိုင်တော်မူဗုဒ္ဓဆင်းတု လေးဆူကို ရုပ်ကြွထုလုပ်ထားသည်။ ယင်းငွေကြုတ်သည် ရွှေပေလွှာများထက် ခေတ်အနည်းငယ်နောက်ကျကြောင်း ပညာရှင်များက ယူဆခဲ့ကြသည်။ ရုပ်ပွားတော်များ၏ လက်ချောင်းများသည် ဘူမိဖဿမုဒြာ(လက်တော်မြေထိဟန်)ဖြစ်ပြီး ရုပ်ပွားတော် တစ်ဆူနှင့်တစ်ဆူကြားတွင် သာဝကတစ်ပါးစီက မတ်တတ်ရပ်နေကြသည်။

ကြုတ်အဖုံးအပေါ် နှုတ်ခမ်းပတ်လည်တွင် ဤကမ္ဘာတွင်ပွင့်တော်မူပြီးခဲ့သော ဘုရားရှင်လေးဆူ၏ ဘွဲ့တော်များကို ရေးထိုးထားကာ ပိဋကတ်တော်ကောက်နုတ်ချက်များကို အိန္ဒိယနိုင်ငံတောင်ပိုင်း ရှေးဟောင်းအက္ခရာများဖြင့် ရေးထိုးထားသည်။ ကြုတ်၏အောက်နှုတ်ခမ်းတွင် သာဝကအမည်များနှင့် အလှူရှင်အမည်များကို ရေးထားသည်။

ငွေဗောဓိပလ္လင်ကြုတ်သည် ရွှေပေလွှာအချပ် ၂၀ နှင့် ဆက်စပ်နေသည်။ ရွှေပေလွှာများပေါ်တွင် ရေးသားထားသည့် ဗုဒ္ဓဂုဏ်တော်များမှ ကျန်ရှိနေသည့် ဂုဏ်တော်နှစ်ပါးကို ငွေဗောဓိပလ္လင်ကြုတ်ပေါ်တွင် ဂေါတမဗုဒ္ဓဘွဲ့တော်နောက်၌ရေးသား၍ အဆုံးသတ်ထားသည်။ ထို့ကြောင့် ခင်ဘကုန်းမှရရှိခဲ့သည့် ဌာပနာပစ္စည်းနှစ်ခုဖြစ်သည့် ရွှေပေလွှာများနှင့် ငွေဗောဓိပလ္လင်ကြုတ်တို့သည် ပျူလူမျိုးများ၏ ဗုဒ္ဓဘာသာဆိုင်ရာ ယုံကြည်ကိုးကွယ်မှု အထောက်အထားများအဖြစ် သက်သေပြနိုင်ခဲ့ပေသည်။

နီပေါနိုင်ငံ ခတ္တမန္ဒူအမျိုးသားပြတိုက်ရှိ အေဒီ ၈ ရာစုနှင့် ၉ ရာစုလက်ရာ ပေချပ်များကို ဗုဒ္ဓဘုရားရှင်၏ ပါဠိစာပေများတွင် အစောဆုံး အထောက်အထားများဟု ယူဆခဲ့ကြသည်။ သို့သော် ၁၉၉၅ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်၌ ကျင်းပခဲ့သည့် ပညာရှင်များနီးနှော ဖလှယ်ပွဲက ခင်ဘကုန်းရွှေပေလွှာများသည် အေဒီ ၅ ရာစု အစောပိုင်းသို့မဟုတ် အလယ်ပိုင်း လက်ရာများဖြစ်ကြောင်း လက်ခံခဲ့ကြသည်။ ထို့ကြောင့် ခင်ဘကုန်းရွှေပေလွှာများသည် ခတ္တမန္ဒူအမျိုးသားပြတိုက်မှ ပေချပ်များထက် ခေတ်ကာလစောကာ ကမ္ဘာပေါ်တွင် တွေ့ရှိထားသမျှ ပါဠိစာပေအထောက်အထားများတွင် ရှေးအကျဆုံး ဖြစ်လာခဲ့ပေသည်။

ဆရာမကြီးဒေါ်သန်းဆွေက "ခင်ဘကုန်းရွှေပေလွှာများက ခရစ်နှစ် ငါးရာစုက ပျူလူမျိုးများ၏ ဘာသာရေးအမြင် နှံ့စပ်ကြွယ်ဝနက်ရှိုင်းပုံနှင့် စီစဉ်တင်ပြသည့် အစီအမံသည် အံ့မခန်းဖြစ်ကြောင်းကို ဖော်ပြနေသည်"ဟု သုံးသပ်ခဲ့သည်။ ရွှေပေလွှာများတွင်ရေးသားထားသည့် ပါဠိတော်များသည် ဗုဒ္ဓဘာသာ ပိဋကတ်သုံးပုံဖြစ်သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်များမှ ကောက်နုတ်ထားခြင်းဖြစ်သောကြောင့် ပျူလူမျိုးများသည် ပိဋကတ်စာပေများကို နှံ့နှံ့စပ်စပ် နားလည်သိရှိထားကြောင်း ယူဆနိုင်ပေသည်။ ယင်းအချက်က မြန်မာနိုင်ငံတွင် ပုဂံခေတ်မတိုင်မီ ပျူယဉ်ကျေးမှု ထွန်းကားခဲ့ချိန်မှစ၍ ထေရဝါဒ ပိဋကတ်စာပေများ ရှိနေပြီဖြစ်ကြောင်း ဖော်ညွှန်းလျက်ရှိသည်။

ခင်ဘကုန်းရွှေပေလွှာများကဲ့သို့ပင် ပိဋကတ်စာကောက်နုတ်ချက်များကို ရှေးဟောင်းစာလုံးများဖြင့် ရေးသားထားသည့် ရွှေပေလွှာနှစ်ချပ်ကို ကျောက်စာဝန် ဒေါက်တာအီးအမ်ဖော်ချားမားက ခရစ်နှစ် ၁၈၉၇ ခုနှစ်တွင် သရေခေတ္တရာမြို့ဟောင်း လယ်ပေါ်ရွာအနီးရှိ မောင်ကန်ကုန်းမှ တွေ့ရှိခဲ့ရာ မောင်ကန်ရွှေပေလွှာဟု ထင်ရှားခဲ့သည်။

မောင်ကန်ရွှေပေလွှာနှစ်ချပ်တွင် စာကြောင်းသုံးကြောင်းစီပါဝင်ကာ နှစ်ချပ်လုံးကို ယေဓမ္မာ ဟေတုပ္ပဘဝါ အစချီသော ပိဋကတ်တော် ကောက်နုတ်ချက်များကို အိန္ဒိယနိုင်ငံတောင်ပိုင်းသုံး အက္ခရာများဖြင့် ရေးထိုးထားသည်။ ဒုတိယရွှေပေလွှာတွင် ဘုရားဂုဏ်တော်နှင့် တရားဂုဏ်တော်များကို ရေးသားထားသည်။ ယင်းရွှေပေလွှာများကို ငါးရာစုအတွင်း ရေးထိုးခဲ့ခြင်းဖြစ်နိုင်ကြောင်း ခန့်မှန်းခဲ့သည်။ မောင်ကန်ရွှေပေလွှာ နှစ်ချပ်ပေါ်တွင် ရေးသားထားသောအက္ခရာများသည် ခင်ဘကုန်း ရွှေပေလွှာများပေါ်တွင် ရေးထိုးထားသော အက္ခရာစာလုံးများနှင့် တူညီနေသည်ဟု ဆိုသည်။

ယေဓမ္မာဟေတုပ္ပဘဝါ ဂါထာသည် ရှင်အဿဇိက ရှင်သာရိပုတ္တရာဖြစ်လာမည့် ဥပတိဿအား ဗုဒ္ဓဘုရားရှင်၏ တရားအနှစ်ကို ဟောပြခဲ့သည့် ဂါထာဖြစ်ပြီး ဗုဒ္ဓဘာသာဝင်များတန်ဖိုးထားသည့် ဂါထာတစ်ပုဒ်ဖြစ်ရာ ပျူလူမျိုးများသည် ထေရဝါဒဗုဒ္ဓဘာသာအပေါ် ကြည်ညိုသက်ဝင်မှုရှိခဲ့ကြောင်း သုံးသပ်နိုင်ပေသည်။

ခင်ဘကုန်းရွှေပေလွှာ အချပ် ၂၀ နှင့် မောင်ကန်ရွှေပေလွှာ နှစ်ချပ်အပြင် ပိဋကတ် ကောက်နုတ် ချက်များ ရေးထားသော ရွှေပေလွှာ တစ်ချပ်ကို ၁၉၂၈ ခုနှစ်တွင် ကျွန်းတောစုရွာမှ မောင်ကျော်ငြိမ်းက သရေခေတ္တရာမှပင် တွေ့ရှိခဲ့သည်။ ဣတိပိသောဘဂဝါအစချီသည့် ဘုရားဂုဏ်တော်များရေးထိုးထားသည့် ယင်းရွှေပေလွှာသည် အပိုင်းပိုင်းကျိုးပြတ်နေကာ ညာဘက်ထိပ်ပိုင်းကို မတွေ့ရှိရချေ။ အက္ခရာပုံပန်းသဏ္ဍာန်သည် လုပသေသပ်ခြင်းမရှိဟု ဆိုပေသည်။

သရေခေတ္တရာသည် မြန်မာနိုင်ငံအတွင်း ပျူယဉ်ကျေးမှု အခိုင်အမာထွန်းကားခဲ့သော မြို့ဟောင်းတစ်ခုဖြစ်ပြီး ထေရဝါဒဗုဒ္ဓဘာသာဆိုင်ရာ စာပေနှင့် ရုပ်ဝတ္ထုအထောက်အထားများစွာကို တွေ့ရှိခဲ့သည့်နေရာလည်းဖြစ်သည်။ ဗုဒ္ဓစာပေ ကောက်နုတ်ချက်များရေးထိုးထားသည့် ခင်ဘကုန်းရွှေပေလွှာ အချပ် ၂၀၊ မောင်ကန်ရွှေပေလွှာ နှစ်ချပ်နှင့် မောင်ကျော်ငြိမ်းရွှေပေလွှာတို့ကို သရေခေတ္တရာ တစ်နေရာတည်းမှ ရရှိခဲ့ခြင်းသည် ပုဂံခေတ်မတိုင်မီကပင် သရေခေတ္တရာ၌ ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှု တည်ရှိခဲ့ခြင်းကို သက်သေပြလျက်ရှိနေပေသည်။ ။

**ကိုးကား**

**(၁) ပျူစာ ခင်ဘရွှေပေချပ် ဓာတ်ပုံများ (ဒေါ်သန်းဆွေ)**

**(၂) ပျူစာ ခင်ဘရွှေပေလေ့လာချက် (ဒေါ်သန်းဆွေ)**

**(၃) ပျူဖတ်စာ(ဦးသာမြတ်)**

# ယာဉ်တိုက်မှုတွင် ပြုသူနှင့် ခံရသူကြား ကိုယ်ချင်းစာစိတ်ထား၍ ရှင်းပင်းကြမည်ဆိုလျှင်

**— သော်တာနမ့်စန် —**

ယနေ့အချိန်တွင် နိုင်ငံအနှံ့ရှိ မြို့နယ်၊ ကျေးလက်တို့၌ ယာဉ်တိုက်မှုများ ဖြစ်ပွားနေသည်ကို သတင်းစာမျက်နှာများနှင့် လူမှုကွန်ရက်စာမျက်နှာတို့တွင် နေ့စဉ်တွေ့မြင်ရလျက်ရှိသည်။ ယာဉ်အစီးရေများလာခြင်း၊ မြို့ပြနှင့်ကျေးလက်တို့တွင် လူနေထိုင်မှုသိပ်သည်းလာခြင်းနှင့် လမ်းများချဲ့ထွင်ဆောင်ရွက်ရန် လိုအပ်ချက်တို့ကြောင့် လူနှင့်ယာဉ်ဖြစ်စေ၊ ယာဉ်အချင်းချင်းဖြစ်စေ ယာဉ်တိုက်မှုဖြစ်ပွားမှုနှုန်းများမြင့်တက်နေခြင်းဖြစ်သည်။

ယာဉ်တိုက်မှုအများစုတွင် ပြုသူနှင့် ခံရသူနှစ်ဦး နှစ်ဖက်စလုံး နစ်နာဆုံးရှုံးကြသည်သာမက နိုင်ငံတော်အတွက်လည်း နစ်နာစေသည်။ ယာဉ်မောင်းတစ်ဦး၏အမှားကြောင့် လူများစု ထိခိုက်သေဆုံးတတ်ပြီး ထိုသို့ထိခိုက်သူများမှာ တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်နေသူများဖြစ်ပါက ပို၍ပင် နစ်နာစေသည်။ မိသားစုမှ အားကိုးအားထားပြုနေရသူတစ်ဦး ယာဉ်တိုက်မှုကြောင့် ထိခိုက်သေဆုံးခဲ့ပါက ကျန်ရစ်သူမိသားစု၏ ဘဝအနာဂတ်သည် လမ်းကြောင်းတိမ်းစောင်းသွားသည်အထိ ဖြစ်နိုင်သည်။ ထို့ကြောင့် ယာဉ်တိုက်မှုများတွင် နစ်နာသူများအား လူမှုရေးရှုထောင့်မှ ဖြည့်ဆည်းဆောင်ရွက်ပေးရန်လည်း လိုအပ်လျက်ရှိသည်။

ယာဉ်တိုက်မှုဖြစ်ပွားရာ၌ အချိန်အခါနှင့် နေရာဒေသ အခြေအနေအရ အချိန်မီ ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်ရန် အခက်အခဲများလည်း ရှိနေတတ်သည်။ မြို့နယ်အသီးသီးတွင်ရှိသော လူမှုကယ်ဆယ်ရေးအဖွဲ့တို့၏ ကူညီမှုကြောင့် မတော်တဆမှုဖြစ်ပြီး အသက်အန္တရာယ်ဘေးမှ ကင်းဝေးခဲ့ရသော ဖြစ်စဉ်များလည်း ရှိခဲ့သည်။ ယာဉ်တိုက်မှုများနှင့် သဘာဝဘေးအန္တရာယ် ဖြစ်ပွားရာနေရာများသို့ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့် လူမှုကယ်ဆယ်ရေးအဖွဲ့တို့မှ ပရဟိတ လူငယ်လူရွယ်များ၊ ဦးစီးဆောင်ရွက်သူတို့မှာလည်း လေးစားဖွယ်ပင်ဖြစ်သည်။

ဩဂုတ် ၁၈ ရက်ညက ကျိုက်ထို-သထုံ-မော်လမြိုင်လမ်းပေါ် ဘီးလင်းမြို့အဝင် ရွှေသံလွင်တိုးဂိတ်၌ ယာဉ်များတန်ပိုချိန်ရန် တစ်စီးပြီးတစ်စီး စောင့်ဆိုင်း၍ ဖြတ်သန်းလျက်ရှိသည်။ တိုးဂိတ်နှင့်ကိုက်ငါးရာကျော်တွင် ဘီးလင်းတံတားရှိပြီး လုံခြုံရေးရဲဘော်များ စောင့်ကြပ်နေကြသလို တိုးဂိတ်အနီးတွင်လည်း ရဲတပ်ဖွဲ့၏ စစ်ဆေးရေးဂိတ်တဲတစ်ခုရှိသည်။ တိုးဂိတ်တွင် လျှပ်စစ်မီးရှိ၍ လင်းနေသော်လည်း တိုးဂိတ်အနီးဝန်းကျင်နှင့် ဂိတ်အဝင် ရွှေကုက္ကိုလ်ကွေ့တစ်လျှောက်တွင် အမှောင်ထုက ကြီးစိုးလျက်ရှိသည်။ ည ၉ နာရီခွဲကျော်ပြီဖြစ်၍ လမ်းဘေးရှိ ဈေးဆိုင်အိမ်များမှာလည်း ဆိုင်သိမ်းကာ အိပ်စက်နေကြပြီဖြစ်သည်။

တိုးဂိတ်၌ ဘီးလင်းမြို့သို့ဝင်ရန် တန်ပိုချိန်ရမည့်ယာဉ်များ စောင့်ဆိုင်းလျက်ရှိသည်။ ၁၂ ဘီးယာဉ်ကြီးငါးစီး၏နောက်တွင် ISUZU ၁၄ ပေ ခြောက်ဘီးယာဉ်ငယ်တစ်စီးမှာလည်း တန်ပိုချိန်ရန်အလှည့်ကို စောင့်ဆိုင်းလျက်ရှိသည်။ မော်လမြိုင်ရှိဈေးဆိုင်တို့တွင် ကုန်ပစ္စည်းများကိုပို့ဆောင်ပြီးနောက် ရန်ကုန် မင်္ဂလာဒုံသို့ပြန်ရန် ဘီးလင်းတိုးဂိတ်သို့ ဝင်ရောက်လာခြင်းဖြစ်သည်။

ထိုသို့စောင့်ဆိုင်းနေစဉ် တန်ပိုချိန်ရန် ဘီးလင်းတိုးဂိတ်သို့ နောက်ထပ်ဝင်လာသော 4E-5059 ၁၂ ဘီးယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ ISUZU ယာဉ်၏နောက်ပိုင်းကို ဝင်တိုက်မိကာ တိုက်သည့်အရှိန်ကြောင့် ISUZU ယာဉ်၏ ဦးခေါင်းပိုင်းမှာ ရှေ့တွင်ရှိနေသော ၁၂ ဘီးကားတစ်စီး၏ယာဉ်နောက်ပိုင်းသို့ ဝင်သွားပြီး ISUZUယာဉ်၏ ခေါင်းပိုင်းတစ်ခုလုံး တွန့်လိမ်သွားကာ ရှေ့ခန်းတွင် လိုက်ပါလာသည့် ဒရိုင်ဘာ၊ အရောင်းဝန်ထမ်းနှင့် အကူဝန်ထမ်းတို့မှာ ကားနှစ်စီးကြားတွင် ညပ်ကာ ပြင်းထန်ဒဏ်ရာများရရှိသွားကြသည်။ သုံးဦးသား ခြေထောက်များ ထိခိုက်ဒဏ်ရာပြင်းထန်စွာရရှိ၍ အနီးရှိ ယာဉ်များကို အော်ဟစ်အကူအညီတောင်းခံကြရာ အနီးရှိ ယာဉ်မောင်းများ ရောက်ရှိလာကြသည်။ သို့ရာတွင် အခြေအနေမှာ ကားဦးခေါင်းပိုင်းတွင် ညပ်မိနေသူသုံးဦးအား မည်သို့ကယ်ဆယ်ရမည်ကို မသိကြဘဲဖြစ်နေသည်။ ကားထဲမှ အော်ဟစ်အကူအညီတောင်းနေသူများကို အားပေးစကား ပြောဆိုနိုင်ခြင်းသာရှိသည်။

ISUZU ယာဉ်၏နောက်ပိုင်းတွင်လိုက်ပါလာသော အကူဝန်ထမ်းတစ်ဦးမှာမူ ကံကောင်းထောက်မ၍ ထိခိုက်ဒဏ်ရာမရခဲ့ဘဲ အပြင်သို့ တိုးထွက်လာနိုင်သည်။ နောက်ပိုင်းမှဝင်ရောက်တိုက်မိသော ယာဉ်မောင်းမှာ လူအုပ်ကြားထဲတိုးဝင်၍ ပျောက်ကွယ်သွားခဲ့သည်။ အချိန် မိနစ် ၂၀ ခန့် ကြာသွားပြီးနောက် ဘီးလင်းမြို့မှ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ဦးဆောင်သည့် ကယ်ဆယ်ရေးအဖွဲ့များ လူနာတင်ယာဉ်ဖြင့် ရောက်ရှိလာကြပြီး ညပ်မိလူနာများ၏ဒုက္ခ လျော့နည်းစေရန် ရှေ့မှ ၁၂ ဘီးယာဉ်ကို ဆွဲထုတ်သော်လည်း ဒဏ်ရာများဖြင့် ညပ်မိနေသူများမှာ ပိုမိုနာကျင်ကြ၍ ဆက်မလုပ်ဘဲ လက်လျှော့လိုက်ရသည်။ ယာဉ်၏ တံခါးကို ဝိုင်းဝန်းဆွဲဖွင့်ကြသော်လည်း ကိရိယာတန်ဆာပလာမရှိ၍ အဆင်မပြေနိုင်ပဲရှိနေသည်။ ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်မှ တာဝန်ရှိသူများရောက်လာပြီး ပိတ်မိနေသူများကိုကယ်ဆယ်နိုင်ရန် ကြိုးပမ်းကြသည်။

မိနစ် ၄၀ ခန့်အကြာတွင် မြန်မာနိုင်ငံ အရေးပေါ်လူမှုကယ်ဆယ်ရေးအဖွဲ့တွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကိုဝေဠုကျော်၏ယာဉ်မှာ မြဝတီသို့သွားရန်အတွက် ထိုနေရာသို့ ကံကောင်းထောက်မစွာ ရောက်ရှိလာရာ ယာဉ်ပေါ်တွင် အဆင်သင့်ပါလာသောကတ်တာဖြင့် ယာဉ်၏ဦးခေါင်းပိုင်းကို ဖြတ်တောက်ကယ်ဆယ်ကြရသည်။ ဘာဂျာတံခါးကဲ့သို့တွန့်လိန်နေသော ကားဦးခေါင်းကို အလွယ်တကူ ဖြတ်တောက်၍မရဖြစ်နေသည်။ မြို့နယ်လူမှုကယ်ဆယ်ရေးအဖွဲ့နှင့် ကိုဝေဠုကျော်တို့ ပူးပေါင်းကယ်ဆယ်မှုကြောင့် နှစ်နာရီခန့်အကြာတွင် ပိတ်မိနေသူသုံးဦးမှ တစ်ဦးကို ဆွဲထုတ်နိုင်ခဲ့ပြီး ဘီးလင်းပြည်သူ့ဆေးရုံသို့ပို့ဆောင်ကာ နောက်ထပ် တစ်နာရီခန့်အကြာတွင်မှ ကျန်နှစ်ဦးကို ဆက်လက်ကယ်ဆယ်နိုင်ခဲ့သည်။

ဖြစ်စဉ်နေရာတွင် ၃ နာရီခန့်ကြာအောင် ကယ်ဆယ်ရေးလုပ်ငန်းကို ကူညီဆောင်ရွက်ပေးခဲ့ကြပြီးနောက် ကိုဝေဠုကျော်နှင့်အဖွဲ့မှာ မြဝတီသို့ ဆက်လက်ထွက်ခွာသွားကြသည်။ ခရီးသွားလျက် လမ်းကြုံချိန် ရသမျှအချိန်အတွင်းမှာပင် လူမှုကယ်ဆယ်ရေးလုပ်ငန်းကို လုပ်ဆောင်သွားနိုင်ခြင်းမှာ ကိုဝေဠုကျော်၏ လူမှုရေးပရဟိတစိတ်ဓာတ် ပြည့်စုံမှုကို ပြသခြင်းပင်ဖြစ်သည်။

ဖြစ်စဉ်တွင် ဒဏ်ရာရသူသုံးဦးမှာ ဒရိုင်ဘာဖြစ်သူ ဦးအောင်သူရ (၄၅ နှစ်)၊ အရောင်းစာရေး ကိုအေးမင်းနိုင် (၂၄ နှစ်) နှင့် မောင်ကျော်မြတ်ထွန်း (၁၈ နှစ်)တို့ဖြစ်သည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီးနောက် ဦးအောင်သူရမှာ ခြေသလုံးနှင့်ပေါင်ရိုးကို စတီးရိုးဖြင့်အစားထိုး၍ ကုသရပြီး ဆီးချိုသွေးတိုးရောဂါရှိသည့်အတွက် ညာခြေထောက်ဒဏ်ရာမှာ ယနေ့တိုင်သက်သာမှုမရှိသေးဘဲ ဆက်လက်ကုသလျက်ရှိသည်။ ကိုအေးမင်းနိုင်မှာ ညာခြေထောက် ပေါင်ရင်းမှဖြတ်ရပြီး ဘယ်ခြေထောက်တစ်ခုလုံးကို စတီးရိုးဖြင့် အစားထိုးထားရသည်။ မောင်ကျော်မြတ်ထွန်းမှာလည်း ညာခြေသလုံးနှင့် ပေါင်ရိုးတွင် စတီးရိုးဖြင့် အစားထိုးကုသထားရသည်။

ဩဂုတ် ၁၈ ရက်က ထိုဖြစ်စဉ်ဖြစ်ပြီးနောက် ကိုအေးမင်းနိုင်နှင့် မောင်ကျော်မြတ်ထွန်းတို့မှာ စက်တင်ဘာ ၂၆ ရက်နေ့တွင် ဆေးရုံကြီးမှ ဆင်းခွင့်ပြုခဲ့သည့်အတွက် မင်္ဂလာဒုံမြို့နယ် ဝါယာလက်ရှိ အိုင်အိုဒင်းဆားလုပ်ငန်းနှင့် ကြက်သွန်ကြော်လုပ်ငန်းတည်ရှိရာ ဝန်ထမ်းများနေထိုင်ရာလိုင်းခန်းသို့ ပြန်လည်ရောက်ရှိခဲ့သည်။ ကိုအေးမင်းနိုင်တွင် အသက် နှစ်နှစ်နီးပါး သားငယ်နှင့် ဇနီးရှိပြီး မောင်ကျော်မြတ်ထွန်းမှာ လူပျိုလူလွတ်ဖြစ်သည်။ ယာဉ်မောင်း ဦးအောင်သူရမှာမူ ဆေးရုံတွင် ယနေ့တိုင်ရှိကာ ဒဏ်ရာနှင့်ဆီးချို အားပြိုင်လျက်ရှိသည်။

ဦးအောင်သူရမှာ တပ်မတော်အငြိမ်းစားတစ်ဦးဖြစ်ပြီး ခရီးသွားလာရာတွင် သတိရှိရှိဖြင့် သွားလာမောင်းနှင်နိုင်ခဲ့သော်လည်း ယခု ယာဉ်နောက်ပိုင်းကို ဝင်ရောက်တိုက်မိသောအခါ မည်သို့မျှမတတ်နိုင်ဘဲဖြစ်နေသည်။ ယာဉ်မောင်းနေစဉ် မျက်နှာချင်းဆိုင်တိုက်မိလျှင် တစ်မျိုးဖြေသာနိုင်သော်လည်း ယခု တန်ပိုချိန်ရန်စောင့်ဆိုင်းနေစဉ် နောက်မှဝင်တိုက်မိခြင်းဖြစ်၍ မည်သို့မျှပင် ဖြေဆည်နိုင်ခြင်းမရှိဖြစ်နေသည်။

တိုက်သွားသောယာဉ်မောင်းမှာ ဖြစ်စဉ်နေရာမှ ထွက်ပြေးသွားသလို မော်လမြိုင်မြို့နေ ထိုယာဉ်၏ပိုင်ရှင်မှာလည်း ဆေးကုသနေသူတို့အား လူမှုရေးအရ လာရောက်ကြည့်ရှုခြင်း၊ စိတ်ပိုင်းဆိုင်ရာ ဖြည့်ဆည်းကူညီဆောင်ရွက်ခြင်းမျိုး မရှိခြင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူတို့မှာ ပို၍ခံစားနေရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဘီးလင်းမြို့မရဲစခန်းမှ စခန်းမှူး ချစ်ကိုကိုက "ကျွန်တော်တို့ ဖြစ်စဉ်ဖြစ်တဲ့အပေါ်မှာ ဒရိုင်ဘာညို ကြီးကို တပ်ကုန်းမှာ ဖမ်းဆီးပြီး အမှုဖွင့်အရေးယူပါတယ်။ စက်တင်ဘာ ၈ ရက်နေ့မှာ ဖမ်းဆီးမိပြီးတော့ ၉ ရက်နေ့မှာ ပုဒ်မ(၃၃၇)(၃၃၈)အရ ခံဝန်နဲ့ပြန်လွှတ်ပေးပါတယ်။ လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်သွားမှာပါ။ တိုက်တဲ့ယာဉ်ရဲ့ပိုင်ရှင်က မော်လမြိုင်ကပါ။ စခန်းဘေးမှာ ယာဉ်နှစ်စီးလုံးသိမ်းထားပါတယ်"ဟု ဒုရဲမှူးချစ်ချစ်ကိုကိုက ပြောကြားသည်။

အတိုက်ခံရသောယာဉ်၏ပိုင်ရှင်ဖြစ်သူ ရွှေမျိုးချစ် အသေးစားအိမ်တွင်းစက်မှုလုပ်ငန်းပိုင်ရှင် ဒေါ်သူဇာဝင်းက "အခုလိုဖြစ်တာဟာ ယာဉ်မောင်းတစ်ဦးရဲ့ အရည်အချင်း မပြည့်မီဘဲ ဆင်ခြင်တုံတရားအားနည်းလို့ ဖြစ်ပွားတာလို့မြင်တယ်။ မဖြစ်သင့်ဘဲဖြစ်တာပါ။ တန်ပိုချိန်ဖို့ စောင့်ဆိုင်းနေစဉ်မှာ ဝင်တိုက်တာဟာ ဘယ်လိုမှမဖြစ်သင့်တဲ့အရာပါ။ တိုးဂိတ်ကို ဝင်လာတော့မယ်ဆိုရင် အရှိန်ထိန်းရမယ်ဆိုတာ ယာဉ်မောင်းအားလုံးသိကြပါတယ်။ ပြုသူတစ်ဦးဆိုပေမယ့် ခံစားရသူက အများဖြစ်တတ်တဲ့အပြင် မှီခိုနေတဲ့မိသားစုတွေရဲ့ ဘဝတွေကိုလည်း ထိခိုက်စေပါတယ်။ ထိခိုက်ဒဏ်ရာရတဲ့သူတွေကိုလည်း လာရောက်ကူညီမေးမြန်းမှုလည်းမရှိဘူး။ ပြစ်ဒဏ်ခံရုံပဲဆိုပြီး လူမှုရေးဆိုတာမရှိတော့ဘူးလား"ဟု ပြောသည်။

ရဲတပ်ဖွဲ့၏လုပ်ဆောင်ချက်နှင့်ပတ်သက်၍လည်း "ရဲစခန်းကို တစ်လပြည့်လို့ အမှုမှန်ပေါ်ပေါက်ဖို့ ဆောင်ရွက်ထားကြောင်းကို မေးမြန်းတော့ စခန်းမှူးက ထွက်ပြေးတဲ့ယာဉ်မောင်းကို ဖမ်းဆီးပြီးတော့ အာမခံပေးလို့ရတဲ့ပုဒ်မဖြစ်လို့ အာမခံပေးထားတယ်လို့ပြောတယ်။ စက်တင်ဘာ ၂၂ ရက်နဲ့ ၂၅ ရက်နေ့မှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ ဆေးစာယူတယ်လို့သိရတယ်။ တစ်လကျော်မှ ဆေးစာယူတယ်ဆိုတာ အမှုဖြေရှင်းဆောင်ရွက်မှုအပိုင်းမှာ နှေးကွေးတယ်လို့မြင်တယ်။ ပြည်သူရဲ့ယုံကြည်အားကိုးမှုဟာ လက်တွေ့ဆောင်ရွက်မှုပေါ်မှာ မူတည်ပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရသူ အလုပ်သမားများအတွက် ဆေးဝါးကုသမှု လိုအပ်ချက်များကို အားလုံးအဆင်ပြေအောင် ဆောင်ရွက်ပေးထားသလို အလုပ်သမားများအားငယ်မှုမရှိအောင်လည်း ဆောင်ရွက်ပေးထားကြောင်း ဒေါ်သူဇာက ဆိုသည်။ "မိသားစုနေရေးထိုင်ရေးနဲ့ ဆေးရုံအစောင့်အရှောက်ကအစ ကိုယ့်ရဲ့အလုပ်သမားတွေကို မိသားစုပုံစံနဲ့ ဆောင်ရွက်ပေးထားပါတယ်။ ကျန်းမာရေးကောင်းမွန်သွားပြီဆိုရင်လည်း သူတို့နဲ့သင့်လျော်တဲ့အလုပ်ကို ဆောင်ရွက်ပေးဖို့စီစဉ်ထားပြီးပါပြီ။ သူတို့နောက်မှာလည်း မိသားစုဘဝတွေ ရှိကြတယ်လေ။ ဖြစ်စဉ်မှာ ကျွန်မတို့ဆီကို တစ်ဖက်က ဖုန်းတစ်ချက်ဆက်ပြီး လူမှုရေးအရမေးမြန်းတာ မရှိဘူး။ လူမှုရေးအရတော့ မေးမြန်းအားပေးသင့်တယ်။ အခုလို ဖြစ်သလိုထားခဲ့ပြီး ခံစားရတဲ့သူတွေ ယာဉ်တိုက်မှုတွေမှာ ဘယ်လောက်တောင်ရှိနေပြီလဲဆိုတာ စဉ်းစားစရာပဲ။ နစ်နာဆုံးရှုံးမှုကြုံနေရသူတွေ ကြိတ်ပြီး မျက်ရည်ကျနေရသူတွေ ဘယ်လောက်တောင်ရှိနေပြီလဲ။ တခြားသူတွေလည်း အခုလိုဥပေက္ခာပြုခံရတာမျိုး မဖြစ်စေချင်ဘူး။ လူသားအချင်းချင်း စာနာထောက်ထားစေချင်တယ်"ဟု ပြောသည်။

ယာဉ်တိုက်ခံရသောကြောင့် ဘယ်ခြေထောက်ပေါင်ရင်းမှ ခြေထောက်ဖြတ်လိုက်ရသော ကိုအေးမင်းနိုင်က "ကျွန်တော်က မိသားစုသုံးဦးရှိတယ်။ ဒီမှာလုပ်တာ လေးနှစ်ရှိပြီ။ ကလေးက တစ်နှစ်ကျော်ပြီ။ ယာဉ်တိုက်မှုမှာ လူမှုကယ်ဆယ်ရေးနဲ့ ရဲတွေ ရောက်လာတယ်။ တစ်နာရီလောက်မှာ ကိုဝေဠုကျော်တို့ ရောက်လာတယ်။ အလယ်ကညပ်နေတဲ့ယာဉ်ကို ရှေ့ကားနောက်ကားက ပြိုင်တူဆွဲထုတ်ပေမယ့် ခြေထောက်တွေညှပ်နေလို့ သုံးဦးလုံး အော်ဟစ်ပြီးမခံနိုင်တော့လို့ တံခါးတစ်ချပ်ကိုပတ္တာဖြုတ်ပြီး ဝင်ကယ်ပေးကြတယ်။ အားလုံးကို ကျေးဇူးအထူးတင်ပါတယ်။ ယာဉ်တိုက်တဲ့ဘက်က လာမေးမြန်းတာမရှိဘူး။ အခုလို ရပ်နေတဲ့ယာဉ်ကို အနောက်ကနေအတိုက်ခံရတာဟာ ဘုမသိဘမသိနဲ့ အခံရဆိုးတယ်။ ကျွန်တော့်ကိုမှီခိုနေတဲ့ မိသားစုဘဝ ယိမ်းယိုင်သွားနိုင်သလို ကလေးရဲ့အနာဂတ်အတွက်လည်း ထိခိုက်စေနိုင်တယ်။ ယာဉ်မဆင်မခြင်မောင်းသူတစ်ဦးကြောင့် ကျန်တဲ့မိသားစုတွေရဲ့ဘဝတွေ ပျက်စီးသွားတယ်ဆိုတာ မဖြစ်သင့်ဘူး။ သူ့မိသားစုလည်း ထိခိုက်နိုင်တဲ့အတွက် တစ်ဦးနဲ့တစ်ဦး စေ့စပ်ညှိနှိုင်း ဖြေရှင်းတာဟာ ပြစ်မှုပြစ်ဒဏ်တွေထက် ပိုပြီးညင်သာသိမ်မွေ့မယ်လို့ မြင်ပါတယ်။ ကျွန်တော့်အလုပ်ရှင်က အားလုံးဖြေရှင်း ဆောင်ရွက်ပေးလို့ ဝေဒနာခံစားရပေမယ့် အားငယ်စိတ်လျော့ပြီး စိတ်သက်သာရာရပါတယ်။ ကျွန်တော်တို့လို အခြားသူတွေလည်း မဖြစ်စေခြင်ဘူး"ဟု ပြောသည်။

မွန်ပြည်နယ်တွင် ယခု ၂၀၁၇ ခုနှစ်အတွင်း ဇန်နဝါရီလမှ မေလအထိ ယာဉ်တိုက်မှုပေါင်း ၄၁၆ မှုဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ အမျိုးသား ၅၁၆ ဦး၊ အမျိုးသမီး ၁၈၈ ဦးရှိကာ သေဆုံးသူ အမျိုးသား ၁၁၇ ဦးနှင့် အမျိုးသမီး ၃၃ ဦး ရှိသည်။ ဖြစ်ပွားရာနေရာသည် မြို့တွင်ဖြစ်ပွားမှု ၁၄၅ ကြိမ်နှင့် ကျေးလက်ဒေသတွင် ၂၇၁ ကြိမ်ဖြစ်သည်။

မော်လမြိုင်ခရိုင်အနေဖြင့် မြို့နယ်ပေါင်းခြောက်ခုတွင် ယာဉ်တိုက်မှုပေါင်း ၁၇၆ မှု ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ ၂၈၈ ဦးနှင့် သေဆုံးသူ ၇၃ ဦး ရှိခဲ့သည်။ ဇွန်လမှ ယခု အောက်တိုဘာလအထိ ယာဉ်တိုက်မှုအရေအတွက်ကို အတိအကျ မသိရသော်လည်း လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် တွေ့နေရသော သတင်းများအရ ပထမ ငါးလထက် လျော့နည်းနိုင်မည်မဟုတ်ချေ။ သထုံခရိုင်တွင်မူ မြို့နယ် လေးမြို့နယ်၌ ငါးလအတွင်း ယာဉ်တိုက်မှုပေါင်း ၂၄၀ ဖြစ်ပွားခဲ့ကာ ထိခိုက်ဒဏ်ရာရရှိသူ ၄၁၆ ဦး၊ သေဆုံးသူ ၇၉ ဦးရှိခဲ့သည်။

မွန်ပြည်နယ်၌ ဖြစ်ပွားသည့် အဆိုပါယာဉ်တိုက်မှုများတွင် မဆင်မချင်မောင်းနှင်မှု ၃၁၄ မှုနှင့် အရှိန်ပြင်းမောင်းနှင်မှု ၁၀၂ မှုရှိခဲ့သည်။ ထို့ကြောင့် ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းရေးအတွက် ပြည်သူလူထု ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့က အကူအညီတောင်းခံထားခြင်းဖြစ်သည်။ ယာဉ်တိုက်မှုတွင် ပြုသူနှင့်ခံရသူကြား တစ်ဦးနှင့် တစ်ဦး မေတ္တာစေတနာဖြင့် လူသားချင်းစာနာထောက်ထားကာရှင်းပင်းကူညီခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးမှုမရှိစေရအောင် ဆောင်ရွက်နိုင်ကြပါစေကြောင်း တိုက်တွန်းရေးသားဖော်ပြအပ်ပါသည်။ ။

# မုတ္တမပင်လယ်ကွေ့ဒေသမှ လေ့လာရေးအဖွဲ့ဝင်များ စိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ လာရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၂**

မုတ္တမပင်လယ်ကွေ့ဒေသ ရပ်ရွာအခြေပြု ကမ်းရိုးတန်းစီမံခန့်ခွဲမှုစီမံကိန်း အစီအစဉ်ဖြင့် တာဝန်ရှိသူ စီမံကိန်းဝန်ထမ်းများ ဦးဆောင်လျက် မွန်ပြည်နယ် သထုံ၊ ဘီးလင်း၊ ကျိုက်ထိုမြို့နယ်များနှင့် ပဲခူးတိုင်းဒေသကြီး သနပ်ပင်၊ ကဝမြို့နယ်များမှ တောင်သူများပါဝင်သည့် လေ့လာရေးအဖွဲ့သည် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ စက်တင်ဘာနောက်ဆုံးပတ်အတွင်းက လေ့လာရေးခရီးစဉ် လာရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေ့လာရေးအဖွဲ့ဝင်များသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ပဲမျိုးစုံသုတေသနဌာနစိုက်ကွင်းသို့ သွားရောက်လေ့လာခဲ့ကြပြီး မြန်မာနိုင်ငံတွင် စိုက်ပျိုးလျက်ရှိသော မတ်ပဲ၊ ပဲတီစိမ်း၊ ပဲပုပ်၊ ကုလားပဲ၊ ပဲစင်းငုံ၊ ပဲလွန်းစသည့် ပဲမျိုးများအကြောင်းကိုလည်းကောင်း၊ ဥရောပနိုင်ငံများသို့တင်ပို့ရန် အလားအလာရှိသည့် အရည်အသွေးကောင်း ပဲပင်ပေါက်မျိုး တစ်မျိုးဖြစ်သော ပဲတီစိမ်း ရေဆင်း -၁ မျိုးအကြောင်းကိုလည်းကောင်း၊ မတ်ပဲသီးနှံကို အစားထိုး၍ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ရန် အလားအလာရှိသော ပဲပုပ်သီးနှံအကြောင်းကို လည်းကောင်း၊ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် မတ်ပဲမျိုးများကို လည်းကောင်း လေ့လာခဲ့ပြီး ပဲမျိုးစုံသီးနှံသုတေသနဌာနစုမှ တာဝန်ခံ ဒေါ်မြတ်နွယ်နွယ်နှင့် ဌာနမှ တာဝန်ရှိဝန်ထမ်းများက လိုက်လံရှင်းလင်းပြသခဲ့သည်။

ဆက်လက်၍ စပါးသီးနှံဌာနစုကွင်း၌ မြန်မာနိုင်ငံတွင်စိုက်ပျိုးနေသော စပါးမျိုးများကို အမြဲတေအမျိုးသန့်အဖြစ် စနစ်တကျ စိုက်ပျိုးထားပုံများနှင့် ရေမြုပ်ခံ-၁၊ ဆင်းသုခ၊ မနောသုခ၊ ပေါ်ဆန်းရင်၊ ရွှေဝါထွန်း၊ ရွှေရင်အေး၊ ရွှေသွယ်ရင်၊ ဆင်းသွယ်လတ်၊ မော်ဘီ - ၂၊ သီးထပ်ရင်၊ ဆင်းဧကရီ-၃၊ ရေမင်း၊ ကျော်ဇေယျ၊ ရတနာတိုးစသည့် မျိုးများကို မိဘမျိုးစေ့အဖြစ် စနစ်တကျပွားများ၍ မျိုးသန့်ထိန်းသိမ်းခြင်း စိုက်ကွက်များကိုလည်းကောင်း၊ ဆားငန်ဒဏ်ခံသည့် စပါးမျိုးများကို တောင်သူများကိုယ်တိုင် မျိုးစေ့ထုတ်နိုင်ရေးအတွက် လိုအပ်ချက်များကိုလည်းကောင်း တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြသည်။

လေ့လာရေးအဖွဲ့ဝင်များသည် မျိုးစေ့ဘဏ်သို့လည်း ဆက်လက်လေ့လာခဲ့ကြပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ သမိုင်းကြောင်း၊ သုတေသနပြုဆောင်ရွက်နေသော သီးနှံများနှင့် စိုက်နည်းစနစ်များ၊ သုတေသနရလဒ်များ၊ နိုင်ငံအဝန်းရှိ စိုက်ပျိုးရေးသုတေသနခြံများ၊ နိုင်ငံတကာနှင့် ချိတ်ဆက်၍ သုတေသနလုပ်ငန်း ဆောင်ရွက်နေမှုများ၊ မျိုးစေ့ဘဏ်အကြောင်းနှင့် စုဆောင်းထိန်းသိမ်းသိုလှောင်ထားသော သီးနှံမျိုးစေ့များအကြောင်းကိုလည်းကောင်း၊ နိုင်ငံအဝန်းမှ စုဆောင်းထားရှိသည့် စပါးမျိုးများနှင့် သီးနှံမျိုးစေ့များကို နှစ်တိုနှစ်လတ် အအေးခန်းစနစ်ဖြင့် ထိန်းသိမ်းသိုလှောင်ထားပုံများကိုလည်းကောင်း လိုက်လံပြသခဲ့ကာ လေ့လာရေးအဖွဲ့ဝင် တောင်သူများ၏ မေးမြန်းမှုများကိုလည်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ဂန္ဓာလရာဇ်စိနတိုင်းသွားတောလားနှင့် အတွေးအမြင်များ အပိုင်း(၃)

## မောင်မောင်ထွေး

*ယမန်နေ့မှ အဆက်*

Dunhuang Hua Xia International Hotel သို့ အရောက်တွင်မူ တူညီဝတ်စုံများ ဝတ်ဆင်ထားကြသည့် လူငယ်မောင်မယ်များက ကျွန်တော်တို့ကို ဆီးကြိုနေသည်။ ၎င်းတို့အနက်မှ လူငယ်လေးတစ်ဦးက ကျွန်တော်နဲ့ ဆရာဦးဝင်းတင်တို့ နှစ်ဦး၏ လိုအပ်ချက်များနှင့် ဆက်သွယ်သွားလာရေးကို ဖော်လံတီယာအဖြစ် ပံ့ပိုးကူညီ ဆောင်ရွက်ပေးမည့်သူဖြစ်ကြောင်း မိတ်ဆက်ပြောဆိုပါသည်။ သူတို့သည် Lanzhou မြို့ တက္ကသိုလ်မှကျောင်းသားအများစု ဖြစ်ကြသည်။

ဂန္ဓာလရာဇ်စိနတိုင်းမှ တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုက ရေပက်မဝင်အောင် စနစ်ကျလှသည်။ လူငယ်များကိုပါ တစ်ပါတည်း ပွဲထုတ်ရင်း အနာဂတ် နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံတကာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ငယ်စဉ်ကတည်းကပင် တီးခေါက်မိစေရန် လေ့လာသင်ကြားစေခြင်း ရည်ရွယ်ချက်လည်း ပါဝင်ပါလိမ့်မည်။ ကျွန်တော်တို့ နိုင်ငံတွင် နောင်ကျင်းပမည့် နိုင်ငံတကာအခမ်းအနားများတွင်လည်း ဆိုခဲ့ပါအတိုင်း မြန်မာလူငယ်မောင်မယ်များကို အတွေ့အကြုံရရှိစေရန် ပွဲထုတ်ဖို့ အကြံပြုလိုပါသည်။

မီဒီယာဖိုရမ်မတိုင်မီတစ်ရက်အလို စက်တင်ဘာ ၁၈ ရက်တွင် Dunhuang မြို့တွင်း လေ့လာရေးအစီအစဉ်ကိုလည်း စီစဉ်ထားသည်။ နေရာကား ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တစ်ခုဖြစ်သည့် Mogao Caves ခေါ် ဗုဒ္ဓရုပ်ပွားတော်မြတ်များ ကိန်းဝပ်စံပယ်ရာ လိုဏ်ဂူဖြစ်သည်။

ဗောဓိတစ်ထောင် (သို့) မြို့ကိုအစွဲပြု၍ Dunhuang Caves ဟုလည်း ထင်ရှားကျော်ကြားသည်။ လိုဏ်ဂူကို အေဒီလေးရာစုခန့်က စတင်တူးဖော်တည်ဆောက်ခဲ့သည်။ နောက်ပိုင်း စူးစမ်းလေ့လာသူများက ၁၉ ရာစုနှောင်းပိုင်းနှင့် ၂၀ ရာစု အစောပိုင်းကတည်းက စတင်စိတ်ဝင်စားခဲ့ကြသည်။ ရှေးဟောင်းပိုးလမ်းမကြီးနှင့် ဗဟိုအာရှ၏ ပျောက်ဆုံးနေသည့် မြို့ပြများကို စိတ်ဝင်စားကြခြင်းဖြစ်သည်။ Dunhuang မြို့သည် ကုန်သွယ်မှုအချက်အချာကျသည့် ရှေးဟောင်းပိုးလမ်းမကြီး၏ အရေးကြီးသော တံခါးပေါက်အဖြစ်လည်းကောင်း၊ ဗုဒ္ဓဘာသာထွန်းကားရာနှင့် မတူကွဲပြားခြားနားသည့် လူအများစုဝေးရာ အဖြစ်လည်းကောင်း ဆိုကြသည်။

သို့နှင့် ယူနက်စကိုက ၁၉၈၇ ခုနှစ်တွင် ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တစ်ခုအဖြစ်သတ်မှတ်ခဲ့ပြီး လက်ရှိအချိန်တွင် ရှေးဟောင်းသုတေသနဆိုင်ရာစီမံကိန်းအဖြစ် ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။ ပြည်တွင်း ပြည်ပခရီးသွားများလည်း အမြောက်အမြားလာရောက် လည်ပတ်လျက်ရှိကြောင်း သိရသည်။

ကျွန်တော်တို့ လိုဏ်ဂူအတွင်း ဝင်ရောက်မလေ့လာမီကပင် ဓာတ်ပုံရိုက်ခွင့်မပြုကြောင်း ကြိုတင်မေတ္တာရပ်ခံထားသည်။ ပြည်တွင်း ပြည်ပခရီးသွားများကိုလည်း အကန့်အသတ်ဖြင့်သာ ဝင်ခွင့်ပြုထားသည်။ လိုဏ်ဂူတော်အတွင်းဝယ် ကြီးမားသော ရှေးဟောင်းလက်ရာ ဗုဒ္ဓရုပ်ပွားတော်မြတ်များ၊ မြန်မာနိုင်ငံ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အာနန္ဒာဘုရားအတွင်းက နံရံဆေးရေးပန်းချီကားများကဲ့သို့ လက်ရာပြောင်မြောက်သော နံရံဆေးရေးပန်းချီကားများကိုလည်း တွေ့မြင်ရသည်။

နေ့လယ်ပိုင်းတွင်မူ ကျွန်တော်တို့လေ့လာရေးအဖွဲ့ဝင်များသည် Sand Mountain ခေါ် သဲတောင်များကို သွားရောက်လေ့လာရင်း ရောက်တုန်းရောက်ခိုက် သဲတောင်များအပေါ် တက်ရောက်ကြပါသည်။ Dunhuang မြို့သည် ဂိုဘီသဲကန္တာရနှင့် မွန်ဂိုလီးယားနိုင်ငံအနီးတွင် တည်ရှိသည်။ Lanzhou မြို့မှ Dunhuang မြို့အသွား လေယာဉ်ပေါ်မှ ကြည့်ပါလျှင် ရှုမောမဆုံးသော သဲကန္တာရကို မြင်တွေ့ရပါလိမ့်မည်။

သဲတောင်များတွင် နိုင်ငံစုံမှ မီဒီယာအဖွဲ့ဝင် အများအပြားကို တွေ့ရသည်။ ကျွန်တော့်အနီးဝန်းကျင်တွင် အာဖရိကတိုက်သားအသွင်အပြင်နှင့် လေ့လာရေးအဖွဲ့တစ်ဖွဲ့ကိုတွေ့ရ၍ မိတ်ဆက်မေးမြန်းကြည့်ရာ လိုက်ဘေးရီးယားမှ မီဒီယာအဖွဲ့ဝင်များဖြစ်ကြောင်း သိရသည်။

ကျွန်တော်က မြန်မာနိုင်ငံသားဖြစ်ကြောင်း ပြန်လည်မိတ်ဆက်ရင်း မြန်မာနိုင်ငံကိုသိလားဟု မေးမြန်းခဲ့ရာ အဖွဲ့ဝင် အမျိုးသမီးတစ်ဦးက "ဒေါ်အောင်ဆန်းစုကြည်" ဟု ဆိုပါလေသည်။ ကျွန်တော့်မှာ ဝမ်းမြောက်ပီတိဖြစ်ရပါသည်။

ထိုနေ့ တစ်နေ့လုံး ကျွန်တော်တို့မှာ အနားမရပါ။ ရှေးဟောင်းပိုးလမ်းမကြီးအတွင်း ရှေးခေတ်က ဂန္ဓာလရာဇ်စိနတိုင်းသားများ ကုလားအုတ်များဖြင့် ဂိုဘီသဲကန္တာရကိုဖြတ်၍ ကုန်သွယ်သွားလာမှု သမိုင်းမှတ်တမ်းများကို သရီးဒီရုပ်ရှင်ပြသလေ့လာစေရုံမက ညပိုင်းတွင် အမျိုးသားဇာတ်ရုံ၌ အော်ပရာပြဇာတ်ဖြင့်ပါ ဖျော်ဖြေတင်ဆက်ပါတော့သည်။

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၁/ပေါင်းလောင်း-၁၊ မြေကွက်အမှတ် ၈၄၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးလှမောင် အမည်ပေါက် ပါမစ်မြေကွက်နှင့် ဒေါ်နှင်းယုဝေ ၉/ပမန(နိုင်)၂၃၈၃၈၉ (ဘ)ဦးအေးမင်းမှ ပျဉ်းမနားမြို့၊ မြေတိုးချဲ့နေရာချထားရေးကော်မတီမှ လူနေထိုင်ရန် တရားဝင်ချထားပေးသော မြေကွက်ဖြစ်ကြောင်း ထောက်ခံချက်မူရင်း၊ အရောင်းအဝယ် စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်လွှာမူရင်း၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်များတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်၃၁/ပေါင်းလောင်း-၁၊ မြေကွက် အမှတ် ၂၄၆၊ ဧရိယာ၀ ဒသမ၀၅၅ဧကရှိ ဦးလှုငယ် အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်သူဇာမြင့် ၁၄/ဘကလ(နိုင်) ၁၀၂၂၂၀ (ဘ)ဦးတင်မောင်ဝင်းမှ ပျဉ်းမနားမြို့ မြေတိုးချဲ့နေရာချထားရေးကော်မတီမှ လူနေထိုင်ရန် တရားဝင်ချထားပေးသောမြေကွက်ဖြစ်ကြောင်းထောက်ခံချက်မူရင်း၊ အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်လွှာမူရင်း၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်း မိတ္တူ၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်များတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ပြည်တော်သာရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ် ၁၁၈နေ ဒေါ်မြသန်းဦး ၁၃/တကန(နိုင်)၀၁၁၉၉၈၏ အထောက်အထားနှင့်တကွ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၁။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြသန်းဦး ၁၃/တကန(နိုင်)၀၁၁၉၉၈သည် တောင်ကြီးခရိုင်၊ ဆီဆိုင်မြို့နယ်၊ သီရိရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၈/သီရိအနောက်၊ ဦးပိုင်အမှတ် 64/119၊ ဧရိယာ ၀ ဒသမ ၄၃၁ ဧကကို ဒေါ်မြသန်းဦး အမည်ဖြင့် ၂၀၀၃-၂၀၀၄ခုနှစ် မြေပုံစံ(၁၀၅)ကိုရရှိထားပြီး ယနေ့ထိအမည်ပေါက်ပိုင် မြေစာရင်းဖြင့် အတည်ဖြစ်လျက်ရှိနေကြောင်း သိရှိရပါသည်။

၂။ ဒေါ်မြသန်းဦးအမည်ဖြင့်ရှိသော မြေပုံစံ(၁၀၅)မူရင်းသည် ပျောက်ဆုံးနေပါသဖြင့် ဒေါ်မြသန်းဦးသည် မည်သူတစ်စုံတစ်ယောက်ကိုမျှ ယနေ့ထိလွှဲပြောင်းရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းထားခြင်းများပြုလုပ်ထားခြင်းမရှိပါ၍ သက်ဆိုင်ရာမြေစာရင်း ဦးစီးဌာနတွင် ထပ်မံလျှောက်ထားမည်ဖြစ်ပါသည်။

၃။ အဆိုပါ ဒေါ်မြသန်းဦးအမည်ဖြင့် ထွက်ရှိထားသော မြေစာရင်းပုံစံ(၁၀၅)မူရင်းကို လက်ဝယ်ထားရှိခဲ့သူရှိခဲ့ပါက ဒေါ်မြသန်းဦး၏ ရှေ့နေထံသို့လည်းကောင်း၊ အမည်ပေါက် ပိုင်ရှင်ဖြစ်သူဒေါ်မြသန်းဦးထံသို့လည်းကောင်း ခုနစ်ရက်အတွင်း လာရောက် အပ်နှံပေးပါရန်၊ အများသိစေရန်အသိပေးအကြောင်းကြားတောင်းဆိုအပ်ပါသည်။

၄။ အကယ်၍ ခုနစ်ရက်အတွင်း ဒေါ်မြသန်းဦးအမည်ဖြင့် မြေစာရင်းပုံစံ(၁၀၅) မူရင်းကို လက်ဝယ်ထားရှိသူ တစ်စုံတစ်ဦးမှ လာရောက်အပ်နှံပေးခြင်းမရှိလျှင် ဒေါ်မြသန်းဦးအနေဖြင့် မြေပုံစံ ၁၀၅ ထပ်မံလျှောက်ထားမည်ဖြစ်ပြီး လက်ဝယ်ထားရှိသူရှိခဲ့ပါက ၎င်း၏မြေပုံစံ (၁၀၅)သည် အသုံးမဝင်ပျက်ပြယ်စေမည်ဖြစ်ကြောင်း သိစေရန် ကြေညာအပ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ဒေါ်မြသန်းဦးအမည်ဖြင့်ရရှိထားသော မြေစာရင်းပုံစံ(၁၀၅)မူရင်းကို လက်ဝယ်ထားရှိသူ တစ်စုံတစ်ဦးရှိခဲ့ပါက ခုနစ်ရက်အတွင်း လာရောက်အပ်နှံပေးပါရန် အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်မြသန်းဦး**
**၁၃/တကန(နိုင်)၀၁၁၉၉၈**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှန်းလဲ့ဖြူ LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်/၁၃၂၄၉)**
**ည/၃၄၊ စန္ဒကူးလမ်း၊ သောင်ဖြူစခန်း ရပ်ကွက်၊ နယ်မြေ ၁၅၊ တောင်ကြီးမြို့၊**
**ဖုန်း-၀၉-၄၂၈၃၃၀၀၄၃၊ ၇၉၄၇၀၄၇၁၁**

---

### အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ရတနာသီရိရပ်ကွက်၊ ကျောက်စိမ်းလမ်း၊ အမှတ်(၁၈)နေ ဦးအောင်ကျော်ဆန်း ၁၃/တကန(နိုင်)၁၃၈၉၅၈၏ အထောက်အထားနှင့်တကွ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၁။ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကျော်ဆန်း ၁၃/တကန(နိုင်)၁၃၈၉၅၈သည် တောင်ကြီးခရိုင်၊ ဆီဆိုင်မြို့နယ်၊ သီရိရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၈/သီရိအနောက်) ဦးပိုင်အမှတ် (၉၃) ဧရိယာ ၀ ဒသမ ၁၇၂ ဧကကို ဦးအောင်ကျော်ဆန်းအမည်ဖြင့် ၂၀၀၅ ခုနှစ် မြေပုံစံ (၁၀၅)ကို ရရှိထားပြီး ယနေ့အထိ အမည်ပေါက်ပိုင် မြေစာရင်းဖြင့် အတည်ဖြစ်လျက်ရှိနေကြောင်း သိရှိရပါသည်။

၂။ ဦးအောင်ကျော်ဆန်းအမည်ဖြင့်ရှိသော မြေပုံစံ(၁၀၅)မူရင်းသည် ပျောက်ဆုံးနေပါသဖြင့် ဦးအောင်ကျော်ဆန်းသည် မည်သူတစ်စုံတစ်ယောက်ကိုမျှ ယနေ့ထိ လွှဲပြောင်းရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းထားခြင်းများ ပြုလုပ်ထားခြင်းမရှိပါ၍ သက်ဆိုင်ရာ မြေစာရင်းဦးစီးဌာနတွင် ထပ်မံလျှောက်ထားမည်ဖြစ်ပါသည်။

၃။ အဆိုပါ ဦးအောင်ကျော်ဆန်းအမည်ဖြင့် ထွက်ရှိထားသော မြေစာရင်းပုံစံ(၁၀၅) မူရင်းကို လက်ဝယ်ထားရှိခဲ့သူရှိခဲ့ပါက ဦးအောင်ကျော်ဆန်း၏ရှေ့နေထံသို့လည်းကောင်း၊ အမည်ပေါက် ပိုင်ရှင်ဖြစ်သူ ဦးအောင်ကျော်ဆန်းထံသို့လည်းကောင်း ခုနစ်ရက်အတွင်း လာရောက်အပ်နှံပေးပါရန် အများသိစေရန် အသိပေးအကြောင်းကြား တောင်းဆိုအပ်ပါသည်။

၄။ အကယ်၍ ခုနစ်ရက်အတွင်း ဦးအောင်ကျော်ဆန်းအမည်ဖြင့် မြေစာရင်းပုံစံ(၁၀၅) မူရင်းကို လက်ဝယ်ထားရှိသူ တစ်စုံတစ်ဦးမှ လာရောက်အပ်နှံပေးခြင်းမရှိလျှင် ဦးအောင်ကျော်ဆန်းအနေဖြင့် မြေပုံစံ(၁၀၅) ထပ်မံလျှောက်ထားမည်ဖြစ်ပြီး လက်ဝယ်ထားရှိသူရှိခဲ့ပါက ၎င်း၏မြေပုံ(၁၀၅)သည် အသုံးမဝင်ပျက်ပြယ်စေမည်ဖြစ်ကြောင်း သိစေရန်ကြေညာအပ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ဦးအောင်ကျော်ဆန်းအမည်ဖြင့် ရရှိထားသော မြေစာရင်းပုံစံ(၁၀၅) မူရင်းကို လက်ဝယ်ထားရှိသူ တစ်စုံတစ်ဦးရှိခဲ့ပါက ခုနစ်ရက်အတွင်း လာရောက်အပ်နှံပေးပါရန် အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးအောင်ကျော်ဆန်း**
**၁၃/တကန(နိုင်)၁၃၈၉၅၈**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှန်းလဲ့ဖြူ LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်/၁၃၂၄၉)**
**ည/၃၄၊ စန္ဒကူးလမ်း၊သောင်ဖြူစခန်းရပ်၊**
**တောင်ကြီးမြို့**

## ကန့်ကွက်လွှာကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ နယ်မြေ(၁၁)၊ အကွက်အမှတ် (၂၂/လုံလော့ရပ်)၊ ဦးပိုင်အမှတ် (၆၅/က)၊ ဧရိယာ ၀ ဒသမ ၂၀၉ ဧက၊ အမှုတွဲအမှတ် ၄၃၆-၅/ ၁၉၉၅-၁၉၉၆(အေ)ဖြင့် ဦးအမ်ဇော်ဂေါင်မှ အမည်ပေါက်ပိုင်ဆိုင်ပြီး သားဖြစ်သူ ဦးဝွမ်ဂျာနော် ၁၃/လရန(နိုင်)၀၂၉၈၆၁ အား မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်အမှတ် (၁၇၉I/ ၂၀၁၆)ဖြင့် မေတ္တာနှင့်ပေးကမ်းခြင်းစာချုပ် ချုပ်ဆို၍ ပိုင်ဆိုင်ခဲ့ပြီး အမည်ပြောင်းလျှောက်ထားလာသဖြင့် ယင်းမြေနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ရက် ၂၀ အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

**ဖခင်အမည်မှန်**

ကသာမြို့နယ်၊ မိုးတားကြီးကျေးရွာတွင် နေထိုင်သူ မဒွဲရှောင် ကျောင်းဝင်အမှတ် (၇၇၆)၏ ဖခင်အမည်မှန်မှာ ဦးဇီပါး ၅/ဗမန(နိုင်)၀၃၄၉၂၁ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး ၁၁၊ ရေငယ်၊ ကွင်းအမှတ် ၆၈၀၊ ကွင်းအမည် ရေငယ်အနောက်၊ ဦးပိုင်အမှတ် ၅၊ မြေဧရိယာ ၀ ဒသမ ၅၀ဧကရှိမြေနှင့် မြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်များကို ဒေါက်တာမိမိလေး ဂရန်အမည်ပေါက်ပိုင်ဆိုင်ပါသည်။ အထက်ပါမြေမှခွဲဝေ၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး ၁၁၊ ရေငယ်၊ ကွင်းအမှတ် ၆၈၀၊ ကွင်းအမည် ရေငယ်အနောက်၊ ဦးပိုင်အမှတ် ၅-ခ၊ မြေဧရိယာ ၀ ဒသမ၁၄၄ ဧကရှိမြေနှင့် မြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်များကို ဒေါ်မိမိလေးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးတင့်နိုင်မှ ဂရန်ခွဲထုတ်အမည်ပြောင်းပေးရန် လျှောက်ထားပြီးဖြစ်ပါသည်။ ဦးတင့်နိုင် ဂရန်ခွဲထုတ်/အမည်ပြောင်း လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်သောစာရွက်စာတမ်းမူရင်းများ၊ တရားရုံးတားဝရမ်းအမိန့်ဒီကရီမူရင်းများနှင့်တကွ ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ဖြစ်စေ၊ ပြင်ဦးလွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဂရန်ခွဲထုတ်ပေးရန် လျှောက်ထားသည့်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးတင့်နိုင် ၉/သပက(နိုင်)၀၀၀၄၅၅**
**အိမ်အမှတ် ၅၇၊ ၁၅လမ်း၊**
**ညံတော၊ ရတက (၂)၊ ပြင်ဦးလွင်မြို့**

## အများသိစေရန်ကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄၆၊ မြေကွက်အမှတ် ၁၄၀၆၊ မြေကွက်တည်နေရာအမှတ် ၁၄၀၆၊ ဒီပါအေးမြလမ်း၊ ၄၆ရပ်ကွက်၊ ဒဂုံမြောက် ဦးကျော့ပေါ်ခ် ၄/ဟခန(နိုင်)၀၀၈၇၂၇ အမည်ပေါက် နှစ်၆၀ဂရန်မြေအား ဦးကျော့ပေါ်ခ်ကိုယ်တိုင်မှ ဂရန်မူရင်းမှာ အထားအသိုမှားယွင်းမှုကြောင့် ပျောက်ဆုံးသွားကြောင်း ပုဇွန်တောင်မြို့နယ်တရားရုံး၏ ၇-၂-၁၇ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်စဉ် ၂၁၈၂/၁၇၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားခြင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ ကွင်းဆင်းစစ်ဆေးခြင်း၊ သတင်းစာတွင် သီးခြားကြော်ငြာခြင်းများ ဆောင်ရွက်ခဲ့ရာ ကန့်ကွက်သူမရှိပါသဖြင့် ဂရန်မိတ္တူလျှောက်ထားခြင်းကို ခွင့်ပြုပြီးဖြစ်ပါသဖြင့် မြို့မြေစာရင်းတွင် အမှုတွဲအမှတ် ဒဂ(မ) စက်မှုဦးစီး ၂၂၀/၉၄ (၂၃-၆-၉၄)ဖြင့် ထုတ်ပေးထားသည့် မူရင်းဂရန်စာအုပ်ကို ရုံးမိန့်ထုတ် ပယ်ဖျက်ပြီးဖြစ်ပါကြောင်းနှင့် ဦးကျော့ပေါ်ခ် ၄/ဟခန(နိုင်)၀၀၈၇၂၇ ၏ ဂရန်မိတ္တူလျှောက်ထားခြင်းကို ခွင့်ပြုပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(ရန်ကုန်သစ်)၊ မြေကွက်အမှတ် ၁၀၈၊ မြေကွက်တည်နေရာအမှတ် ၁၄၊ အောင်ဇေယျ(၈)လမ်းသွယ်(၁)၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ် အမည်ပေါက် (၁)ဦးကျော်စိန် ၁၂/သဃက(နိုင်)၀၈၅၀၉၄၊ (၂)ဒေါ်မေစိန် ၁၂/ဒဂတ(နိုင်)၀၁၅၃၃၂ နှစ် ၆၀ဂရန်မြေအား အမည်ပေါက် နှစ်ဦးအနက် ဦးကျော်စိန်နှင့် ဇနီးဒေါ်ကြည် (ကွယ်လွန်)သဖြင့် (၁)ဦးကျော်လင်း ၁၂/သဃက(နိုင်)၀၈၈၈၇၁၊ (၂)ဒေါ်တင်တင်မြင့် ၁၂/သဃက(နိုင်)၀၈၅၈၄၄တို့မှ ၄င်းတို့၏ဖခင် ဦးကျော်စိန်သည် ၁၇-၁၁-၂၀၀၃ ရက်တွင်လည်းကောင်း၊ မိခင်ဒေါ်ကြည်သည် ၁၅-၈-၂၀၀၅ ရက်တွင်လည်းကောင်း ကွယ်လွန်ပြီး ကွယ်လွန်သူမိဘများတွင် ၄င်းတို့မောင်နှမ(၂)ဦးကိုသာ မွေးဖွားထွန်းကားကြောင်း၊ အခြားသော သား/သမီးများလည်း မွေးစားထားခဲ့ခြင်းမရှိကြောင်း၊ ကွယ်လွန်သူ ဖခင်ဦးကျော်စိန်၏ ပိုင်ဆိုင်ခွင့်အစုဖြစ်သော အကျယ်အဝန်း(၁၈'×၆၀')အား ကျန်ရှိသူ သား/သမီးနှစ်ဦးကသာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ဆက်ခံခွင့်ရှိကြောင်း၊ အခြားအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ၅-၅-၂၀၁၇ရက် ပုဇွန်တောင်မြို့နယ်တရားရုံး ကျမ်းသစ္စာပေးသူအရာရှိ ဒေါ်နှင်းဝင်ဝင့်ဖြူရှေ့တွင် ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ၄င်းတို့၏ကျိန်ဆိုထားမှုကို အသိသက်သေနှစ်ဦးဖြစ်သည့် ဒေါ်နီနီရှိန် ၁၂/ဥကတ(နိုင်)၀၀၂၃၅၆ နှင့် ဒေါ်ခင်စုမွန်လှိုင် ၁၂/ဥကတ(နိုင်)၀၃၂၃၁၄ တို့မှ ၅-၅-၂၀၁၇ ရက် ပုဇွန်တောင်မြို့နယ်တရားရုံး၊ တရားသူကြီး ဒေါ်နှင်းဝင့်ဝင့်ဖြူရှေ့တွင် ထောက်ခံကျိန်ဆိုထားသည့် တရားရုံးထောက်ခံကျမ်းကျိန်လွှာ နှစ်စောင်နှင့်အတူ သေစာရင်း၊ ဂရန်မူရင်း၊ ကျန်အမည်ပေါက် ဒေါ်မေစိန်ထံမှ ကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၃၆၁/၂၀၁၄ဖြင့် ကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်တင်တင်မြင့်မှ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ဒေါ်မေစိန်မှ ၂၀၁၄ခုနှစ်တွင် ဦးဇင်မောင်သိန်းအား ပေးအပ်ထားသည့် ကိုယ်စားလှယ်လွှဲစာနှင့်ပတ်သက်၍ ဦးဇင်မောင်သိန်းကို ဆက်သွယ်၍မရဖြစ်နေခြင်း GP ပေးသူ ဒေါ်မေစိန်မှာ ရွှေဘိုမြို့တွင်နေထိုင်ပြီး အသက်(၈၀)ကျော်အရွယ်ဖြစ်နေ၍ ရန်ကုန်မြို့သို့ လာရောက်၍ GPရုပ်သိမ်းရန် အခက်အခဲရှိနေခြင်း၊ GPမူရင်း လက်ဝယ်တွင်ရှိကြောင်း၊ ပြဿနာတစ်စုံတစ်ရာမရှိကြောင်း၊ ရှင်းလင်းတင်ပြလျက် ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ လျှောက်ထားမြေကွက်သည် လူမနေ၊ မြေကွက်လပ်ဖြစ်ပြီး ယင်းမြေကို လက်ဝယ်ရှိကြောင်း ပြဿနာမရှိ တာဝန်ယူကြောင်း ဒေါ်တင်တင်မြင့်မှ လက်မှတ်ရေးထိုးတင်ပြထားပါသဖြင့် ဖော်ပြပါ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပစ္စည်းတင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၈)၊ ဖောင်းပြင်မြို့မှ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သည့် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၁။ မြေကြီး(ဖို့မြေ)
၂။ မြေကြီး(ဖြတ်မြေ)
၃။ သံချောင်းလုံးရှယ်စုံ
၄။ ဘိလပ်မြေ

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၉-၁၀-၂၀၁၇ရက်
**တင်ဒါပုံစံရောင်းချမည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၈)၊ ဖောင်းပြင်မြို့
**နောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** - ၁၇-၁၀-၂၀၁၇ရက် ညနေ ၄း၃၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၈-၁၀-၂၀၁၇ရက် နံနက် ၁၀နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၈)၊ ဖောင်းပြင်မြို့

အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းမေးမြန်း နိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ဖောင်းပြင်မြို့**
**ဖုန်း-၀၉-၂၅၆၀၆၄၂၂၄၊ ၀၉-၂၅၇၁၅၃၅၆၀**

## မိခင်အမည်မှန်

ကျောက်ဖြူမြို့နယ်၊ အထက ဇင်ချောင်း၊ တက္ကသိုလ်ဝင်တန်း(C) မှ မောင်ငြိမ်းချမ်း၏ မိခင်အမည်မှန်မှာ ဒေါ်အေးမြင့်ခင် ၁၁/ကဖန(နိုင်)၁၁၈၆၄၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကျောက်ဖြူမြို့နယ်၊ အထက ဇင်ချောင်း၊ တက္ကသိုလ်ဝင်တန်း(B) မှ မခင်သက်စိုး၏ ဖခင်အမည်မှန်မှာ ဦးမောင်ဝေချီး ၁၁/ကဖန(နိုင်) ၀၈၀၂၂၃ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့နယ်၊ ရွှေကျီးနားရပ်ကွက်၊ အကွက်အမှတ် ၁၆၆၊ ဦးပိုင်အမှတ် ၁၂၃/၃၊ မြေဧရိယာ ၀ဒသမ ၄၄၅ဧကရှိ မြေကွက်ကို ဦးထွန်းအောင်သည် လွန်ခဲ့သော ၁၅ နှစ်မှစတင်၍ အဆောက်အအုံ ဆောက်လုပ်အသုံးပြုလျက်ရှိခဲ့ရာ အဆိုပါမြေကွက်ကို ဦးထွန်းအောင် ၁/မမန(နိုင်)၀၃၀၇၇၃အမည်ဖြင့် မြေငှားဂရန်သစ်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက မြေငှားဂရန်သစ်လျှောက်ထားမှုကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးထွန်းအောင်**
**ရွှေကျီးနားရပ်ကွက်၊ ဇန်းမော်မြို့**
**ဖုန်း-၀၉-၇၉၈၈၈၄၇၁၀**

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့နယ်၊ ရွှေကျီးနားရပ်ကွက်၊ အကွက်အမှတ် ၁၆၆၊ ဦးပိုင်အမှတ် ၁၂၃၊ မြေဧရိယာ ၀ ဒသမ ၂၉၃ ဧကရှိ မြေကွက်ကို ဦးထွန်းအောင်သည် လွန်ခဲ့သော ၁၀ နှစ်မှစတင်၍ အဆောက်အအုံ ဆောက်လုပ်အသုံးပြုလျက်ရှိခဲ့ရာ အဆိုပါမြေကွက်ကို ဦးထွန်းအောင် ၁/မမန(နိုင်) ၀၃၀၇၇၃အမည်ဖြင့် မြေငှားဂရန်သစ်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက မြေငှားဂရန်သစ်လျှောက်ထားမှုကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးထွန်းအောင်**
**ရွှေကျီးနားရပ်ကွက်၊ ဇန်းမော်မြို့**
**ဖုန်း-၀၉-၇၉၈၈၈၄၇၁၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံအရှေ့စက်မှုမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၃)၊ မြေကွက်အမှတ်(၁၅၂)၊ ဧရိယာ ၂ ဒသမ ၀၀၃ ဧက၏ အမည်ပေါက် ဦးအောင်ဇော်ထွန်း ၁၀/မလမ(နိုင်)၁၅၈၄၈၆ ထံမှ ဒေါ်နုနုလွင် ၁၂/မဂတ(နိုင်)၀၈၀၀၆၅ က စာချုပ်စာတမ်းဖြင့်ဝယ်ယူခဲ့ပြီး ပိုင်ဆိုင်မှုအတွက် ဒေါ်နုနုလွင်မှ ၄င်း၏အမည်ဖြင့် မြေငှားလိုင်စင် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲသို့ တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊ ပြည်ထောင်စု/ပြည်နယ်(ငွေလုံးငွေရင်း/ပြင်ထိန်း)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာ-(၈၀/၁၀၀)အမျိုးအစားကို လုပ်ငန်းခွင် အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

မှတ်ချက်- ကတ္တရာသတ်မှတ်စံချိန်စံညွှန်းပြည့်မီကြောင်း လမ်းဦးစီးဌာန၊ အရည်အသွေး ထိန်းသိမ်းရေးဌာနခွဲ၏ စမ်းသပ်စစ်ဆေးချက် လက်မှတ်ပါရှိမှသာ တင်ဒါယှဉ်ပြိုင် ခွင့်ပြုမည်ဖြစ်ပါသည်။

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန်** - ၂-၁၀-၂၀၁၇ရက်
**တင်ဒါလျှောက်လွှာပိတ်ရက်/အချိန်** - ၂-၁၁-၂၀၁၇ရက် ညနေ ၄း၃၀နာရီ
**တင်ဒါရွေးချယ်မည့်ရက်/အချိန်** - ၃-၁၁-၂၀၁၇ရက် နံနက် ၁၀နာရီ
**တင်ဒါရွေးချယ်မည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ ချင်းပြည်နယ်၊ ဟားခါးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို လမ်းဦးစီးဌာန၊ မင်းတပ်ခရိုင်၊လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ **တင်ဒါခေါ်ယူရေးကော်မတီ**

**၀၉-၄၂၇၉၇၄၈၀၂**

## လုပ်ငန်းတင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊ ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေများဖြင့်ဆောင်ရွက်မည့် ငွေလုံးငွေရင်းနှင့် အထူးပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများအတွက် လုပ်ငန်းတင်ဒါခေါ်ယူလိုပါသည်။

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန်** - ၂-၁၀-၂၀၁၇ရက်
**တင်ဒါလျှောက်လွှာပိတ်ရက်/အချိန်** - ၂-၁၁-၂၀၁၇ရက် ညနေ ၄း၃၀နာရီ
**တင်ဒါရွေးချယ်မည့်ရက်/အချိန်** - ၃-၁၁-၂၀၁၇ရက် နံနက် ၁၀နာရီ
**တင်ဒါရွေးချယ်မည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ ချင်းပြည်နယ်၊ ဟားခါးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံစည်းကမ်းချက်များနှင့် အသေးစိတ် အချက်အလက်များကို လမ်းဦးစီးဌာန၊ မင်းတပ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ဖုန်း-၀၉-၄၂၇၉၇၄၈၀၂**

**ဖခင်အမည်မှန်**

ပျဉ်းမနားမြို့၊ ပညာပန်းတိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မမေနဒီအောင်၏ ဖခင်အမည်မှန်မှာ ဦးတင်းအောင်ဆန်း ၁၂/လမန(နိုင်)၀၁၇၃၀၄ ဖြစ်ပါသည်။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၁၆၉၆ Toyota Crown J7, S/L (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာထွေး ၉/မနမ(နိုင်)၀၀၅၀၀၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5K/1728 Toyota Wish ZNE, S/W (4x2)R ယာဉ်လက်ဝယ်ရှိသူ U Kyaw Kyaw Aung ၁၃/တကန(နိုင်)၀၀၃၃၁၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်အမှတ် (၆၄၉)၊ ဦးပိုင်အမှတ် (၁၁၄)၊ ၃၆×၃၇ လမ်းကြား၊ ၇၆×၇၇ လမ်းကြားရှိ ဦးဘိုဟန်၊ ဒေါ်ဘီအမည်ပေါက် ဂရန်မြေကွက်အား ဖခင်ဖြစ်သူ ဦးဘိုဟန်၊ မိခင်ဖြစ်သူ ဒေါ်ဘီ၊ သားဖြစ်သူ ဦးချစ်မောင်နှင့် ဦးခင်မောင်သိန်း(ခ)ဦးဟာမက်၊ ချွေးမဒေါ်ရဟ်မဒ်ဘီ (ခ) ဒေါ်လာမဘီတို့ အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သော သား၊ ချွေးမနှင့်မြေးတို့ဖြစ်သော ဦးဘဝင်း ၉/မရတ(နိုင်)၁၀၄၄၇၁၊ ဒေါ်ရွှေလေး(ခ)ဒေါ်ရွှေ ၉/မရတ(နိုင်)၀၅၇၁၇၇၊ ဒေါ်ခင်မမ ၉/မရတ(နိုင်)၁၀၉၃၉၁၊ ဒေါ်ခင်လှလှ ၉/မရတ(နိုင်)၁၀၉၂၆၃၊ ဒေါ်ခင်မြမြ ၉/မရတ(နိုင်)၁၀၉၂၆၄၊ ဦးခင်မောင်လွင် ၉/မရတ(နိုင်)၁၀၉၂၆၅၊ ဒေါ်ခင်မြဝင်း ၉/မဟမ(နိုင်)၀၄၄၁၂၅ တို့မှ ဂရန်စာချုပ်မူရင်းပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက် တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ သက်တမ်းတိုး၊ အမည်ပြောင်း၊ ဂရန်ပျောက်လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးတင်ထွဋ် (ပဲခူး) အသက်(၇၆)နှစ်
### အထက(၂) ရန်ကင်း(စိန်မိုင်ကယ်)
### အလက(၂) ရန်ကင်း ကန်တော့ခံဆရာ

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နေ (ဦးသင်း-ဒေါ်သိန်း)တို့၏သား၊ (ဦးစံဖြူ-ဒေါ်အုံးရင်)တို့၏သားသမက်၊ (ဒေါ်လှအေး)၏ခင်ပွန်း၊ (ဦးစိုးညွန့်-ဒေါ်တင်နွဲ့)၊ (ဦးကြီးညွန့်)-ဒေါ်နယ်လီ၊ (ဦးကျင်ငွေ-ဒေါ်ခင်မြမြ)၊(ဒေါ်ခင်လှသင်း)၊ ဦးသိန်းသန်း-(ဒေါ်အမာနီ)တို့၏ညီ၊ ဦးရဲညွန့်-ဒေါ်ခင်စန်းသင်း၊ ဦးနေထွန်း-ဒေါ်ခင်နှင်းနွယ်တို့၏အစ်ကို၊ ဒုဗိုလ်မှူးကြီးဖြိုးမင်းစိုး(ခ)ဖြိုးဇင်ဦး-ဒေါ်အေးစန္ဒာကျော်တို့၏ဖခင်သည် ၁-၁၀-၂၀၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၇ ရက်(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန် ၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၁၀-၂၀၁၇ရက်(စနေနေ့) နံနက် ၇နာရီတွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)
### ကျောက်တန်းမြို့နယ်တရားရုံး
### ၂၀၁၇ခုနှစ် တရားမကြီးမှု အမှတ် ၂၉

ဒေါ်သန်းသန်းပြုံး နှင့် ဦးကျော်မင်းလွင်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ကျောက်တန်းမြို့နယ်၊ ဘိုးဘကျေးရွာနေ ဦးကျော်မင်းလွင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် ဒေါ်သန်းသန်းပြုံးက လင်မယားကွာရှင်းပြတ်စဲစေလိုကြောင်း လျှောက် ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၇ ခုနှစ် အောက်တိုဘာ၃၀ရက် (၁၃၇၉ခုနှစ် တန်ဆောင်မုန်းလဆန်း၁၁ ရက်) နံနက် ၁၀နာရီတွင် တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့ပါက သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် စက်တင်ဘာ ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မင်းသိန်း)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ကျောက်တန်းမြို့နယ်တရားရုံး**

mr.blue

## ရုပ်ပြ/ပန်းချီဝါသနာရှင် သင်တန်းသား ဝန်ထမ်းများခေါ်ယူခြင်း

Mr.Blue Co.,Ltd မှ Academy Computer Colour, Photo Shop, Computer Basic အတွက် သင်တန်းသား(ဝန်ထမ်း)အလိုရှိသည်၊ ကာတွန်းပန်းချီ ဝါသနာပါသူများ လျှောက်ထားနိုင်သည်။ အသက်(၁၈)နှစ်မှ (၂၈)အောက်ရှိရမည်။ သင်တန်းကာလအတွင်း အခြေခံလစာ(၁၀၈၀၀၀)ရရှိပါမည်။ သင်တန်းကာလ(၃)လပြည့်၍ အရည်အချင်းပြည့်မီသူများကို အမြဲတမ်းဝန်ထမ်းခန့်အပ်ပြီး လစာကို အရည်အချင်းလိုက်တိုးမြှင့်ပေးမည်။ သင်တန်းသား အကန့်အသတ်ရှိသည်။ သင်တန်းစမည့်ရက်(၁၆-၁၀-၂၀၁၇)ဖြစ်၍ (၁၄-၁၀-၂၀၁၇)ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။ ကာတွန်ပန်းချီဝါသနာပါသူများ မိမိကိုယ်တိုင်ဆွဲထားသောပုံ A4 ဆိုဒ် တစ်ရွက်ယူဆောင်လာပါ။ လာရောက်လျှောက်ထားသူများသည် (၁) ကိုယ်ရေးရာဇဝင်ဖောင် (၂) မှတ်ပုံတင်မိတ္တူ (၃) သန်းခေါင်စာရင်းမိတ္တူ (၄) ရဲစခန်းထောက်ခံစာနှင့်တကွ ဓာတ်ပုံ(၃)ပုံ ယူဆောင်လာရမည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၉၇၄၅၈၅၅၅၇၊ ၀၉-၄၅၄၃၅၉၁၁၂**
**အမှတ်(၁၁၀၀)၊ စိမ်းမြသာယာလမ်း၊ (၃၂)ရပ်ကွက်၊**
**မြောက်ဒဂုံ(ကျောင်းလမ်းမှတ်တိုင်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1H/3959 Suzuki Swift ZC 72S, Hatch Back(4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးဗိုလ်ဗိုလ် ၉/အမရ(နိုင်)၀၉၈၆၁၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင် ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**မိခင်အမည်မှန်**

ကျောက်ဖြူမြို့နယ်၊ အထက ဇင်ချောင်း၊ တက္ကသိုလ်ဝင်တန်း (C)မှ မောင်ဝင်းငွေအောင်၏ မိခင်အမည်မှန်မှာ ဒေါ်ကြည်ကြည်ဝင်း ၁၁/ကဖန(နိုင်)၀၅၁၄၄၀ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ဃ/၂၇၁၃၇ Yuncle 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်နိုးသူ ၉/အမရ(နိုင်)၁၄၉၃၅၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကိုထွန်းထွန်းနှင့်အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ-၁၅ လမ်း၊ အမှတ် ၄၆၀ နေ ဦးသန်းထွန်း ၁၂/ဥကတ(နိုင်)၁၁၆၅၅၁ နှင့် ဒေါ်သိန်းငွေ ၁၂/ဥကတ(နိုင်) ၁၁၆၅၈၇တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

အထက်အမည်ပါ ကျွန်ုပ်မိတ်ဆွေများ၏သားဖြစ်သူ ကိုထွန်းထွန်း ၁၂/ဥကတ(နိုင်)၁၁၅၁၀၄ သည် မိဘများခွင့်မလွှတ်နိုင်သည့် ကိစ္စအဝဝအား ပြုလုပ်ခြင်း၊ မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အတွက် ၄င်းအား ယခုကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အပြီးပိုင်အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၄င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှ လုံးဝတာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၇၇၇)**
**အမှတ် ၉၉၉၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၇၈၉၄၀၂၀၆**

## ဒေါ်စန်းစန်းချို
**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တိုက်ဟောင်း(၁)၊ အခန်း(၂၀)၊ ဖဆပလရပ်ကွက်နေ (ဦးကျော်အေး-ဒေါ်သန်းကြည်)တို့၏သမီးကြီး၊ ဗိုလ်မှူး စိုးညွန့်(ငြိမ်း) (မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်) - ဒေါ်အေးအေးဝ (အထက-၁၊ ဒဂုံ)၊ ဦးသက်လွင်၊ ဦးကျော်စိုး-ဒေါ်မီးမီး၊ ဒေါ်ငွေငွေဦး(အမက-၆၊ ကျောက်တံတား)တို့၏အစ်မ၊ မောင်ဇော်ထွန်းအောင်-မသက်သက်နွယ်၊ မောင်အောင်စိုးဝင်းတို့၏မိခင်သည် ၂-၁၀-၂၀၁၇ရက်(တနင်္လာနေ့) ညနေ ၃း၃၀နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစောအောင် (ရဲတပ်ကြပ်၊ ငြိမ်း)
**နာရေးကူညီမှုအသင်းဝင်(စစ်တွေ)**
**အသက်(၅၉)နှစ်**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဘောက်သီးစုရပ်ကွက်၊ရွာကြီးလမ်းနေ ဦးစောအောင်သည် ၃၀-၉-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါ၍ ၁-၁၀-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာကျိတ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ/သားများသိစေအပ်ပါသည်။ နာရေးကူညီမှုအသင်း(စစ်တွေ)

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာနေဝင်းဦး
**အသက်(၅၈)နှစ်**

မြင်းခြံမြို့နေ ဦးခင်မောင်ထွေး - ဒေါ်ကြည်တို့၏ သား၊ ဒေါက်တာနီလာစိန့်၏ ခင်ပွန်းသည် ၁-၁၀-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြင်းခြံမှ ငယ်သူငယ်ချင်းတစ်စု**
**ဦးသန်းထွန်း၊ ဦးအောင်ကြီး**
**ဦးစိုးသိန်း၊ ဒေါက်တာနေဝင်းရှိန်**

## တစ်လပြည့်ဆွမ်းကျွေးတရားတော်နာဖိတ်ကြားလွှာ

ကွယ်လွန်သူ ကိုထွန်းထွန်းလင်း(ခ)ကိုထွန်းလင်း (အောင်ဝင်းထွန်း သံထည်အဆောက်အအုံနှင့် အိမ်အလှဆင်လုပ်ငန်း)အား ရည်စူး၍ ကျန်ရစ်သူမိသားစုမှ ဘုရားအမှူးရှိသော ပင့်သံဃာအရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်း၊ ဆေးနှင့် လှူဖွယ်ဝတ္ထုအစုစုတို့အား ဆက်ကပ်လှူဒါန်းခြင်း ကောင်းမှုကုသိုလ်အဝဝတို့ကို အမျှပေးဝေကာ တရားတော်နာယူမည်ဖြစ်ပါသောကြောင့် ၅-၁၀-၂၀၁၇ရက်၊ သီတင်းကျွတ်လပြည့်နေ့ (ကြာသပတေးနေ့) နံနက် ၅နာရီမှ မွန်းတည့် ၁၂နာရီအထိ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ၃လမ်း၊ တိုက် ၂၊ မြေညီထပ်(A)နှင့် ပထမထပ်(A)သို့ ကြွရောက်ကြပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အဘိုး-အဘွားများ** -(ဦးချန်ထွန်း-ဒေါ်လှ)၊ ဦးအောင်ခင်-(ဒေါ်ဝင်း)
**မိဘ** -ဦးအေးမြင့်-ဒေါ်နွဲ့ရီ
(အောင်ဝင်းထွန်း သံထည်အဆောက်အအုံနှင့် အိမ်အလှဆင်လုပ်ငန်း)
-ဦးဘမြင့်(ရပ်ကွက်အုပ်ချုပ်ရေးမှူး)-(ဒေါ်နွဲ့)
**ဇနီး** -မအေးသန္တာမြင့်
**သားများ** -မောင်လူမင်းအေး
(အထက-၃၊ ဒဂုံကျောင်းသားဟောင်း)
-မောင်အာကာမင်း
(Primary-1, GENIUS Private School)

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၃၁၂/ခ၊ မြေကွက်တည်နေရာ(၃၁၂/ခ)၊ ကောလိယလမ်း ၃၀၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဒေါ်အုံးကြည် PYU -၀၃၇၉၅၂) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်အုံးကြည်သည် ၂၃-၂-၂၀၀၄ရက်တွင်လည်းကောင်း၊(ခင်ပွန်း)ဦးကျော်လှိုင်သည် ၉-၇-၁၉၉၂ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့်ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၅၄၁၈/၁၅ (၂၁-၈-၁၅)ဖြင့် ရရှိသူ ဒေါ်မြင့်ကြည် ၁၂/ဥကတ(နိုင်)၀၆၃၂၆၁မှ(မိခင်)တော်စပ်သူ ဒေါ်အုံးကြည် အမည်ပေါက် ဂရန်မူရင်းသည် နေအိမ်တွင် သိမ်းဆည်းထားခဲ့ရာမှ (၂၀၀၈) ခုနှစ် မေလကတိုက်ခတ်သောနာဂစ်မုန်တိုင်းတွင်ပျောက်ဆုံးခဲ့ကြောင်း၊ အခြားသူတစ်ဦးတစ်ယောက်သို့ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ မေတ္တာဖြင့် ပေးကမ်းစွန့်လွှတ်လှူဒါန်းခြင်းများ မရှိကြောင်း တောင်ဥက္ကလာပ မြို့နယ်တရားရုံး မြို့နယ်တရားသူကြီး ဒေါ်ခင်ခင်အေး (တ/၂၆၀၂) ရှေ့မှောက်တွင် ကျိန်ဆိုသောကျမ်းကျိန်လွှာအမှတ် ၁၅၈/၂၀၁၇ (၂၈-၄-၂၀၁၇)ဂရန်ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် တစ်ထပ်ပျဉ်ထောင်အိမ်တစ်လုံးရှိပြီး လျှောက်ထားသူကိုယ်တိုင်နေထိုင်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ဒေါ်မြင့်ကြည် ၁၂/ဥကတ(နိုင်)၀၆၃၂၆၁၏ ဂရန်ပျောက်ဆုံးသဖြင့် ဂရန်မိတ္တူလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/5247 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/9513 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဒေါ်ခင်စိန်
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၀လမ်းနေ (ဦးဘနောင်-ဒေါ်နှင်းကျင်)တို့၏သမီး၊ (ဦးမောင်မောင်)၏ညီမ၊ ဒေါ်သင်းအိ၊ (ဒေါ်ခင်ဝင်း)တို့၏အစ်မ၊ ဒေါ်ခင်လှစီ-ဦးသန်းဌေး၊ ဒေါ်ခင်မာမာ-ဦးမောင်မောင်ကြည်တို့၏မိခင်၊ မြေးငါးယောက်၊ မြစ်ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၂၄-၉-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁၂း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ထားရင်
**(မြိတ်-အရှေ့မော်တုန်း)**
**အသက်(၈၇)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ အရှေ့မော်တုန်းရွာနေ (ဦးဖိုးချွန်-ဒေါ်သိန်းမေ)တို့၏သမီး၊ (ဦးကြီးညွန့်-ဒေါ်ကြီးမြင်)တို့၏သမီးချွေးမ၊ (ဦးခင်လှ)၏ဇနီး၊ မြိတ်မြို့၊ ဘုရားငါးဆူစာသင်တိုက် အရှင်ဣန္ဒောဘာသ၏မယ်တော်၊ မြိတ်မြို့၊ ကန်စွန်းအင်းရပ်ကွက်နေ (ဦးမောင်ဝင်း)-ဒေါ်ရီတင်၊ ဦးလွန်းရီ(ပညာရေးမှူး၊ ငြိမ်း) - ဒေါ်နုကြည်၊ ဗိုလ်မှူး-ကြီးရင်(ငြိမ်း) - ဒေါ်ထွေးထွေးလှ၊ ဦးမောင်လွင်-ဒေါ်အေးကြူ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ နေပြည်တော် ကောင်စီလမ်းနေ ဗိုလ်ကြီးလှညွန့်(ငြိမ်း)-ဒေါ်မြတ်သီတာကို (ရွှေထိုက်တန်ကုမ္ပဏီ)၊ မြိတ်မြို့၊ ကန်စွန်းအင်းရပ်ကွက်နေ ဦးသန်းထွန်းအောင်-ဒေါ်လေးတင်၊ ဦးဇော်ဇော်လင်း-ဒေါ်စိုးစိုးနွယ်(မြိတ်တက္ကသိုလ်)တို့၏မိခင်၊ မြေး ၂၅ယောက်၊ မြစ်ငါးယောက်တို့၏ဘွားဘွားကြီးသည် ၁-၁၀-၂၀၁၇ရက် ညနေ ၅း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် မြိတ်မြို့ ကလွင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဟန်ထွန်း
**မြင်းခြံမြို့နယ်အသင်း (ရန်ကုန်) ဥက္ကဋ္ဌဟောင်း**
**စက်ရုံမှူး(ငြိမ်း)ဂျုံလုပ်ငန်း(စစ်ကိုင်း)**
**ယခင်ဗာဂျီးနီးယားဆေးလုပ်ငန်း(မန္တလေး)**
**အသက်(၈၀)**

ဒေါ်မြမြ(၁၄-အထပြ-ငြိမ်း)၏ခင်ပွန်း၊ မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)၏ ဥက္ကဋ္ဌဟောင်း ဦးဟန်ထွန်းသည် ၂၉-၉-၂၀၁၇ရက်တွင် ဘန်ကောက်မြို့၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
## ဒေါ်ရီရီမြင့်(ခ)ဒေါ်ရှိစီဖေရင် (မိတ္ထီလာ)
**အသက်(၇၄)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်နေ (ဦးဖေရင်-ဒေါ်မေကြိုင်)တို့၏သမီး၊ (ဦးညိုလှ-ဒေါ်သန်း)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ၅၆လမ်းသွယ်၊ သုခလမ်း၊ အမှတ် ၄၂နေ (ဗိုလ်မှူးဖေသိန်း)(စည်သူ-၃၅) အားကစားကလောင်ရှင်၏ချစ်လှစွာသောဇနီး၊ ဦးဆန်းဝင်းညို-ဒေါ်စုစုလှိုင်၊ ဦးမျိုးအေးသိန်း(ရေကြောင်းပြမှူးကြီး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်ချောချောစု၊Capt-ဇော်မြင့်နိုင်(ES Shipping Co.,Ltd Singapore)-ဒေါ်ခင်မိုးသူ၊ ဦးဝေဇင်ဦး(C/O, St. JOHNS Shipmanagement Ltd)-ဒေါ်သဥ္ဇာဦးတို့၏ချစ်လှစွာသောမိခင်၊ မောင်မင်းခန့်ကျော်၊ မောင်စိုင်းလင်းသန့်မောင်၊ မသုမွန်ဟန်၊ မဖြူစင်ဝင်းသန့်၊ မစောခမ်းဟွမ်၊ မစုမြတ်ဝင်းထက်တို့၏အဘွားသည် ၂၉-၉-၂၀၁၇ရက် (သောကြာနေ့) ညနေ ၃း၅၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၇ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁၀-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ရေတွင်း ဒါယိကာမကြီး
## ဒေါ်စန်းကြည် (ရေကြည်)
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ဗြဟ္မစိုရ်လမ်း၊ အမှတ် ၈၈၄/ခနေ ဦးမျိုးမင်း(ယူကလစ်မြိုင်ကုမ္ပဏီလီမိတက်)-ဒေါ်မြအင်ကြင်းဝင်း၊ ဦးထိန်လင်း-ဒေါ်လှနုကြည်တို့၏မိခင်၊မောင်ဖြိုးစည်ဟိန်း၊မောင်ဟိန်းမင်းထက်၊ မသက်ရှုပါလင်း၊ မမြသဥ္ဇာလင်းတို့၏အဘွားသည် ၂-၁၀-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ကျောင်း၊ လမ်း ဒါယကာကြီး
## ဦးမောင်မောင်(ခ) ချန်ကော့ကျန်
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂)ရပ်ကွက်၊ ၁၈လမ်း၊ အမှတ် ၇၇/၈၉၊ အခန်း ၁၀၄နေ (ဦးမောင်ဟန်-ဒေါ်ကျင်ရွှေ)၊ (ဦးစွန်ဗုက်-ဒေါ်ကျင်အေး)တို့၏သားသမက်၊ ဒေါ်ခင်သူဇာ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်ဝင်း-မကေသွယ်နိုင်၊ကိုကျော်မိုးဟိန်း၊ မောင်နေဇော်ထက်၊ မဖြူဖြူခိုင်တို့၏ဖခင်သည် ၂-၁၀-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၈-၁၀-၂၀၁၇ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသန်းအောင်
**ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်**
**(ရန်ကုန်တိုင်းဒေသကြီး၊ ဒုဥက္ကဋ္ဌ)**
**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊သုနန္ဒာ ၁၃လမ်း၊ အမှတ် ၁၈၄နေ(ဦးငထီး)-ဒေါ်မခင်တို့၏သား၊ ဦးစောအေး - (ဒေါ်မစော)တို့၏သားသမက်၊ ဦးစိန်အေး-ဒေါ်သန်းခင်၊ ဒေါ်သန်းမြင်၊ ဦးသန်းဝင်း-ဒေါ်တင်ရွှေတို့၏အစ်ကို/မောင်၊ ဒေါ်သန်းသန်းရီ(သူနာပြု၊ ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ မခင်ငြိမ်းငြိမ်းခိုင် (MUEG Co.,Ltd.)၊ မရွှန်းလဲ့ဝေ (Pukyoung National University, South Korea) ၏ချစ်လှစွာသောဖခင်သည် ၁-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၇ရက်(အင်္ဂါနေ့)ညနေ ၄နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းမြ (စစ်တွေ)
**အသက်(၈၆)နှစ်**

စစ်တွေမြို့၊ ကျောင်းတတ်လမ်းရပ်ကွက်၊ ဦးအောင်ထွန်းဦးလမ်းနေ ဦးမောင်ခို-ဒေါ်အောင်ကြွဦးတို့၏သမီး၊ (ဦးစံရွှေသိန်း)၏ဇနီး၊ (ဦးထွန်းလှိုင်)-ဒေါ်မကျင်မေ၊ (ဦးအောင်ကျော်သိန်း)-ဒေါ်အုန်းသာ၊ (ဦးရဲထွန်း)-ဒေါ်စံစံအေး၊ ဦးသန်းအောင်-ဒေါ်အေးအေး၊ ဒေါက်တာမြတ်သာအောင်-ဒေါ်အုံးရီ၊ ဦးကျော်လှသိန်း-ဒေါ်နုဖြူ၊ ဦးအေးကျော်-ဒေါ်တင်တင်ရွှေတို့၏မိခင်၊မြေး ၁၈ယောက်တို့၏အဘောင်ရှင်၊ မြစ် ၁၀ယောက်တို့၏အဖီးရှင်သည် ၁-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၆း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၁၀-၂၀၁၇ရက် (အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာကျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
## ဒေါ်ခင်အေး
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၁ လမ်းအလယ်၊တိုက် ၁၃၀၊ အခန်း ၁၀၄ နေ (ဗိုလ်မှူးကြီးခင်မောင်ထိန်)၏ဇနီး၊ ဦးစိန်မင်း-ဒေါ်ခင်ဝင်းအေး၊ ဦးဝင်းထိန်-ဒေါ်ဝါဝါဘုန်းတို့၏မိခင်၊ ဦးသန်းထွေး-ဒေါ်ခင်စန်းနွဲ့တို့၏အစ်မ၊ မမိုးစုထိန်၊ ကိုရဲမင်းထွန်း-မစုမွန်လွင်၊ မသီရိထိန်၊ကိုဒဲရစ်ထက်ဒိုး-မစောမာလာဝင်း၊ ကိုသူရိန်ကိုကို-ဒေါက်တာသီရိဝင်းထိန်တို့၏အဘွား၊ ဦးရဲမျိုးအောင်-ဒေါ်စိမ်းခက်လယ်၊ ဦးဇော်ဝင်း-ဒေါ်ချောစုထွေး၊ ဗိုလ်မှူးဖြိုးစည်သူဝင်း - ဒေါ်စုဖြိုးမွန်တို့၏ကြီးကြီး၊ မောင်စွမ်းထက်တိုး၊ မမေကြည်ဖြူထက်၊ မောင်ဘုန်းပြည့်စုံတို့၏ဘွားဘွားကြီးသည် ၂-၁၀-၂၀၁၇ ရက်(တနင်္လာနေ့)နံနက် ၅း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၄-၁၀-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၈-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်ဖွားအေး (ကော့သောင်း)
**အသက်(၈၄)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ ရွှေဟင်္သာရပ်ကွက်၊ ရွာမလမ်းနေ (ဦးကျော်သောင်း)၏ဇနီး၊ ဒေါ်ခင်နွဲ့၊ ဒေါ်နွဲ့နွဲ့ဝင်း၊ ဒေါ်သန်းသန်းဝင်း (အလကခွဲ၊ အဏ္ဏဝါ)၊ ဒေါ်ရွှေရွှေဝင်း၊ (ဦးဗိုလ်မျိုး)၊ ဦးကျော်မျိုး၊ ဒေါ်ညိုညိုဝင်း၊ ဒေါ်ဝါဝါဝင်း၊ ဒေါ်ခိုမာဝင်းတို့၏မိခင်သည် ၂၉-၉-၂၀၁၇ရက်(သောကြာနေ့)ည ၈း၄၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင်နေအိမ်မှကော့သောင်းမြို့ ရွှေပြည်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ အသင်းသား/အသင်းသူများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

## ဒေါ်သက်သက်မော်(ခ)မမိုး
**အသက်(၄၇)နှစ်**

မုဒုံမြို့နယ်၊ ကော့ပရံကျေးရွာနေ ဦးစံဝင်း-(ဒေါ်သောင်းရင်)တို့၏ သမီး၊ ဦးသောင်းစိန်-(ဒေါ်လှရှင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊အမှတ် ၄၂၊ သုံးလွှာ၊ စိတ္တသုခလမ်း၊ကျောက်မြောင်း၊တာမွေမြို့နယ်နေ မဖူးပွင့်အောင်၊ မမူမူအောင်၊ မောင်အောင်ပိုင်ဖြိုးတို့၏မိခင်၊ ဦးမျိုးအောင် (ခ) ဦးညွန့်ဝင်း၏ ဇနီးသည် ၁-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၆း၀၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၇ ရက်(အင်္ဂါနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၁၀-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်ဇော
**အသက်(၉၆)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ် ၁၀၉/၃နေ (ဒေါ်ခင်ခင်အေး)၏ခင်ပွန်း၊ ဦးသိန်းမြင့်-ဒေါ်ခင်သန်းနု၊ ဦးကျော်သိန်း-ဒေါ်ယုဇန၊ ဒေါ်ခင်မျိုးဇော်တို့၏ဖခင်၊ မြေးငါးယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၂-၁၀-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၁၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကြာဦး(ခ)ရင်မိုရင်
**(တံဟွာ စက်ပစ္စည်းဆိုင်၊ တောင်ကြီးမြို့)**
**အသက်(၉၀)**

တောင်ကြီးမြို့၊ ကန်အရှေ့ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ် ၁၄၃နေ ဒေါ်သန်းဝေ၏ခင်ပွန်း ဦးကြာဦး(ခ)ရင်မိုရင် အသက်(၉၀)သည် ၂၉-၉-၂၀၁၇ရက်(သောကြာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Good Brothers' Co.,Ltd မိသားစု**

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## Anselm ဦးမောင်မောင်ခင်
**(၃၆)လမ်းကြေးအိုးဘုရင်**
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊(၁၀)ရပ်ကွက်၊ ၄၇လမ်း၊ အမှတ် ၁၃၆ နေ (ဦးရှင့်-ဒေါ်ကြည်ရင်)တို့၏သား၊ Anna Khoo ဒေါ်အမာ၏ချစ်လှစွာသော ခင်ပွန်း၊ ဦးတင်ဦး-ဒေါ်စီစီဝင်း(ဗိုလ်မြတ်ထွန်းလမ်း-ကြေးအိုးဘုရင်)၊ ဦးတင်ထွန်း-ဒေါက်တာမွန်မြတ်အေး(စဥ့်အိုးတန်း-ကြေးအိုးဘုရင်)၊ ဦးတင်မြင့်-ဒေါ်လှလှနွယ်(၂၇လမ်း-ကြေးအိုးဘုရင်)၊ ဒေါက်တာတိုးနိုင်-ဒေါ်ခင်မာချို(ခေတ္တ-USA)၊ ဒေါ်ခင်မာလာ(၃၆လမ်း-ကြေးအိုးဘုရင်)တို့၏ ချစ်လှစွာသောဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၇း၅၉ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃-၁၀-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ဗိုလ်အောင်ကျော်လမ်းရှိ စိန့်မေရီဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးဝင်းမြင့် (ဒုတိယရဲမှူးကြီး၊ ငြိမ်း)
**ပြင်ဦးလွင်မြို့**
**အသက်(၈၃)နှစ်**

ပြင်ဦးလွင်မြို့၊ မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရား ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဒုတိယရဲမှူးကြီး ဝင်းမြင့် (အငြိမ်းစား)သည် ၂၈-၉-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဂေါပကအဖွဲ့နှင့်ဝန်ထမ်းများ**
**မဟာအံ့ထူးကံသာဘုရားကြီး၊ ပြင်ဦးလွင်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဟန်ထွန်း
**မြင်းခြံအသင်း ဥက္ကဋ္ဌဟောင်း**
**စက်ရုံမှူး(ငြိမ်း)၊ ဂျုံလုပ်ငန်း(စစ်ကိုင်း)**
**ယခင်ဗာဂျီးနီးယားဆေးလုပ်ငန်း(မန္တလေး)**
**အသက်(၈၀)**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ Millenium Residence,Tower A, 110/36,Sukhumvit Soi-20,Sukhumvit Road,Klong Toey, Bangkok, 10110, Thailand နေ ဒေါ်မြမြ (၁၄-အထပြ-ငြိမ်း)၏ ခင်ပွန်း၊ ဒေါက်တာခင်သီထွန်း၏ဖခင်၊ စုဝတီဟန်ထွန်း၏အဘိုး ဦးဟန်ထွန်းသည် ၂၉-၉-၂၀၁၇ရက် (သောကြာနေ့)တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့**
**Shwe Taung Group**

## ဒေါက်တာမောင်မောင်ထွန်း (ပဲခူး)
**အသက်(၆၉)နှစ်**

ပဲခူးမြို့၊ လိပ်ပြာကန်ရပ်ကွက်၊ သနပ်ပင်လမ်း၊ အမှတ် ၅၄၅နေ (ဦးပု-ဒေါ်သန်း)တို့၏သား၊ ဦးသိန်းအောင်-ဒေါ်ခင်ခင်မူ (တိုကျိုတည်းခိုခန်း)တို့၏ မောင်၊ ဦးထင်အောင်-ဒေါ်ခိုင်ခိုင်စိုး၊ ဦးထင်ကျော်-ဒေါ်ဇင်မာထွန်း(လင်းဝတီ-မိုဘိုင်းဖုန်းဆိုင်)၊ မောင်ဖိုးခွားတို့၏ဦးလေးသည် ၁-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၇ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဟန်ဝင်းအောင် (အလုပ်အမှုဆောင်)
**မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း**
**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သံသုမာလမ်း၊ မြန်မာ့ဂုဏ်ရည်အိမ်ရာဝင်း၊ အမှတ် ၆၄နေ ဒေါ်နှင်းဥမ္မာထွန်း၏ချစ်လှစွာသောခင်ပွန်း၊ မပြည့်ပြည့်မြတ်ဘုန်းဟန်(ခေတ္တ-စင်ကာပူ)၏ဖခင်သည် ၂၉-၉-၂၀၁၇ရက် ဘန်ကောက်စံတော်ချိန် ညနေ ၄း၄၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (အသင်းရုံးမှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

အလုပ်အမှုဆောင်အဖွဲ့

# အကြမ်းဖက်အုပ်စု၏ လက်ချက်ဖြင့် သေဆုံးခဲ့ရသော ဒေသခံတိုင်းရင်းသားများနှင့် ဟိန္ဒူလူမျိုးများအတွက် အထူးဝမ်းနည်းကြေကွဲကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်မှ သဘောထားကြေညာချက်ထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၂**

ရခိုင်ဒေသတွင် အကြမ်းဖက်အုပ်စု ARSA ၏ လက်ချက်ဖြင့် သေဆုံးခဲ့ရသော ဒေသခံတိုင်းရင်းသားများနှင့် ဟိန္ဒူလူမျိုးများအတွက် အထူးဝမ်းနည်းကြေကွဲကြောင်းနှင့် ကျန်ရစ်သူ မိသားစုများ ပြန်လည်ထူထောင်ရေးနှင့် ဘဝလုံခြုံရေးအစီအမံများ ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း သဘောထားကြေညာချက်ကို မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က အောက်တိုဘာ ၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းသဘောထားကြေညာချက်တွင် မကြာသေးမီက ဖြစ်ပွားခဲ့သော ရခိုင်ပြည်နယ်၊ မောင်တောဒေသတွင် (ARSA) အကြမ်းဖက်အုပ်စု၏ အကြမ်းဖက်မှုလုပ်ရပ်များကြောင့် ဒေသခံ ရခိုင်တိုင်းရင်းသားများ၊ ဌာနဆိုင်ရာ ပြည်သူ့ဝန်ထမ်းများနှင့် ဟိန္ဒူလူမျိုးအချို့လည်း သေဆုံးဒဏ်ရာရခဲ့ကြကြောင်း။

အဆိုးရွားဆုံးဖြစ်ရပ်မှာ ဟိန္ဒူလူမျိုးများ ရွာလုံးကျွတ် အစုလိုက်အပြုံလိုက် ရက်ရက်စက်စက် အသတ်ခံခဲ့ရကြောင်း။ ဟိန္ဒူလူမျိုးအချို့ကိုလည်း တစ်ဖက်နိုင်ငံသို့ အလိုမတူဘဲ ခြိမ်းခြောက်ခေါ်ဆောင်သွားခဲ့ကြကြောင်း။

ထိုသို့ပြုမူခြင်းအတွက် (ARSA) အကြမ်းဖက်အုပ်စုကို ပြင်းထန်စွာရှုတ်ချကြောင်း၊ အဆိုပါလုပ်ရပ်အတွက် မြန်မာနိုင်ငံအတွင်းရှိ ဟိန္ဒူဘာသာဝင်များက သေဆုံးသူများ၏ မိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မိသားစုဝင်များ လူမဆန်စွာ ရက်ရက်စက်စက် အသတ်ခံရသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပြီး ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်အနာတရဖြစ်ရသော ကျန်ရစ်သူ မိသားစုများကိုလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့် ပူးတွဲလုပ်ကိုင်လိုပါကြောင်း။

*စာမျက်နှာ ၅ ကော်လံ ၁*



# ARSA အား မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံလုံး၏ဘုံရန်သူအဖြစ်ခံယူ

**နေပြည်တော် အောက်တိုဘာ ၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Abdul Hassan Mahmood Ali ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့သို့ အောက်တိုဘာ ၁ ရက်မှ ၃ ရက်အထိ သွားရောက်လျက်ရှိပြီး ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျလည်း လိုက်ပါသွားသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Abdul Hassan Mahmood Ali နှင့် အောက်တိုဘာ ၂ ရက်တွင် တွေ့ဆုံကာ မကြာသေးမီက ရခိုင်ပြည်နယ်၌ နေထိုင်သူများ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ဖြတ်ကျော်ဝင်ရောက်ခဲ့မှုများအား ဖြေရှင်းရေးကိစ္စရပ်နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)** အဆိုပါတွေ့ဆုံမှုသို့ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ပြည်ထဲရေးဝန်ကြီး H.E. Mr. Asaduzzaman Khan ၊ ဝန်ကြီးချုပ်ရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာ ၁၉ ရက်တွင် ပြောကြားခဲ့သည့်အတိုင်း မြန်မာနိုင်ငံအနေဖြင့် ဒုက္ခသည်များအား စိစစ်ရန်နှင့် ပြန်လည်ပို့ဆောင်ရန်ကိစ္စများ ဆောင်ရွက်သွားရန် အသင့်ရှိကြောင်း ထပ်လောင်းအတည်ပြုပြောကြားခဲ့ပြီး ၁၉၉၂ ခုနှစ် ဧပြီ ၂၈ ရက်က နှစ်ဖက်နိုင်ငံခြားရေးဝန်ကြီးများ ထုတ်ပြန်ခဲ့သည့် ပူးတွဲကြေညာချက်ပါ သတ်မှတ်ချက်များအတိုင်း ၁၉၉၂ ခုနှစ် စက်တင်ဘာမှစ၍ ၂၀၀၅ ခုနှစ် ဇူလိုင်အထိ အိမ်ထောင်စု ၄၆၉၉၃ စုမှ လူဦးရေ ၂၃၆၄၉၅ ဦးအား

*စာမျက်နှာ ၇ ကော်လံ ၁*

# ဒီပါဝလီနေ့ကို ရုံးပိတ်ရက်အဖြစ် ကြေညာ

**နေပြည်တော် အောက်တိုဘာ ၂**

၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက် (၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၈ ရက်) ဗုဒ္ဓဟူးနေ့သည် **"ဒီပါဝလီနေ့"**ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာလိုက်သည်။

# အမေရိကန်နိုင်ငံမှ ဆရာဝန်ကြီးများ နှုတ်ခမ်းကွဲ အာခေါင်ကွဲ ကလေးငယ်များအား အခမဲ့ကုသပေး

**သတင်း-အေကေလင်း၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် အောက်တိုဘာ ၂**

အမေရိကန်နိုင်ငံ Alliance for Smiles Organization နှင့် ဝိတိုရိယကျန်းမာရေး ထောက်ပံ့ကူညီစောင့်ရှောက်ရေးဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ အောက်တိုဘာ ၂ ရက်မှ ၁၃ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်းရှိ မွေးရာပါ နှုတ်ခမ်းကွဲ အာခေါင်ကွဲ ကလေးများအား ဝိတိုရိယဆေးရုံ၌ အခမဲ့ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲ ၁ နာရီက အဆိုပါဆေးရုံ၌ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံအတွင်းမှာနေထိုင်တဲ့ တိုင်းရင်းသားမှန်သမျှ လူမျိုးမရွေးဘာသာမရွေး ကုသပေးပါတယ်။ ဒီနေ့ကလေးတွေကို ကျန်းမာရေးစစ်ဆေးမှုတွေ လုပ်ပါတယ်။ ကလေးတွေက နှာခေါင်းကနေ နှုတ်ခမ်းကွဲရှိတယ်။ တချို့က နှုတ်ခမ်းကွဲတစ်ခုရှိတယ်။ တချို့က နှုတ်ခမ်းရော အာခေါင်ရော ကွဲတဲ့သူရှိပါတယ်။

*စာမျက်နှာ ၇ ကော်လံ ၃*



## အနည်းဆုံးအခကြေးငွေသတ်မှတ်မှု တစ်ရက်လျှင် ငွေကျပ် ၄၀၀၀ နှင့် ၄၈၀၀ ကြား အတည်ပြုနိုင်ရေး အမျိုးသားကော်မတီ ညှိနှိုင်းအဆိုပြု

စာမျက်နှာ-၇

## ရွှေဘိုမြို့၌ သမီးရည်းစားစုံတွဲထံမှ ဓားထောက်လုယက်သူများအား ၂၄ နာရီအတွင်း ဖမ်းဆီးရမိ

စာမျက်နှာ-၁၂

